www.free4reader.com



ဆယ်တန်းဖြေဖို့
ပျက်ကွက်သူ ၅၅,၀၀၀ ကျော်ရှိ
စာ-၂၆

# မော်ဒန်

စီးပွားရေးသတင်းဂျာနယ်



ငြိမ်း၊ စု၊ စီ ဥပဒေပြင်ဆင်ချက်တွေ
အမျိုးသားလွှတ်တော် အတည်ပြု
စာ-၂၃

အမှတ် ၆၀၃ | The Modern Weekly | ၉ မတ် ၂၀၁၈၊ သောကြာနေ



# ဖူဆယ်ကွင်းများ စီးပွားဖြစ်

စာ-၆,၇

ဆန်စပါးကဏ္ဍ
ဖွံ့ဖြိုးတိုးတက်ဖို့
အချက်သုံးချက်
ဦးစားပေးလုပ်ဆောင်မည်



စာ-၁၁

သည်တစ်ပတ်
သည်နေရာ
သည်တင်ဒါ
တွေ ရှိတယ်



စာ-၂၀

ကျွန်မနာမည်
မိမိပြုံး၊
တက္ကစီမောင်းပါတယ်
စာ-၂၄



အောင်ဆန်းကွင်း
ဆိုင်ခန်းငှားခ
တိုးမြှင့်မည်
စာ-၂



www.free4reader.com





သင်္ကြန်မတိုင်ခင် ကတည်းက မဏ္ဍပ်လက်မှတ်တွေကို မဏ္ဍပ်အချို့ ကရောင်းချနေပြီဖြစ်ရာ အများစုက ရောင်းထွက်နေတာကို တွေ့ရပါတယ်။

ခြံပိုင်ရှင်တွေနဲ့ မြေငှားပြီး ဆောက်စရာမလိုတော့ဘူးလို့ သိရပါတယ်။ မဏ္ဍပ်အကျယ်အဝန်းကလည်း အရင်ကလောက် နေရာ သိပ်မကျယ်တာကြောင့် လူဦးရေ လျှော့ချဖို့ လက်မှတ်တွေကို အကန့်အသတ်နဲ့သာ ရောင်းချမှာဖြစ်ကြောင်း အော်ဂနိုက်ဇာ အချို့ ရဲ့ အဆိုအရ သိရတယ်။

'အင်းယားကန်ဘောင်ဘက် မျက်နှာချင်းဆိုင် ပေးမယ်ထင်တယ်ဆိုတော့ နေရာနည်းနည်းကျဉ်းမယ်ထင်တယ်၊ လက်မှတ်ကို အကန့်အသတ်နဲ့ ရောင်းမှာပါ၊ အရင်က ၃၀၀၀ ကျော်ပေါ့၊ အခုကတော့ ၂၀၀၀ ကျော်လောက်ပဲ ရောင်းဖို့ရှိတယ်၊ နေရာချပေးတဲ့ အနေအထားပေါ် မူတည်တာပေါ့၊ ပါမစ်က ၁၅ရက်နေ့လောက်ကျမယ်၊ နေရာသိပ်မရရင် အရင် ၂၀၁၅ လိုပုံစံလုပ်မယ်'လို့ Barrack က မဏ္ဍပ်စီစဉ်သူ တစ်ဦးဖြစ်တဲ့ ကိုကောင်းကောင်းက ဆိုပါတယ်။

တခြားမဏ္ဍပ်တွေလည်း နေရာအနေအထားကြောင့် လက်မှတ်တွေကို အရင်လိုများများစားစား မရောင်းချတော့ဘဲ အကန့်အသတ်နဲ့သာ ရောင်းချမှာ ဖြစ်ကြောင်း သိရပါတယ်။

ဒါ့အပြင် မဏ္ဍပ်လက်မှတ်ဈေးတွေကိုလည်း အွန်လိုင်းမှာ ကြေညာထားတဲ့နှုန်းထားအတိုင်းသာ ရောင်းချရမှာဖြစ်ပြီး အဲသည်ဈေးထက်ပိုရောင်းခွင့် မရှိကြောင်း အော်ဂနိုက်ဇာအချို့က ဆိုထားပါတယ်။ အရင် ၂၀၁၅ခုနှစ် သင်္ကြန်အထိ မဏ္ဍပ်လက်မှတ်နှုန်းထားတွေက မတည်ငြိမ်ဘဲ ဈေးအတက်အကျ အလျှော့အတင်းတွေက အရမ်းကွာခြားခဲ့ကြောင်း လူငယ်တစ်ဦးက ဆိုပါတယ်။

၂၀၁၅သင်္ကြန်အထိ မဏ္ဍပ်တချို့မှာဆိုရင် လက်မှတ်ဈေးတွေကို All day (ရက်အားလုံး)ကို မူရင်းဈေးထက် တစ်ဆခွဲ နှစ်ဆအထိ တိုးမြှင့်ရောင်းချတာတွေ ရှိခဲ့သလို လူအရမ်းကျပ်လွန်းတယ်လို့ နာမည်ထွက်ခဲ့တဲ့ နာမည်ကြီးမဏ္ဍပ်တစ်ခုဟာဆိုရင် နောက်ဆုံးအဓိက အတက်နေ့ရက်အတွက် အဲသည်နေ့လာဝယ်ယူတဲ့သူတွေကို ကျပ်တစ်သိန်းနီးပါးအထိ တိုးမြှင့်ရောင်းချခဲ့တဲ့ အထိဖြစ်ခဲ့ပါတယ်။

အဲသည်နှစ်တွေကဆိုရင် ပုံမှန်လူဦးရေထက် ပိုပြီးတင်ခဲ့တာကြောင့် လူကျပ်လွန်းတဲ့ပြဿနာတွေ၊ မဏ္ဍပ်စင်ယိုင်တဲ့ ပြဿနာတွေပါ ကြုံတွေ့ခဲ့ရကြောင်း မဏ္ဍပ်မှာဆော့ကစားခဲ့တဲ့ လူငယ်တစ်ဦးရဲ့ ပြောပြချက်အရ သိရပါတယ်။ ဒါ့အပြင် မဏ္ဍပ်လက်မှတ်တွေကို အဆမတန် တိုးမြှင့်ရောင်းချခဲ့သူတချို့နဲ့လည်း ပြဿနာတက်တဲ့အဖြစ်မျိုးတွေ ကြုံတွေ့ခဲ့ရတာကြောင့် မဏ္ဍပ်စီစဉ်သူ တချို့က လက်မှတ်တွေကို အကန့်အသတ်နဲ့သာ ရောင်းချမှာဖြစ်ကြောင်း ကြေညာထားတာဖြစ်ပါတယ်။

## ဆွဲဆောင်

အခုဆိုရင် သင်္ကြန်မတိုင်ခင် တစ် လကျော်ကျော်ကတည်းက မဏ္ဍပ်လက်မှတ်တွေကို မဏ္ဍပ်အချို့ က ရောင်းချနေပြီဖြစ်ရာ အများစုက ရောင်းထွက်နေတာကို တွေ့ရပါတယ်။ သည်လိုရောင်းထွက်ရတဲ့ အကြောင်းအရင်းကလည်း မဏ္ဍပ်ပေါ်မှာ အဓိကဖျော်ဖြေတင်ဆက်မယ့် နာမည်ကြီး ဒီဂျေသမားတွေကြောင့်လည်း ဝယ်ယူသူတွေကို ဆွဲဆောင်နိုင်တယ်လို့ သုံးသပ်နိုင်ပါတယ်။

နာမည်ကြီး TMF(Thingyan music Festival) ဟာဆိုရင်လည်း ပြီးခဲ့တဲ့ နှစ်ကသူ့ရဲ့ပေ့ချ်မှာ Headliner တွေကို ကမ္ဘာကျော် Yellow Claw လိုနာမည်ရနိုင်ငံတကာ ဒီဂျေသမားတွေကို ငှားရမ်းကြော်ငြာခဲ့တာကြောင့် သုံးစွဲသူတွေက စိတ်ဝင်စားပြီး လက်မှတ်တွေအပြိုင်ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။

နောက်ပြီး ဖေ့စ်ဘုတ်ခ်ပေ့ချ်တွေမှာ မဏ္ဍပ်တချို့ရဲ့ ကြေညာထားချက်အရ ဒီဂျေသမားတွေကို နိုင်ငံတကာနဲ့ ပြည်တွင်းပြည်ပ နာမည်ရ ဒီဂျေသမားတွေနဲ့ တင်ဆက်မှာဖြစ်ကြောင်း သိရပါတယ်။

နောက်တစ်ချက်က ကြိုတင်ရောင်းချတဲ့ လက်မှတ်တွေက ပုံမှန်ဈေးထက် ကွာဟတဲ့နှုန်းထားကြောင့်လည်း ဝယ်ယူသူများပြားတာဖြစ်နိုင်သလို ပွဲရဲ့ လက်မှတ်ဈေးနှုန်းတွေကို ဈေးသက်သက်သာသာနဲ့ ကြိုတင်ရောင်းချပြီး အွန်လိုင်းပေ့ချ်တွေပေါ်ကနေ လူတွေကို အကောင်းဆုံး နာမည်ကြီး ဒီဂျေသမားတွေကို ခန့်မှန်းခိုင်း၊ ကွန်မန့်ရေးခိုင်းပြီး ဆွဲဆောင်ကြတာကို တွေ့ရပါတယ်။

> “
> **အဲသည်နှစ်တွေကဆိုရင်**
> **လူကျပ်လွန်းတဲ့ပြဿနာတွေ၊**
> **မဏ္ဍပ်စင်ယိုင်တဲ့ပြဿနာတွေပါ**
> **ကြုံတွေ့ခဲ့ရတယ်**
> ”

ကွန်မန့်တွေကနေ အခြေအနေစောင့်ကြည့်ပြီး လူကြိုက်အများဆုံး နိုင်ငံခြားဒီဂျေသမားတွေကို ငှားရမ်းကြပါတယ်။ ကမ္ဘာကျော်ဒီဂျေသမားတွေ၊ နိုင်ငံတကာဒီဂျေသမားတွေကို သူတို့တောင်းတဲ့ နှုန်းအတိုင်းငှားပြီး အွန်လိုင်းပေါ်ကနေ ဒီဂျေသမားတွေကို ဦးတည်ပြီး ကာစတန်မာတွေကို ဆွဲဆောင်ကြပါတယ်။

ရန်ကုန်မြို့ရဲ့ နာမည်ကြီး သင်္ကြန်မဏ္ဍပ်တစ်ခုဖြစ်တဲ့ Barrack ဟာဆိုရင်လည်း ပြီးခဲ့တဲ့နှစ်က Headliner တစ်ဦးဖြစ်တဲ့ တောင်ကိုရီးယားက နာမည်ကြီးမိန်းကလေး ဒီဂျေသမား DJ Soda ကို ကြေညာလိုက်တဲ့အချိန်မှာပဲ လက်မှတ်တွေ တော်တော်များများ ရောင်းထွက်ခဲ့ကြောင်း Barrack လက်မှတ်ရောင်းချသူတစ်ဦးက ဆိုပါတယ်။

**မေဘယ်လ်**

---

တွေ အဝင်များနေပါတယ်။

ဦးထုပ်ပါတဲ့ဆံပင်တု၊ စကုတ်နဲ့တပ်ရတဲ့ ဆံပင်တု၊ ခေါင်းကနေစွပ်ရတဲ့ ပုံစံ ဆံပင်တုတွေရဲ့ အရောင်ကတော့ လီမွော်ရောင်၊ ခရမ်းရောင်၊ အပြာရောင်၊ အဝါရောင်၊ နီညိုရောင်၊ ပန်းဆီရောင်၊ အနက်ရောင်၊ အဖြူရောင်၊ မီးခိုးရောင်တွေ ဝင်ရောက်လာတာ ဖြစ်ပါတယ်။

ဈေးနှုန်းတွေက ကျပ် ၅၀၀ ကနေ ကျပ် ၃၀၀၀ ဝန်းကျင်တန်တွေ အများစုအရောင်းအဝယ် သွက်နေတယ်လို့ သိရပါတယ်။

အမျိုးသမီးအသုံးအဆောင်တွေဖြစ်တဲ့ စကုတ်၊ ကလစ်၊ နောက်တွယ်ကလစ်၊ ဆံအုပ်၊ ခေါင်းစီးကြိုးတွေမှာလည်း ပိတောက်ပန်းပါတဲ့ ဒီဇိုင်းပစ္စည်းတွေ၊ ပန်းကုံးတွေမှာလည်း ပိတောက်ပန်းပွင့်ပါတဲ့ ပန်းကုံး၊ ပန်းခက်တွေနဲ့ ပိတောက်ပန်းနဲ့ ပိတောက်ပန်းတွဲပါတဲ့ ဒီဇိုင်းတွေ ဈေးကွက်ဝင်လာပါတယ်။



ဈေးနှုန်းက ကျပ် ၁၀၀ ကနေ ကျပ် ၁၀၀၀ ဝန်းကျင်ရှိပြီး အနည်းဆုံး ၁၀ ခုယူရတာဖြစ်ပါတယ်။

ဦးထုပ်အရောင်းဆိုင်တွေမှာလည်း သင်္ကြန်ဦးထုပ်မျိုးစုံအပြင် သင်္ကြန်ပိတ်ရက်လည်ဖို့ ဦးထုပ်အကြီးကြီးတွေ၊ ချည်သားဒီဇိုင်း၊ အကွက်ဒီဇိုင်း၊ ဆန်ခါပေါက်ပုံစံ ရှေ့မှာကြီးပြီး အနောက်မှာ သေးသွားတဲ့ ဦးထုပ်၊ ကာတွန်းရုပ်ပါတဲ့ ပုံစံတွေ ရောင်းကောင်းနေတယ်လို့ သိရပါတယ်။

ဈေးနှုန်းက တစ်လုံးကို ကျပ် ၈၀၀ ကနေ ကျပ် ၃၀၀၀ ဝန်းကျင်တွေ အဝယ်များတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ရေကစားတဲ့ မျက်မှန်၊ ရေစိုခံဖုန်းအိတ်၊ ခရီးဆောင်အိတ်၊ နေလောင်ခံခရင်၊ ပုဝါနဲ့ စတုဒိသာကျွေးဖို့ တစ်ခါသုံးအအေးခွက်မျိုးစုံတွေ ရောင်းနေရပါတယ်။ **အေးအေးအောင်**



www.free4reader.com



# ဖူဆယ် ကွင်းများ စီးပွားဖြစ်



နှစ်နှစ်ကနေသုံးနှစ်အတွင်း အရင်းပြန်ရတဲ့ စီးပွားရေးဖြစ်လို့ လုပ်ကိုင်လိုသူတွေ များနေတယ်။

> “ဆေးသုံးနေတာ၊ ဂိမ်းကစားနေမှာ ဘီယာဆိုင်မှာ အချိန်ဖြုန်းမယ့် အတူတူသည်နေရာမှာ ငွေသုံးလိုက်တော့ ကလေးတွေ မပျက်စီး တော့ဘူးပေါ့”

**ရန်ကုန်၊ မတ် ၇** - သည်နှစ်ပိုင်းအတွင်း၊ စီးပွားရေးအနေနဲ့ ဖူဆယ်ဘောလုံး ကစားဖို့ မြက်ခင်းတုကွင်းတွေ ဆောက်လုပ်လာကြတာ ရန်ကုန် မြို့နယ်အနှံ့ အပြား တွေ့လာရတယ်။

ဘောလုံးအားကစားဝါသနာ ရှင်တွေနဲ့တစ်ဖက်နဲ့တစ်ဖက်အုပ်စု ဖွဲ့ကစားချင်သူတွေအတွက် ကန်လို့ရတဲ့နေရာသစ်အဖြစ်စိတ်ဝင် စားစွာ လာရောက်ကန်နေသူတွေ များနေတယ်လို့ သိရပါတယ်။

အရင်က ကျောင်းပိတ်ရာသီဆိုရင်၊ တီဗီဂိမ်းဆိုင်တွေမှာဘော လုံးဂိမ်းကစားဖို့ စိတ်ဝင်စားတဲ့ ကျောင်းသားတွေတောင်၊ အခုအခါ အပြင်မှာ တကယ်ကန်လို့ရတဲ့ ကွင်းတွေမှာ လာကစားသူ တွေ များနေပါတယ်။

မြက်ခင်းတုဖူဆယ်ကစားကွင်းတစ်ခုဆောက်တဲ့ကုန်ကျစရိတ်က နှစ်နှစ်ကနေ သုံးနှစ်အတွင်း အရင်းပြန်ရတဲ့ စီးပွားရေးဖြစ်လို့ လုပ်ကိုင်လိုသူတွေ များနေတယ်လို့ကွင်းလုပ်ကိုင်သူတချို့က ရှင်းပြပါတယ်။

မြောက်ဥက္ကလာက ကွင်းပိုင်ရှင်တစ်ဦးက ‘ဒီလုပ်ငန်းကကုသိုလ်ရတဲ့ လုပ်ငန်းလို့တောင်ပြောလို့ရမယ်၊ အားကစားအလုပ်ပဲ၊ ဆေးသုံးနေတာ၊ ဂိမ်းကစားနေမှာ ဘီယာဆိုင်မှာ အချိန်ဖြုန်းမယ့်အတူတူ သည်နေရာမှာ ငွေသုံးလိုက်တော့ ကလေးတွေ မပျက် စီး တော့ ဘူး ပေါ့’ လို့ ပြောပါတယ်။

ခင်းတဲ့အကျယ်ဝန်းအလိုက်မီတာနဲ့တွက်ပြီး၊ မြက်အမျိုးအစားအလိုက်ဈေးနှုန်းကွာခြားပါတယ်။ အနည်းဆုံး ကျပ်သိန်း၁၀၀ဝန်းကျင်ကနေ သိန်း၃၀၀လောက်ကုန်ကျတဲ့ ကွင်းတွေရှိပါတယ်။

ရန် ကုန် မြို့ တွင်း မှာ ဆို အဆောက်အအုံတစ်ခုရဲ့ခေါင်မိုးတွေမှာ ကွင်းအဖြစ်လုပ်ကိုင်နေသူတွေ ရှိသလို၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ သဃ်န်းကျွန်း၊ လှိုင်မြို့နယ်၊ ခရမ်း၊ လည်းကူးနဲ့ အခြားမြို့နယ်တွေမှာ မြေကွက်အလွတ်တွေမှာ ကွင်းအဖြစ် ဆောက်လုပ်ပြီးစီးပွားဖြစ်လုပ်ကိုင်နေကြပါတယ်။

ကားရပ်လို့ရတဲ့နေရာ၊ ဆိုင်ကယ်ရပ်လို့ရတဲ့နေရာကျယ်တွေမှာ ဖွင့်ထားတဲ့ကွင်းတွေဆို လာကစားသူတွေပိုများနေတယ်လို့ သိရတယ်။

မြက်ခင်းတုဖူဆယ်ကွင်းဖွင့်ထားတဲ့ နေရာတွေမှာ ရေသန့်၊ အအေးမျိုးစုံနဲ့ အစားအသောက်တွေပါ တွဲပြီးရောင်းချတာတွေရှိနေပါတယ်၊ အချို့နေရာကျယ်တဲ့နေရာတွေမှာဆိုရင်၊ ဆိုင်ကယ်ရေဆေးစင်၊ ကားရေဆေးစင်နဲ့ အားကစားအသုံးအဆောင်တွေပါတွဲပြီး ရောင်းချနေတာတွေလည်း ရှိနေပါတယ်။

ကွင်းတစ်ကွင်းကိုလူနှစ်ဦးခန့်နဲ့ လုပ်ကိုင်နိုင်လို့ဝန်ထမ်းကုန်ကျစရိတ်သက်သာတဲ့လုပ်ငန်းဖြစ်တယ်။

## လာဦးမယ်

တချို့မြို့နယ်တွေမှာ ငါးကွင်းအထိ ရှိနေပြီး အသစ်ဆောက်လုပ်ဖို့ စိတ်ဝင်စားနေသူတွေလည်းများနေတယ်လို့ မြောက်ဥက္ကလာက ကွင်းပိုင်ရှင်တစ်ဦးက ပြောပါတယ်။

သူက ‘နေ့စဉ်ဝင်ငွေရတဲ့အလုပ်၊ ကလေးလူကြီးမရွေးကစားလို့ရတဲ့ အားကစားကွင်းဆိုတော့ မြေနေရာရှိသူတွေ လုပ်ကြတာများတယ်’ လို့ ပြောပါတယ်။

ရှိတဲ့မြေနေရာအလိုက် ကွင်းအကျယ်ဆောက်လို့ရပါတယ်။ နိုင်ငံခြားတိုင်းမှာဆိုရင် ဆိုက်လေးမျိုးနဲ့ ဆောက်ပြီး ကစားနိုင်ပါတယ်၊ ၁၅ မီတာအကျယ်၊ ၂၅မီတာအရှည်၊ ၁၆ မီတာအကျယ်၊ ၃၁ မီတာ အရှည်၊ ၁၇မီတာအကျယ်၊ ၃၆ မီတာအရှည်နဲ့ ၂၅မီတာအကျယ်နဲ့ ၄၁ မီတာ အရှည်ပုံစံတွေပါ။

သည်ထက်ကျဉ်းတဲ့မြေနေရာတွေမှာလည်း ဆောက်နိုင်ပါတယ်၊ မြေနေရာအကျယ်အဝန်းအလိုက် တစ်ကွင်းကနေသုံးကွင်းအထိ ဖွင့်တဲ့သူတွေ ရှိနေတယ်လို့ လုပ်ကိုင်နေသူအချို့က ဆိုပါတယ်။

ကွင်းတစ်ကွင်းကို လူဦးရေ၂၀အထိကစားနိုင်ပြီး၊ မနက် ၆:၀၀ နာရီကနေ၊ ည ၁၀:၀၀ နာရီချိန်အထိ ကစားလို့ရတဲ့ ကွင်းတွေဖြစ်လို့ ကွင်းဖွင့်ပြီး စီးပွားရေးလုပ်ကိုင်နေသူတွေ တွက်ခြေကိုက်တဲ့ပါတယ်။

ကစားတဲ့သူတွေကလည်း အဖွဲ့အလိုက်ပြိုင်တဲ့ ပုံစံနဲ့ကစားကြလို့၊ ကြိုတင်ရက်ချိန်းယူပြီး ကစားကြသူတွေရှိသလို၊ ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲတွေမှာဝင်ပြိုင်မယ့်သူတွေ လေ့ကျင့်တဲ့အနေနဲ့လာရောက်ကန်တာတွေလည်း ရှိနေတယ်လို့ သိရပါတယ်။

အဖွဲ့လိုက်ဘောလုံးလာကန်တဲ့ ကိုမျိုးမင်းက ‘ဒီလိုကွင်းရှိတာက လူငယ်တွေအတွက် ကောင်းတယ်လို့ မြင်တယ်၊ရပ်ကွက်ကွင်းမှာ ကစားရင်စနစ်တကျခင်းထားတာလဲ မဟုတ်၊ သမံတလင်းကွင်းမှာ ကစားရလို့ ဒူးပြဲ၊ ပေါင်ပြဲတွေ ခဏခဏ ဖြစ်တော့ ဒီလိုကွင်းမှာပဲ ကန်တာ စိတ်ချရတယ်’ လို့ပြောပါတယ်။

သည်လိုမြက်ခင်းတုကွင်းတွေမှာ ကုမ္ပဏီအလုပ်လုပ်သူ၊ ရုံးဝန်ထမ်း၊ တွေက ပိတ်ရက်တွေမှာ လာရောက်ကစားတာကြောင့် သည်လို နေ့တွေမှာဆိုရင် အခြားနေ့တွေထက် ဈေးပိုတာ၊ ကြိုတင်စာရင်းတင်ဖို့ လိုတယ်လို့ တောင်ကြီးမြို့မှာ ဖွင့်ထားတဲ့မြက်ခင်းတုကွင်းပိုင်ရှင် မအိ












မွန်က ပြောပါတယ်။

သူက 'တောင်ကြီးမှာဆိုရင်ဖွင့် သမားတွေ တအားများလာတော့ ကိုယ်ကဝန်ဆောင်မှုကောင်းကောင်း လုပ်ပေးရတယ်၊ သူတို့ကစားချင်တဲ့ အချိန်လာလို့ရအောင် စီစဉ်ပေးရတာပေါ့၊ ပင်ပန်းပေမဲ့ လာကစားသူတွေများတော့ ပျော်တာပေါ့' လို့ ပြောပါတယ်။

## ကွင်းဆောက်မယ်

ကွင်းတစ်ကွင်း ဆောက်ဖို့ အတွက် ကုန်ကျငွေဟာ၊ ခင်းတဲ့မြက်အမျိုးအစားအလိုက်ကုန်ကျစရိတ်ကွာပြီး၊ မြက်အမျိုးအစားတွေကတော့ တင်းနစ်ရိုက်တဲ့မြက်၊ ပန်းအလှဆင်တဲ့မြက်နဲ့ ဘောလုံးကန်တဲ့ မြက်တွေဖြစ်တယ်လို့ သိရပါတယ်၊ ကွင်းတစ်ကွင်းဆောက်ဖို့ကြာချိန်က ၁၅ ရက်ကနေ တစ်လအတွင်းကြာမြင့်နိုင်ပါတယ်။

မြက်ခင်းထဲမှာ ရော်ဘာစေ့ ထည့်ရတဲ့ မြက်နဲ့မထည့်ရတဲ့ မြက်တွေရှိပြီး၊ တရုတ်နိုင်ငံကနေအများဆုံးတင်သွင်းနေတယ်လို့ ကိုယ်တိုင်စီးပွားဖြစ်ဖူဆယ်ကွင်းဆောက်ပြီးသလို အခြားသူတွေကို မြက်ခင်းတုကွင်းဆောက်ပေးနေတဲ့ KBTဖူဆယ်ကွင်းပိုင်ရှင် ကိုခွန်သန်းဦးက ရှင်းပြပါတယ်။

ကိုခွန်သန်းဦးဟာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မြဝတီနဲ့ အခြားမြို့တွေမှာမြက်ခင်းတုကွင်းတွေကို ဆောက်လုပ်ပေးနေသူတစ်ဦးဖြစ်ပါတယ်။ သူခင်းပေးတဲ့ ကွင်းပေါင်း ရှစ်ကွင်းရှိပြီလို့ဆိုပါတယ်။

သူက 'တရုတ်မှာ ထုတ်တဲ့စက်ရှိသလို နိုင်ငံခြားကနေ ထုတ်လုပ်ပြီး တရုတ်နိုင်ငံကတစ်ဆင့် ဖြန့်တာတွေလဲရှိတာပေါ့၊ စတားအဆင့်လိုက်ခွဲသွားတာပေါ့၊ ရော်ဘာစေ့မထည့်ရတဲ့မြက်က ဟော်လန်နိုင်ငံမြက်ပေါ့၊ သူကတော့ အကောင်းဆုံးမြက်ပေါ့' လို့ပြောပါတယ်။

ကစားခက မြို့နယ်အလိုက် တစ်နာရီကို ကျပ် ၁၅,၀၀၀ နဲ့ ကျပ် ၂၀,၀၀၀ဝန်းကျင် ရှိပါတယ်။ အုပ်စုလိုက်ကစားရင် လူတစ်ဦးကို ၇၅၀ ကျပ်ကနေ၊ ကျပ် ၁၀၀၀ ဝန်းကျင်ထိသာ ကုန်ကျစရိတ်ရှိပါတယ်။ လူတိုင်းနိုးပါးကစားနိုင်တဲ့ ဈေးနှုန်းဖြစ်လို့ လာကစားရောက်သူတွေများနေတယ်လို့ ကွင်းပိုင်ရှင်တွေက ဆိုပါတယ်။

မြန်မာလက်ရွေးစင်ဖူဆယ်ကစားသမားဟောင်း ကိုအောင်ကသူနေတဲ့ လှိုင်မြို့နယ်က ရပ်ကွက်မှာ မြက်ကွင်းတုကွင်းဖွင့်လှစ်ထားပါတယ်။ သူ့ကွင်းမှာ အသက် ရှစ်နှစ်အရွယ် ကလေးငယ်တွေစုပြီး ဘောလုံးလာကန်တာကိုကြည့်ပြီး ပီတိဖြစ်ရတယ်လို့ ပြောပါတယ်။

'ဂိမ်းကစားမယ့်အတူ အားကစားကို စိတ်ဝင်စားပြီး လာကစားနေတာကိုကြည့်ပြီး ကိုယ်တိုင်ကစားနေရသလိုခံစားရတယ်၊ ကျွန်တော့ကွင်းရဲ့ အရှေ့မှာဆို အားကစားလေ့ကျင့်စက်တွေချထားပေးတယ်၊ ရှေ့ကကစားနေတာ အချိန်မပြည့်သေးဘူးဆိုရင် စောင့်ရင်း အားကစားလုပ်ပေါ့၊ ရပ်ကွက်ကလဲအားပေးကြတော့ ကွင်းက လူပြည့်တယ်' လို့ ပြောပြပါတယ်။

## မြေငှားဖွင့်ရင်

မိဘတွေကလည်း ဘောလုံးကန်တဲ့ အားကစားနည်းကို အားပေးသူများလို့ သည်လိုအားကစားကွင်း ဖွင့်တဲ့သူတွေအတွက် မျက်နှာပန်းလှတယ်လို့ ကွင်းပိုင်ရှင်အချို့က ဆိုပါတယ်။

'တချို့မိဘတွေဆို သူ့သားလေး ကစားဖို့ ငါးဦးစာလောက် ကုန်ကျခံပေး တာ ရှိတယ်၊ ဝါသနာပါ တဲ့ ကလေးတွေကို လက်တွဲ ခေါ်တဲ့ သဘောမျိုးပေါ့' လို့ မန္တလေးက ကွင်းပိုင်ရှင် ကိုစည်သူက ပြောပါတယ်။

ရပ်ကွက်တွေမှာ ကစားရာနေရာ ဘောလုံးကွင်းတွေ ရှားပါးနေတာကြောင့် သည်လိုစနစ်တကျလုပ်လာတဲ့ မြက်ခင်းတုကွင်းတွေမှာ ကန်နေသူတွေများပါတယ်။

မြေပိုင်ရှင်ရှိသူတွေအတွက် အခွင့်ရေးပိုများပြီး၊ မြေငှားနဲ့ဖွင့်မယ်ဆိုရင်တော့စာချုပ်သက်တမ်း ရှည်ချုပ်မှ ပိုအဆင်ပြေနိုင်မှာပါ။

ဒါကြောင့် ငှားဖွင့်သူအချို့က နှစ်နှစ်တစ်ခါငွေရှင်းပြီး၊ မြေငှားသက်တမ်းကို ငါးနှစ်ကနေ ၁၀ နှစ်အထိ ချုပ်ဆိုထားကြပါတယ်။ မြေနေရာရရှိပြီဆိုရင်အောက်ခံဖောင်ဒေးရှင်း ဆောက်လုပ်ပြီး၊ တိုင်ထောင်တာ၊ပိုက်ကာတာ၊မြက်ခင်းတာနဲ့ နေပူခံအမိုးမိုးတာတွေလုပ်ရတယ်လို့ သိရပါတယ်။

ဘောလုံးကန်တဲ့ကွင်းဖြစ်လို့ မိုးလုံလေလုံကွင်းပုံစံမျိုးမကြိုက်ကြဘူးလို့ ကွင်းခင်းပေးတဲ့သူအချို့က ဆိုပါတယ်။ အချို့ကွင်းပိုင်ရှင်တွေဟာ ကွင်းတစ်ခုဆောက်ဖို့ အတိုးနဲ့ချေးပြီး လုပ်တဲ့သူတောင် ရှိတယ်လို့ သိရပါတယ်။

ကွင်းတစ်ကွင်းဆောက်ပြီးရင် ထပ်မံကုန်ကျမဲ့စရိတ် မများတာကြောင့်ရတဲ့ငွေကို နောက်ထပ်ကွင်းတစ်ခုထပ်ဆောက်ဖို့သာ ကွင်းပိုင်ရှင်တွေက စိတ်ကူးနေကြတယ်လို့ ဆိုပါတယ်။

'လက်ဖက်ရည်ဆိုင်ဖွင့်ရင် တောင်ညစ်ပတ်ပြီး သန့်ရှင်းရေးလုပ်ရတာ မလွယ်ဘူး၊ ဘောလုံးကွင်းက အအေးဘူးနဲ့ရေသန့်ဘူးခွံတွေပဲသိမ်းရတာ၊ငွေလဲ ရှင်တယ်လေ' လို့ ကွင်းပိုင်ရှင်တစ်ဦးက ပြောပါတယ်။

**အေးအေးအောင်**

> “ကြိုတင်ရက်ချိန်းယူပြီး ကစားကြသူတွေ ရှိပါတယ်”





www.free4reader.com





တစ်ခါပို့ရင် တစ်ခါ ငွေမရှင်းနိုင်တာကြောင့် ယူချုပ်တဲ့သူတွေဘက်မှာတော့ အခက်အခဲတွေ အများအပြား ကြုံတွေ့နေတယ်။

# တစ်နိုင်တစ်ပိုင်အထည်ချုပ်အချို့ ချုပ်ခမရှင်းနိုင်

> “ တစ်ခါမရှင်း နောက်တစ်ခါ ပေါင်းရှင်းပေးတယ်၊ အဲဒီလိုကနေ များများလာတာ အခုဆို ခြောက်ခေါက် လောက်ရှိပြီ ”

ရန်ကုန်၊ မတ် ၇ - တစ်နိုင်တစ်ပိုင် အထည်ချုပ်အချို့ဆီကနေ ယူချုပ်တဲ့ သူတွေကို ငွေမရှင်းတဲ့ပြဿနာတွေ လတ်တလော ဖြစ်နေပါတယ်။

အထည်တွေကို အိမ်မှာယူချုပ်နေတဲ့ မငယ်လေးက ‘အရင်တုန်းကဆို ချုပ်ပြီးအထည်တွေ သွားပြန်ပို့တယ်ဆိုရင် ချက်ချင်း ငွေရှင်းတယ်၊ ပြီးရင် သူတို့တွေက ဈေးကြီးတွေမှာ ပြန်သွင်းတာကိုး၊ အခုနောက်ပိုင်းတော့ ဈေးကြီးတွေက လက်မခံတာလို့တော့ ကြားတာပဲ၊ အဲဒီတော့ သူတို့ငွေတွေလဲ ပြန်မရ၊ ကိုယ်တွေ ဒီဘက်ကိုလဲမရှင်းနိုင်၊ အဲဒီလိုတွေဖြစ်တာပါ၊ တခြားအထည်ချုပ်ကြီးတွေမှာတော့ ဒီနေ့ချုပ်ထည် ဒီနေ့ပြီးလို့ သွားအပ်တယ်ဆိုရင် ချက်ချင်းရှင်းပေးတယ်၊ တစ်နိုင်တစ်ပိုင်ချုပ်တဲ့နေရာတွေမှာပဲ မရှင်းပေးတာတွေ ဖြစ်နေတာ’ လို့ ပြောပါတယ်။

အိမ်မှာယူချုပ်တဲ့သူတွေ အများဆုံး ချုပ်ကြတဲ့အထည်တွေက စပန့်သားဝမ်းဆက်တွေနဲ့ ချည်သားဝမ်းဆက်တွေဖြစ်ပါတယ်။ တစ်နိုင်တစ်ပိုင်အထည်ချုပ်အသေးလေးတွေက ချုပ်ချင်တဲ့သူတွေကို အိမ်ပေးချုပ်ခိုင်းတာပါ။ တစ်ယောက်ကို အနည်းဆုံး အထည် ၂၀ ကနေ ၅၀ လောက်အထိ ပေးချုပ်တယ်လို့ သိရပါတယ်။ တစ်ထည်ကို ချုပ်ခက အနည်းဆုံး ကျပ် ၈၀ ကနေ အများဆုံး ၂၅၀ လောက်အထိ ပေးပါတယ်။



## ယူချုပ်မယ်ဆိုရင်

သည်လိုအထည်တွေကို စစချင်း ယူချုပ်မယ့်သူတွေကတော့ ငွေအပေါင် ကျပ် ၅၀,၀၀၀ ဝန်းကျင်ထားရမှာပါ။ စစဦးဆုံး ယူချုပ်ရင် အထည် ၂၀ လောက် စပေးပြီး ချုပ်ခိုင်းပါတယ်။ အချိန်ကိုတော့ တစ်ပတ်၊ ၁၀ ရက်လောက် ပေးတာပါ။ ပေးထားတဲ့အချိန်အတွင်းမှာအပြီးချုပ်ရတာတွေ ရှိသလို တချို့တွေကတော့ သည်လို အချိန် သတ်မှတ်ထားတာမျိုးတွေ မရှိဘဲ ပြီးတဲ့အချိန်မှ ပြန်အပ်ရတာလည်း ရှိပါတယ်။

မြောက်ဒဂုံမှာ တစ်နိုင်တစ်ပိုင် အထည်ချုပ်လုပ်ကိုင်နေတဲ့ ဒေါ်မူမူလှက ‘စစဦးဆုံး ယူချုပ်မယ့်သူတွေကတော့ စရန်ပေးထားရတယ်ပေါ့၊ နောက်ပိုင်း အမြဲတမ်းယူချုပ်တယ်ဆိုရင် ကိုယ့်ဘက်က ယုံကြည်ရတယ်ဆိုရင်တော့ တင်ထားတဲ့ငွေကို ပြန်ထုတ်ပေးလိုက်တယ်၊ အန်တီတို့ကတော့ လာအပ်တဲ့အထည်ကို ချုပ်ရိုးချုပ်သားကိုကြည့်ပြီး ဈေးတွေကို လိုက်သွင်းတယ်၊ ငွေကိုတော့ အထည်တွေလာအပ်တာနဲ့တစ်ခါတည်း ရှင်းပေးတာ၊ တချို့ကျတော့လဲ ဆိုင်ကြီးတွေက ပြန်မယူတဲ့အခါတော့ သူတို့တွေအတွက် အခက်အခဲတွေ ဖြစ်ပြီး ငွေမရှင်းနိုင်တာတွေလဲဖြစ်တတ်တယ်’ လို့ ပြောပါတယ်။

## အခက်တွေ့နေ

သည်လို အိမ်ပေးပြီးချုပ်တဲ့ အထည်တွေကိုတော့ အိမ်ထောင်ရှင် အမျိုးသမီးတွေက အများဆုံး ယူချုပ်ကြတာပါ။ ဈေးဖိုးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်အောင် ချုပ်ကြတာဖြစ်ပါတယ်။ ချုပ်ပြီးသားအထည်တွေကို သွားရောက်အပ်တဲ့အခါမှာ တစ်ခါ နှစ်ခါ ငွေမရှင်းတာကနေ နောက်ပိုင်းမှာတော့ ခဏခဏ မရှင်းတာတွေ ထပ်လာတဲ့အခါ အိမ်စရိတ်အတွက် အခက်တွေ့တယ်လို့ သိရပါတယ်။

သဃ်္ဃန်းကျွန်းမြို့နယ်ကနေ အထည်တွေကိုယူချုပ်နေတဲ့မအိသန္တာက ‘အစ်မက ကလေးတစ်ဖက်နဲ့ဆိုတော့ အပြင်ထွက်လုပ်ဖို့ကျတော့လဲ အဆင်မပြေဘူး၊ အဲဒါကြောင့် အိမ်မှာ လုပ်နိုင်တဲ့အလုပ်ကိုရွေးတာ၊ ဒီလို အထည်လေးတွေကျတော့လဲ ကိုယ်ချုပ်ရင် ချုပ်နိုင်သလောက် ကိုယ့်အတွက်ကျန်တယ်ဆိုတော့ အဲဒါလေးတွေကို ချုပ်ဖြစ်တာပါ၊ အရင်တုန်းကတော့ အထည်လာအပ်ရင် ငွေရှင်းတယ်၊ အခုနောက်ပိုင်းတစ်ခါ မရှင်း နောက်တစ်ခါ ပေါင်းရှင်းပေးတယ်၊ အဲဒီလိုကနေ များများလာတာ အခုဆို ခြောက်ခေါက်လောက်ရှိပြီ၊ အစ်မကျတော့ဟိုကို သွားယူရတယ်၊ ပြီး ပြန်ပို့ရတယ်၊ လမ်းစရိတ်ရှိတယ်’ လို့ ပြောပါတယ်။

တစ်ခါပို့ရင် တစ်ခါ ငွေမရှင်းနိုင်တာကြောင့် ယူချုပ်တဲ့သူတွေဘက်မှာတော့ အခက်အခဲတွေ အများအပြား ကြုံတွေ့နေတယ်လို့ဆိုပါတယ်။

သည်လိုယူချုပ်တဲ့သူတွေထဲမှာတော့ အိမ်ထောင်ရှင်အမျိုးသမီးတွေ အပါအဝင် အသက်အရွယ်ကြီးတဲ့အမျိုးသမီးကြီးတွေလည်း ယူချုပ်ကြပါတယ်။ သည်လို အထည်တွေကို အများဆုံး ပေးချုပ်နေတာက မြောက်ဒဂုံဘက်တွေမှာ အများဆုံး ရှိပါတယ်။

## ဘာကြောင့်လဲ

အထည်ချုပ်အသေးစားတွေကနေ ထွက်တဲ့ အထည် အများစုကို ပလာဇာ၊ မင်္ဂလာဈေးမှာရှိတဲ့ဒိုင်ကြီးတွေကို ပြန်သွင်းကြတာပါ။ သည်လို ဒိုင်ကြီးတွေက ပြန်ရောင်းပေးမှသာ သူတို့တွေအတွက် ငွေပြန်ပေါ်နိုင်ပါတယ်။ သည်လိုမှတစ်ဆင့်ယူချုပ်တဲ့ သူတွေကို ပြန်လည်ငွေရှင်းနိုင်ပြီး ဒိုင်ကြီးတွေကနေ ပြန်မယူဘူးဆိုရင်တော့ တစ်ဖက်က ချုပ်တဲ့သူတွေကို ငွေပြန်ရှင်းဖို့ အခက်အခဲတွေ ဖြစ်ပါတယ်။ ဒိုင်ကြီးတွေက ပြန်လည်ယူပေးတယ်ဆိုရင် ချုပ်သူတွေကို လက်ငင်း ငွေရှင်းနိုင်ပါတယ်။

ဒဂုံမြို့သစ်အရှေ့ပိုင်းမှာ တစ်နိုင်တစ်ပိုင်အထည်ချုပ်လုပ်ငန်း လုပ်ကိုင်နေတဲ့ ဒေါ်သီတာက ‘ဒိုင်ကြီးတွေကကျတော့ သွားပို့ရင်တော့ လက်ခံပေးတယ်၊ ပြီးရင် နှစ်ရက်သုံးရက် တစ်ပတ်လောက်နေရင် ပစ္စည်းက မရောင်းရလို့ ပြန်လာသိမ်းပါဆိုပြီးပြောတယ်၊ အဲဒီလိုတွေဖြစ်တော့ တစ်ဖက်ကိုလဲ အန်တီတို့ဘက်ကနေ ငွေပြန်မရှင်းနိုင်သေးတာပါ၊ မဟုတ်ရင်တော့ အခက်အခဲတွေကို နားလည်ပါတယ်၊ အဆင်ပြေရင် ပြေသလို ရှင်းပေးချင်တယ်၊ ဒါပေမဲ့ တစ်ဖက်ကလဲ ပစ္စည်းတွေရောင်းမထွက်တော့ ငွေက လှည့်ဖို့ အဆင်မပြေဘူးလေ၊ အဲဒါကြောင့် မရှင်းပေးဖြစ်တာပါ’ လို့ ပြောပါတယ်။

ဒိုင်ကြီးတွေဘက်က မယူတဲ့ အကြောင်းကတော့ ချုပ်ရိုးချုပ်သားကို မကြိုက်တာကြောင့်ပါ။ ယူတဲ့အထည်တွေကျတော့လည်း ရောင်းမထွက်တာတွေရှိနေတာကြောင့် ဒိုင်ဘက်က လက်မခံတာဖြစ်ပါတယ်။ ဒိုင်က မယူတာကြောင့် ငွေတွေမြုပ်နေပြီး တစ်ဖက်ကိုလည်း ငွေပြန်မရှင်းတာကြောင့် သည်လိုပြဿနာတွေ ဖြစ်နေကြတာပါ။ **လိမ္မာ**

# သကြန်အဝတ်အထည်တွေ စတင်ရောင်းချပြီ

ရန်ကုန်၊ မတ် ၇- ယုဇနပလာဇာမှာရှိတဲ့ ဆိုင်တော်တော်များများမှာ သကြန်တွင်း ဝတ်ဆင်နိုင်မယ့် အမျိုးသားဝတ်အင်္ကျီတွေနဲ့ အမျိုးသမီးဝတ်အင်္ကျီဘောင်းဘီတွေ စတင်ရောင်းချနေပါပြီ။

သကြန်တွင်းမှာ မဏ္ဍပ်ထိုင်မယ့် သူတွေရော လျှောက်လည်ကြမယ့်သူတွေပါ အဝတ်အစားတွေကို ကြိုတင်ဝယ်ယူကြတာပါ။ သည်နှစ်မှာ ခေတ်စားနိုင်မယ့် ဒီဇိုင်းတွေကို ကြိုတင်ဝယ်ယူကြပါတယ်။ အမျိုးသားတွေကတော့ hoodie တွေ၊ ဂျင်းအနက်တွေလို မျိုးကို အများအပြားဝယ်ယူကြတာပါ။ အမျိုးသမီးတွေကတော့ အသားကပ်ဘောင်းဘီအနက်တွေနဲ့ အပေါ်က ထပ်ပြီးဝတ်နိုင်တဲ့ ဂျင်းဘောင်းဘီတိုနဲ့ ဂျင်းစကတ်တိုတွေ၊ လည်သာဘောင်းဘီ၊ စကတ်တွေကို ဝယ်ပါတယ်။



ယုဇနပလာဇာမှာ အထည်ဆိုင်ဖွင့်လှစ်ထားတဲ့မဇင်မာသန့်က ‘သကြန်အတွက်ကတော့ ရေပိုက်တွေဘာတွေနဲ့ အထိုးခံနိုင်တဲ့ ဘောင်းဘီတွေ၊ အင်္ကျီတွေဝယ်ကြတာ များတယ်၊ အမျိုးသားတွေဆိုရင်တော့ လည်သာဂျာကင်တွေ၊ ပြီးတော့ hoodie အထူတွေ မဟုတ်ဘူး၊ အပါးသားတွေဝယ်ကြတယ်၊ အရမ်းထူတာမျိုးတွေဆိုရင်လဲ သူတို့တွေခဏနားတဲ့အချိန်တွေဆိုရင် မခြောက်နိုင်ဘူး၊ အမျိုးသမီးတွေကတော့ ကုတ်အင်္ကျီတွေနဲ့ အောက်ကဝတ်ဖို့လက်ရှည်တွေ ဝယ်ကြတယ်၊ အခုတော့ နည်းနည်းစီပဲကြိုဝယ်ထားကြတာ၊ အနားနီးတယ်ဆိုရင်လဲ နောက်ထပ် ဒီဇိုင်းတွေက ထပ်ထွက်လာဦးမှာလေ၊ အနားနီးပြီဆိုရင်တော့ အထည်တွေက ဈေးတွေလဲ တက်လာနိုင်တော့ ကြိုတင်စုကြတာမျိုးပါ’ လို့ ပြောပါတယ်။ **လိမ္မာ**

www.free4reader.com



# ဆန်စပါးကဏ္ဍဖွံ့ဖြိုးဖို့ အချက်သုံးချက် ဦးစားပေးလုပ်ဆောင်မည်

**နေပြည်တော်၊ မတ် ၇** – မြန်မာနိုင်ငံရဲ့ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ အချက်သုံးချက်ကို ကာလတိုစီမံချက်သတ်မှတ်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဦးစားပေး ဆောင်ရွက်မယ်လို့ ဆိုပါတယ်။

ပထမအချက်က မြန်မာ့ဆန်စပါးဥပဒေ ပြဋ္ဌာန်းနိုင်ရေးနဲ့ ထိရောက်တဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို Private Public Partnership အစီအစဉ်နဲ့ ဥပဒေနဲ့အညီ အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။ ဆန်စပါး ဈေးကွက်အတွင်းရှိတဲ့ အိတ်စပို့တာ၊ ဆန်စက်၊ စက်ပိုင်၊ ကုန်သည်နဲ့ ပွဲစားတွေကို မှတ်ပုံတင်တာ၊ ဆန်စက်တွေနဲ့ သိုလှောင်ရုံတွေကို မှတ်ပုံတင်တာ၊ လက်လီလက်ကားရောင်းဝယ်မှုစနစ်တွေ သတ်မှတ်တာနဲ့ကုန်စည်ဒိုင်တွေကို နိုင်ငံတကာ အဆင့်မီအောင် ပြုပြင်ပြောင်းလဲတာတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က 'မြန်မာနိုင်ငံဆန်စပါးဥပဒေကတော့ မြန်မာ့ဆန်စပါးကဏ္ဍဟာ အခုနေရာတစ်နေရာကို ရောက်လာပြီ၊ ဒီနေရာတစ်နေရာကနေပြီးတော့ နောက်တစ်နေရာ ဒီထက်ပိုပြီးမြင့်တဲ့ နေရာတစ်နေရာကို တက်လှမ်းနိုင်ဖို့ ရည်ရွယ်ပါတယ်၊ ဒီဥပဒေကတော့ ပထမအဆင့် မူကြမ်း ပြီးနေပါပြီ'လို့ပြောပါတယ်။

ဒုတိယအချက်က ပို့ကုန် ဦးဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စနစ်တကျ ဖော်ဆောင်ဖို့နဲ့ သည်လိုဆောင်ရွက်စဉ် ကာလမှာလည်း ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်မှန်ကန်စေမယ့် မူဝါဒတစ်ရပ် ပြုစုထားဖို့ ဖြစ်ပါတယ်။

တတိယအချက်ကတော့ ဆန်စပါး လုပ်ငန်းရဲ့ အဓိက ဓာတ်ဆောင်တွေဖြစ်တဲ့ တောင်သူလယ်သမားတွေ၊ ဆန်စက်ပိုင်တွေ၊ ဆန်ကုန်သည်တွေနဲ့ ပြည်ပတင်ပို့ရောင်းချသူတွေအနေနဲ့ ထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိစေရေးဖြစ်ပါတယ်။ ဒါ့အပြင် အသေးစားနဲ့အလတ်စားလုပ်ငန်း (SME) တွေ ဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒချမှတ်ဆောင်ရွက်ဖို့ လက်တွေ့ကူညီထောက်ပံ့ပေးရေး ဖြစ်ပါတယ်။

တစ်ဖက်ကလည်း နိုင်ငံတော်အနေနဲ့ ပို့ကုန်တိုးမြှင့်ရေးမဟာဗျူဟာကို ဆောင်ရွက်နေတဲ့အတွက် ဆန်စပါးနဲ့ ပတ်သက်လာရင် အရင်ကလို ဆန်ဈေးကြီးလို့ အိတ်စပို့ပိတ်ထားရတဲ့ အခြေအနေတွေမရှိနိုင်တော့ဘူးလို့ ဆိုပါတယ်။ သို့သော်လည်း ပြီးခဲ့တဲ့နှစ် အတွေ့အကြုံတွေအရ ငါးနှစ်တစ်ကြိမ်၊ ၁၀နှစ်တစ်ကြိမ်လောက်တော့ ဈေးကွက် အားနည်းတာတွေ ကြုံတွေ့ရတတ်ပါတယ်။

## အခြေခံဈေး

ပြီးခဲ့တဲ့ မတ်လ ၆ ရက်နေ့ မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဆွေးနွေးနှီးနှောဖလှယ်ပွဲ ၂၀၁၈ မှာ တောင်သူတွေအတွက် အခြေခံစပါးဈေးကို တင်း ၁၀၀ ကို ကျပ်၅၀၀,၀၀၀ နဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။



ဆန်စပါးကဏ္ဍမှာ ပြည်ပက အထွက်နှုန်းကောင်းတဲ့ မျိုးစပါးတွေကို တွေ့ရှိရင် တင်သွင်းခွင့်ပြုနိုင်အောင် စီစဉ်ပေးမယ်။



သည်အခြေခံဈေးဟာ သည်နှစ်နွေစပါးနဲ့ မိုးစပါးအတွက် အဓိက ရည်ရွယ်တာ ဖြစ်ပါတယ်။ စပါးရဲ့ အစိုဓာတ်က ၁၄ ရာခိုင်နှုန်းရှိရမှာပါ။ တစ်တင်းကို ၄၆ ပေါင် ရှိရမှာ ဖြစ်ပါတယ်။ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲစတဲ့ အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းတွေနဲ့လည်း ကိုက်ညီရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်သန်းဦးက 'ဒီစံချိန်စံညွှန်းတွေသတ်မှတ်ထားပေမဲ့ အစိုဓာတ်နည်းနည်းပိုရင် ဘယ်နှပေါင်လောက် ပိုပေးလိုက်မယ်၊ ဒီလိုမျိုး ကိစ္စတွေကတော့ ညှိယူရမှာဗျ၊ ရောင်းသူနဲ့ဝယ်သူကြား'လို့ ပြောပါတယ်။

ဈေးကွက်ပေါက်ဈေးက အခြေခံဈေးနှုန်းထက် ပိုနေရင် ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူမှာ ဖြစ်ပြီး ဈေးကွက်ပေါက်ဈေးက အခြေခံဈေးနှုန်းအောက် ကျနေရင်တော့ အခြေခံဈေးအတိုင်းဝယ်ယူပေးမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အသင်းဝင်ဆန်စက်တွေ၊ ဆန်စပါးကုန်သည်တွေ၊ အကျိုးဆောင်တွေနဲ့ ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းတွေအနေနဲ့ ပေါ်ဆန်း အထူးညှိမထအုပ်စု စတဲ့ အချို့အဆင့်မြင့်စပါးအုပ်စုတွေဟာ တင်း၁၀၀ကို ကျပ်ခုနစ်သိန်းကျော်ကနေ ကျပ်၁၀သိန်းကျော်အထိ ဈေးကောင်းရရှိနေပြီဖြစ်လို့ သည်စပါးတွေကိုတော့ ဈေးကွက်ပေါက်ဈေးအတိုင်းသာ ဝယ်ယူမှာပါ။

## ရာသီအလိုက်

သည်အခြေခံစပါးဈေးနှုန်း သတ်မှတ်ချက်ကို တောင်သူလယ်သမားတွေရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက်ဈေးနှုန်း၊ နိုင်ငံတကာဈေးနှုန်း စတဲ့ အခြေအနေတွေကို လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာစိုက်ပျိုးထုတ်လုပ်မှုရာသီအတွက် ဖြစ်သင့်တဲ့ အခြေခံဈေးနှုန်းကို ရာသီအလိုက် ထုတ်ပြန်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံဈေးနှုန်းနဲ့ ရောင်းချဖို့ အခက်အခဲရှိတဲ့ တောင်သူလယ်သမားတွေအနေနဲ့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရဲ့ မြို့နယ်ကိုယ်စားလှယ်ကိုဖြစ်ဖြစ်၊ အသင်းချုပ်၊ ရုံးချုပ်ကို ဖြစ်ဖြစ် ဆက်သွယ်နိုင်တယ်လို့ သိရပါတယ်။

'အခြေခံဈေး သတ်မှတ်တယ်ဆိုတာ ဈေးကွက်ရဲ့ အပြောင်းအလဲတွေကို တောင်သူလယ်သမားတွေဆီကို မသက်ရောက်အောင် စိုက်ပျိုးရေးကိုပဲ အာရုံစိုက်ပြီးတော့ လုပ်နိုင်အောင် ရည်ရွယ် ထုတ်ပြန်တာ ဖြစ်ပါတယ်၊ ဈေးကွက်ဖော်ဆောင်ဖို့ ကိစ္စတွေ ဆက်ပြီး လုပ်သွားဖို့ ရှိပါတယ်'လို့ ဦးရဲမင်းအောင်က ပြောပါတယ်။

တချို့က အခုလို သတ်မှတ်လိုက်တဲ့ အခြေခံဈေးဟာ လက်ရှိပေါက်ဈေးလောက်ပဲ ရှိနေတာ၊ တကယ့်မြေပြင်မှာ ဒီထက်မကတဲ့ ဈေးနှုန်း ရှိနေတာတွေကြောင့် အကျိုးသက်ရောက်မှု သိပ်မရှိဘူးဆိုတဲ့ ဝေဖန်မှုအချို့ ရှိနေပါတယ်။ ဒါပေမဲ့ အခြေခံဈေး သတ်မှတ်တာဟာ အမြတ် အစွန်းရရှိဖို့ကို အဓိကထားတာမဟုတ်ဘဲ အခြေခံဈေးအောက်ကို ဆက်မကျအောင် ခံထားပေးတဲ့ ဈေးနှုန်းဖြစ်ပါတယ်။ ဒါကြောင့် သည်ဈေးနှုန်းဟာ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိရုံနဲ့ အကျိုးအမြတ်တစ်ခုကို အာမခံချက်ရှိရုံဆိုတဲ့ သည်နှစ်ချက်ကိုပဲ အာမခံပေးတာ ဖြစ်တယ်။ အကျိုးအမြတ်အများဆုံးရရမယ့် အခြေအနေကို ဖန်တီးပေးတာ မဟုတ်ဘူးလို့ ဆိုပါတယ်။

> “ဈေးကွက်ပေါက်ဈေးက အခြေခံ ဈေးနှုန်းထက် ပိုနေရင် ဈေးကွက် ပေါက်ဈေး အတိုင်းဝယ်ယူမှာ”

## အစိုးရကဏ္ဍ

အစိုးရအနေနဲ့ကတော့ မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဆွေးနွေးနှီးနှောဖလှယ်ပွဲ ၂၀၁၈ မှာ တောင်သူလယ်သမားအများစုက ဒေသနဲ့ ကိုက်ညီမယ့် မျိုးကောင်းမျိုးသန့်တွေကို ထုတ်လုပ်ပေးဖို့ အများဆုံး တင်ပြကြတဲ့အတွက် မျိုးကောင်းမျိုးသန့်ရရှိရေးကို ဦးစားပေးလုပ်ဆောင်မှာဖြစ်ပါတယ်။

ဒါကြောင့် ဆန်စပါးကဏ္ဍမှာ ပြည်ပက အထွက်နှုန်းကောင်းတဲ့ မျိုးစပါးတွေကို တွေ့ရှိရင်၊ တောင်သူတွေ ကြိုက်နှစ်သက်ရင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တင်ပြပြီး တင်သွင်းခွင့်ပြုနိုင်အောင် စီစဉ်ပေးမယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက 'တောင်သူတွေအနေနဲ့က လဲ မျိုးတစ်ခုနဲ့တစ်ခု ပြောင်းလဲစိုက်ပျိုးဖို့ အချိန် တော်တော်ယူကြပါတယ်၊ ကျွန်တော်တို့ မျိုးစေ့ခြံတွေက မျိုးစေ့တွေ ထုတ်လုပ်တဲ့အခါမှာလဲ အချိန်ပေးရပါတယ်၊ မျိုးစေ့တွေ အများအပြား ထွက်လာရင် ဒီမျိုးက ဈေးကျ၊ အထွက်နှုန်း မကောင်းဘဲ တောင်သူတွေမကြိုက်တော့တဲ့ အနေအထားတွေလဲ ကြုံတွေ့ခဲ့ရတာတွေ ရှိပါတယ်၊ အဲဒီလို အခက်အခဲလေးတွေတော့ ရှိပါတယ်'လို့ ပြောတယ်။

ဒါ့အပြင် တောင်သူလယ်သမားတွေရဲ့ အခြေအနေ အရပ်ရပ်ကို အသေးစိတ် သိရှိနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့တွေလည်း မြို့နယ်တွေအထိ ဖွဲ့စည်းထားရှိပေးမယ်လို့ ဆိုပါတယ်။

လက်ရှိဘဏ္ဍာနှစ် မြန်မာနိုင်ငံက ပြည်ပကို ဆန်တင်ပို့မှုတန်ချိန်ဟာ ဖေဖော်ဝါရီလအထိ ၃.၁ သန်းကျော် အထိ ရှိနေပါတယ်။ လာမယ့် ၂၀၂၀–၂၀၂၁ ခုနှစ်မှာတော့ ဆန်တန်ချိန် လေးသန်းအထိ တင်ပို့နိုင်အောင် လျာထား ဆောင်ရွက်နေပါတယ်။

မာရီနိုင်

www.free4reader.com



# အွန်လိုင်းပစ္စည်း ပို့ဆောင်ရေးလုပ်ငန်းအချို့ ပို့ခအပြိုင်လျှော့ ဈေးကွက်ဖြိုင်

ရန်ကုန်၊ မတ် ၆ – အွန်လိုင်းပစ္စည်း ပို့ဆောင်ရေးလုပ်ငန်းတွေမှာ ဈေးလျှော့ပို့ဆောင်ပေးပြီး အချင်းချင်း ဈေးကွက်ဖြိုင် ဆိုင်လာကြတာ တွေ့ရပါတယ်။

အွန်လိုင်းရှော့ပင်းအတွက် တစ်စိတ်တစ်ပိုင်းပါဝင်နေတဲ့ ပို့ဆောင်ရေးလုပ်ငန်းတွေက အခုချိန်မှာ လုပ်ကိုင်သူတွေ အများအပြားရှိနေတာပါ။ သည်လုပ်ငန်းတွေ ရေရှည်ရပ်တည်နိုင်ဖို့ ဖြိုင်ဆိုင်ကြတဲ့အခါမှာ ပို့ဆောင်ခတွေ လျှော့ပြီး ဈေးကွက်နေရာရအောင် လုပ်လာကြတယ်လို့ သိရပါတယ်။ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေသူသာမက ပို့ဆောင်ရေးလုပ်ငန်း ကြီးကြီးမားမားလုပ်ကိုင်နေသူအချို့ပါ အပြိုင်အဆိုင် ဈေးလျှော့ လုပ်ကိုင်လာတာ တွေ့ရပါတယ်။

ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်နေတဲ့ ကိုထွန်းအောင်က 'အွန်လိုင်းရှော့တွေကျတော့ ဘယ်သူတွေကို အပ်ရမလဲ ဘယ်သူတွေက စိတ်ချရလဲဆိုတာကို မသိဘူး။ အဲဒီတော့ ငွေကြိုရှင်းတဲ့သူတွေ ပို့ခသက်သာတဲ့သူတွေ ကိုပဲ ရွေးပြီး အပ်ကြတယ်'လို့ ပြောပါတယ်။



ဈေးလျှော့ပို့ဆောင်ပေးပြီး ဈေးကွက်ဖြိုင်ဆိုင်လာကြရပါတယ်။

### ၁၀၀၀ ပဲ

အခုနောက်ပိုင်းဈေးတွေ လျှော့ပြီး ပို့လာတဲ့ ပို့ဆောင်ရေး လုပ်ငန်းတွေမှာဆိုရင် ဘယ်နေရာကိုပဲပို့ပို့ ကျပ် ၁၀၀၀ လောက်နဲ့ ပို့ပေးနေတာပါ။ အရင်တုန်းကဆိုရင် တအားဝေးတဲ့နေရာတွေဆိုရင် ကျပ် ၃၅၀၀၊ ၄၀၀၀ လောက်နဲ့ ပို့ပေးပေမဲ့ နောက်ပိုင်းမှာတော့ သည်လိုနေရာတွေကိုတောင် ပို့ခ ကျပ် ၁၀၀၀ နဲ့ ပို့ဆောင်ပေးနေတယ်လို့ သိရပါတယ်။

'အွန်လိုင်းရှော့ပင်းတွေ စစပေါ်ပေါ်ချင်းတုန်းကဆိုရင်တော့ ရွှေပြည်သာ၊ လှိုင်သာယာလို နေရာပြီးတော့ တောင်ဒဂုံလိုနေရာတွေကိုဆိုရင် ပို့ခက အနည်းဆုံး ကျပ် ၃၀၀၀၊ ၃၅၀၀၊ ၄၀၀၀ ပဲ၊ အခုတော့ ဈေးတွေကို တတ်နိုင်သမျှလိုက်လျှော့ပေးပြီး လုပ်ပေးတယ်ဆိုမှ လုပ်ငန်းက ရေရှည်မှာ ရပ်တည်နိုင်မှာ၊ အထပ်မြင့်တိုက်ခန်းတွေကို တက်ပြီးပို့ရတယ်ဆိုရင်တော့ အထပ်မြင့်အလိုက်ကို ဈေးယူတယ်၊ ဒါကလဲ ပစ္စည်း အလေးချိန်နဲ့ တက်ရတဲ့အထပ်တွေပေါ်မှာလဲ မူတည်သေးတယ်' လို့ ပို့ဆောင်ရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေတဲ့ ကိုမျိုးအောင်က ပြောပါတယ်။

အဝတ်အထည်၊ စာအုပ်နဲ့ တခြားပစ္စည်းသေးတွေကို ပို့ဆောင်မယ်ဆိုရင် အထပ်မြင့်ဖိုးတွေ မပေးရဘူးဆိုပေမဲ့ ကြီးမားတဲ့ပစ္စည်းတွေဆိုရင်တော့ အထပ်မြင့်လိုက်ပြီး ထပ်မံပေးဆောင်ရမှာဖြစ်ပါတယ်။

တစ်နိုင်တစ်ပိုင်လုပ်သူတွေကတော့ ကိုယ်တိုင်လည်း အွန်လိုင်းရှော့ပင်းလုပ်ကိုင်ကြသူတွေဖြစ်လို့ ကိုယ့်ပစ္စည်းကိုယ်ပို့ဆောင်ရတာကြောင့် အဆင်ပြေနိုင်ပေမဲ့ ပို့ဆောင်ရေးလုပ်ငန်းကိုသာ သီးသန့်လုပ်ကိုင်ကြသူတွေအတွက်ကတော့ အွန်လိုင်းရှော့ပင်းသမားတွေကို ငွေကြိုရှင်းရတာတွေ၊ ဝယ်ယူသူတွေဘက်က မယူတာတွေ၊ ဖုန်းမကိုင်တာတွေဆိုရင် ပစ္စည်းဖိုးတွေရော ပို့ဆောင်ခတွေပါ ဆုံးရှုံးနိုင်တယ်လို့ သိရပါတယ်။

ဒါကြောင့် သည်လိုပို့ဆောင်ခတွေကို လျှော့ပြီး ဈေးကွက်ဖြိုင်တာတွေက ကိုယ့်အွန်လိုင်းရှော့ပင်းကပစ္စည်းတွေကို ပို့ဆောင်ပေးတဲ့သူတွေအတွက် အဆင်ပြေနိုင်ပေမဲ့ ပို့ဆောင်ရေးလုပ်ငန်းကိုသာ သီးသန့်လုပ်ကိုင်နေတဲ့သူတွေအတွက်ကတော့ အခက်အခဲတွေရှိတယ်လို့ သိရပါတယ်။

**လိမ္မာ**

# အွန်လိုင်းမှာ ဈေးသက်သက်သာသာနဲ့ ဝင်လာတဲ့ ထိုင်းအလှကုန်တွေ ရောင်းအားကောင်းနေ

ရန်ကုန်၊ မတ် ၆ – အွန်လိုင်းမှာ ဈေးသက်သက်သာသာနဲ့ ဝင်ရောက်လာတဲ့ ထိုင်းအလှကုန်တွေရောင်းအားကောင်းနေပါတယ်။

သည်လို အလှကုန်တွေကတော့ အနည်းဆုံး ကျပ်၅၀၀ ကနေ ၁၀၀၀ကျော်လောက်သာရှိတဲ့ အလှကုန်တွေ ရောင်းနေရတာဖြစ်ပြီး လက်လီဆိုင်မဟုတ်ဘဲ လက်ကားရောင်းချနေတဲ့ အွန်လိုင်းရှော့တစ်ခု ဖြစ်တယ်လို့ သိရပါတယ်။ တစ်ခါတလေ ကိုရီးယားကနေ ဝင်တဲ့ ပစ္စည်းတွေကို ဈေးသက်သက်သာသာနဲ့ ရောင်းတယ်ဆိုပေမဲ့လည်း သည်ထိုင်းနိုင်ငံက ပစ္စည်းတွေလောက်တော့ ရောင်းအား မကောင်းပါဘူး။



အောက်ခံမိတ်ကပ်ခရင်မ်တွေ၊ နှုတ်ခမ်းနီ၊ အိုင်းရှဲလ်ဒိုးတွေကတော့ အများဆုံးရောင်းနေရတာ ဖြစ်ပြီး ဆိုင်ဖွင့်ချင်တဲ့သူတွေကတော့ သက်သက်သာသာ ရနိုင်တယ် ဆိုပြီးတော့ ဝယ်ယူကြတာ ဖြစ်ပြီး အွန်လိုင်းကနေပဲဖြစ်ဖြစ်၊ ဆိုင်ဖွင့်ပြီးတော့ပဲဖြစ်ဖြစ် ပြန်လည်ရောင်းချနေတာ ဖြစ်ပါတယ်။ ပြန်လည်ရောင်းချနေတဲ့ ဈေးနှုန်းတွေကတော့ ကျပ် ၂၀၀၀ကျော် လောက်ကနေ ၅၀၀၀ ကျော် ၁၀,၀၀၀ ကျော်လောက်အထိ ရှိတယ်လို့ သိရပါတယ်။

လတ်တလော အွန်လိုင်းမှာ အဝတ်အထည်တွေ၊ ဖန်စီပစ္စည်းတွေထက် အလှကုန်တွေ ပိုရောင်းချနေကြရတာဖြစ်ပြီး အဝတ်အထည်တွေထက် ဈေးသက်သာတဲ့ အလှကုန်တွေကို စိတ်ဝင်စားကြပြီး ဝယ်ယူသူပိုများတယ်လို့ သိရပါတယ်။

**လိမ္မာ**

# တရုတ်ကမှာတဲ့ အထည်တွေ ပစ္စည်းရောက်တာ နောက်ကျ အွန်လိုင်းရှော့ပင်း သမားတွေ အခက်အခဲဖြစ်နေ

ရန်ကုန်၊ မတ် ၆– တရုတ်ကနေမှာတဲ့ အထည်တွေ ပစ္စည်းရောက်တာ နောက်ကျလို့ အွန်လိုင်းရှော့ပင်း သမားအချို့ အခက်အခဲဖြစ်နေကြပါတယ်။

အခုရက်ပိုင်းမှာ တရုတ်က ပစ္စည်းတွေကို ရောင်းချနေတဲ့သူတွေက မှာထားတဲ့ ပစ္စည်းတွေအချိန်မီရောက်မလာတာကြောင့် ဝယ်ယူသူတွေကို တစ်ဆင့်ပြန်လည်ပို့ဆောင်ပေးဖို့ အခက်အခဲတွေဖြစ်နေတယ်လို့ သိရပါတယ်။ အွန်လိုင်းရှော့ပင်းသမားတွေက အများဆုံးမှာယူကြတာကတော့ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံက ပစ္စည်းတွေကို မှာယူကြတာများကြပါတယ်။ မှာတယ်ဆိုရင်လည်း အနည်းဆုံးနှစ်ပတ်ကနေ သုံးပတ်လောက်အထိ ကြာတတ်ပြီး တစ်ခါတလေမှာတော့ တစ်လလောက်အထိ ကြာမြင့်တတ်ပါတယ်။

အခုရက်ပိုင်း အများဆုံးတွေ့ရတဲ့ပို့စ်တွေကတော့ တရုတ်နိုင်ငံက ပစ္စည်းတွေ အချိန်မီရောက်မလာတာကြောင့် နယ်ဘက်ရော၊ မြို့တွင်းရော မှာယူထားတဲ့သူတွေကို တတ်နိုင်သလောက် အဆင်ပြေနိုင်အောင် လုပ်ပေးမယ်ဆိုတာတွေ အများအပြား တွေ့နေရတာဖြစ်ပါတယ်။

သည်လိုမျိုး တရုတ်ဘက်ကပဲဖြစ်ဖြစ်၊ ထိုင်းဘက်ကပဲဖြစ်ဖြစ် နောက်ကျတယ်ဆိုရင်တော့ အွန်လိုင်းရှော့ပင်းသမားတွေအတွက် လိမ်လည်တယ်ထင်တဲ့ပြဿနာကတော်တော်ကို ဆိုးဆိုးရွားရွားဖြစ်နေပြီး တစ်ခါတလေ ဘလက်လစ်တင်ခံရတဲ့ အထိ ဖြစ်နေတာတွေရှိတယ်လို့ သိရပါတယ်။

**လိမ္မာ**

# ဘောထုပ်လား၊ အွန်လိုင်းမှာလည်း ရောင်းတယ်နော်

ရန်ကုန်၊ မတ် ၆ – အွန်လိုင်းရှော့ပင်းအချို့မှာ အခုရက်ပိုင်း ဘောထုပ်ထည်တွေ အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။

အခုနောက်ပိုင်း အွန်လိုင်းမှာ သည်လိုအပေါင်းထည် တွေကို သီးသန့် ရောင်းချနေ တဲ့ ဂရု(ပ်)တွေလည်း ရှိလာပါတယ်။ ယူရို၊ စင်ကာပူနိုင်ငံက အပေါင်းထည်တွေကို မြန်မာနိုင်ငံမှာ တိုက်ရိုက်ဖြန့်ပေးနေသူတွေလည်းရှိတယ်လို့ သိရပါတယ်။

အွန်လိုင်းမှာ အပေါင်းထည်တွေ ရောင်းချနေတဲ့ မအေးချမ်းမြင့်က 'အွန်လိုင်းမှာ အသစ်တွေ ရောင်းတာကတော့ တော်တော်ကိုများတယ်၊ ဘောထုပ်ထည်တွေကတော့ ဈေးကလဲ ၁၀၀၀၊ ၂၀၀၀ (ကျပ်)လောက်ပဲရှိတယ်ဆိုတော့ အိမ်နေရင်းပဲ ဝတ်ဝတ် အဆင်ပြေတယ်၊ ဟိုနားဒီနားသွားရင်း ဝတ်ရင်လဲ အဆင်ပြေတယ်၊ အခုနောက်ပိုင်း ဝတ်တဲ့သူတွေရော၊ ရောင်းတဲ့သူတွေရော အများအပြားရှိလာတာပါ'လို့ ပြောပါတယ်။

### တိုက်ရိုက်ဖြန့်ဖြန့်

အွန်လိုင်းမှာ အပေါင်းထည်တွေ ရောင်းချနေတဲ့ ကိုကျော်မင်းထွန်းက 'ကျွန်တော်တို့ကတော့ ယူရိုမိတ်နဲ့ ထိုင်းမိတ်ဆိုပြီး နှစ်မျိုးရှိတယ်၊ အမျိုးသားဝတ်တွေ၊ အမျိုးသမီး ဝတ်တွေအပြင် ကလေးဝတ်တွေပါရှိတယ်၊ ယူရိုမိတ် ၄၅ ကီလိုဂရမ်မှာဆိုရင် အထည်အရေအတွက်က ၂၂၀ ကနေ ၂၆၀ လောက်အထိရှိတယ်၊ ဈေးနှုန်းကတော့ ကျပ် လေးသိန်းကျော်လောက်ရှိတယ်၊ ဒါတွေက အိမ်အရောက်ဈေးပါ၊ ထိုင်းမိတ်တွေကတော့ အသစ်တွေပါ၊ အပေါင်းမဟုတ်ပါဘူး။ ငွေလွှဲပြီး လေးရက်နေတာနဲ့ အိမ်ကို အရောက်ပို့ပေးပါတယ်'လို့ ပြောပါတယ်။

တချို့ ကိုရီးယားအထည်တွေ၊ ဂျပန်ထည်တွေကိုပါ ရောင်းနေသူတွေလည်းရှိတယ်လို့ သိရပါတယ်။ ဂျင်းထည်တွေကို အဓိက ရောင်းပါတယ်။ အမျိုးသားဝတ်၊ အမျိုးသမီးဝတ်တွေ အများအပြား ရောင်းချနေတာပါ။

### ဝယ်သူရောင်းသူ

ဝယ်ယူသူတွေအတွက် အထည်များများယူတယ်ဆိုရင် အခမဲ့ ပို့ဆောင်ပေးတာတွေ၊ ပို့ခသက်သာသာနဲ့ ပို့ဆောင်ပေးတာတွေ ရှိပါတယ်။ အခုချိန်မှာ အွန်လိုင်းမှာပဲ လွယ်လွယ်ကူကူ ဝယ်လို့ရနိုင်တာကြောင့် ဝယ်သူတွေ ရောင်းသူတွေ များနေတယ်လို့ သိရပါတယ်။

အခုကျတော့ အွန်လိုင်းကို တော်တော်များများလဲ တွင်တွင်ကျယ်ကျယ် သုံးလာတယ်ဆိုတော့ အွန်လိုင်းမှာ ဒီဇိုင်းတစ်ခုကို ပြပြီး ဘယ်လိုမှာလို့ရတယ်၊ ဘယ်နထည်ပါတယ်ဆိုတာကို ရေးလိုက်တယ်ဆိုရင် လိုချင်သူတွေဘက်က ချက်ဘောက်စ်ကနေ ဆက်သွယ်ပြီး ဝယ်လို့ရပြီဆိုတော့ ပိုပြီးတော့ လွယ်လဲလွယ်တယ်၊ အဆင်လဲပိုပြေသွားတယ်'လို့ အွန်လိုင်းမှာ အထည်ဟောင်းတွေကို ရောင်းချနေတဲ့ မစုစုပိုင်က ပြောပါတယ်။

သည်လိုဘောထုပ်ထည်တွေကို အွန်လိုင်းကနေ လက်ကားဖြန့်ဖြန့်တာတွေလည်းရှိလာပါတယ်။ အခုနောက်ပိုင်း ပိုပြီး အရောင်းအဝယ်တွေ အဆင်ပြေတယ်လို့ သိရပါတယ်။ ထိုင်ရွေးရတာကို မကြိုက်သူတွေအတွက်ကတော့ သည်လိုအွန်လိုင်းကနေ ရောင်းချတဲ့အခါမှာ သူတို့တွေအတွက်လည်း အဆင်ပြေနိုင်ပါတယ်။

အွန်လိုင်းကနေ ဝယ်ယူလို့ရနိုင်တာကြောင့် အချိန်ကုန်သက်သာတာတွေ၊ ဒီဇိုင်းတွေ ရွေးချယ်တဲ့အခါမှာ လူတိုးပြီး မရွေးရတာကြောင့် အွန်လိုင်းကနေ ဘောထုပ်ထည်တွေကို ဝယ်ယူတဲ့သူတွေရော ရောင်းချတဲ့သူတွေပါ အများအပြားရှိလာပါတယ်။

**လိမ္မာ**

www.free4reader.com



မြန်မာဝတ်စုံ ready to ware တွေကို ဝတ်ဆင်ကြတဲ့သူတွေ အများအပြားရှိလာတယ်။

# အသင့်ဝတ် မြန်မာဝတ်စုံရောင်းချနေတဲ့ ဒေါက်တာငုံငုံခိုင်မင်းနှင့် တွေ့ဆုံခြင်း

## ပိတ်စကွာလတီပိုင်းတွေ၊ ဆက်စပ်ပစ္စည်းပိုင်းတွေရွေးချယ်တဲ့အခါ အခက်အခဲတွေ ရှိပါတယ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၈ –** အခုနောက်ပိုင်းမှာတော့ မြန်မာဝတ်စုံတွေ ready to ware တွေကို ဝတ်ဆင်ကြတဲ့သူတွေ အများအပြားရှိလာတယ်။ အွန်လိုင်းကနေမှာယူတဲ့ ဝတ်စုံတွေမှာဆိုရင်တော့ ဆိုက်တွေ တလွဲဖြစ်နေတာတွေ၊ မှာထားတဲ့ အရောင်တွေနဲ့ လွဲတဲ့ပြဿနာတွေ အများဆုံးဖြစ်နေတတ်ပါတယ်။ သည်လိုမျိုးတွေ မဖြစ်အောင် ကြိုတင်သိထားသင့်တဲ့အချက်တွေ ရှိပါတယ်။

Ready To Wear အထည်တွေကို ကိုယ်ပိုင်ဒီဇိုင်းတွေနဲ့ ဈေးကွက်နဲ့ အွန်လိုင်းမှာ ဖြန့်ချိရောင်းချနေတဲ့ ဒေါက်တာငုံငုံခိုင်မင်းနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။

**မော်ဒန်။ ။ Ready To Wear အသင့်ဝတ်မြန်မာဝမ်းဆက်တွေ ဈေးကွက်ထဲဘယ်အချိန်က စတင်ပြီး ဖြန့်ချိခဲ့တာလဲ။**

**ဒေါက်တာငုံငုံခိုင်မင်း။** ။ စတင်ဖြန့်ချိဖြစ်ခဲ့တာကတော့ ကိုယ်တိုင်ကလည်း ဖက်ရှင်တွေ အလှအပတွေ စိတ်ဝင်စားတဲ့သူဖြစ်တယ်။ စီးပွားရေးနဲ့ပတ်သက်ပြီး အထည်လိုင်းကိုလည်း လုပ်ချင်တယ်။ အထည်လိုင်းဆိုပေမဲ့ ပိတ်စတို့၊ ရောင်းမှာထက်စာရင် Theme တစ်ခု Idea ကောင်းကောင်းနဲ့ ဆန်းသစ်ချင်တယ်။ ပြီးတော့ Traditional ရိုးရာကို နှစ်သက်တယ်။ နောက် ကိုယ်အပါအဝင် အချိန်ရှားပါးတဲ့ ခုခေတ်သစ်ပျိုမေတွေက မြန်မာဝမ်းဆက်ဝတ်ဖို့ဆို ပိတ်စရှာရ ဒီဇိုင်းစဉ်းစားရ၊ အပ်ချုပ်ဆိုင်သွားရ၊ အပ်ရက်ချိန်းပြန်စောင့်ရ၊ ဒုက္ခလေးတွေရှိတယ်။ ဒါတွေကို အဆင်ပြေစေဖို့ Ready To Wear အသင့်ချုပ်ပြီးသား အသင့်ဝတ်မြန်မာဝမ်းဆက်လေးတွေ ထုတ်လုပ်မယ်ဆိုပြီး စလုပ်ဖြစ်သွားတာပါ။

**မော်ဒန်။ ။ ဘယ်အချိန်က စတင်လုပ်ခဲ့တာလဲ။**

**ဒေါက်တာငုံငုံခိုင်မင်း။** ။ ဝပြီးအကောင်အထည်ဖော်ဖို့ ကြိုးစားတာကတော့ ၂၀၁၆ ထဲကပါ။ ၂၀၁၇ အစမှာ ဒီဇိုင်နာ supplier တွေ အထည်ချုပ်လုပ်ငန်းတွေနဲ့ စတင်ချိတ်ဆက်ခဲ့ပြီး မားကတ်ဆာဗေးတွေလည်း လုပ်ခဲ့တယ်။ မြန်မာဝမ်းဆက်ဆို ချုပ်ဝတ်ကြတာများတယ်ဆိုတော့ သည်လို Ready to Wear ဆိုရင် လက်ခံနိုင်ကြပါ့မလား။ ဈေးကွက်အခြေအနေ ဘယ်လိုရှိနိုင်မလဲဆိုတာလည်း လေ့လာခဲ့ပါတယ်။ ဒီဇိုင်းပိုင်းကတော့ ကိုယ်တိုင်ကလည်း ဖက်ရှင်ပိုင်းကိုစိတ်ဝင်စားတယ်၊ အမြဲတမ်းလည်း ခေတ်ပေါ် trend ကို လေ့လာနေတဲ့ သူဆိုတော့ ယုံကြည်မှုရှိပါတယ်။ ကိုယ်လိုချင်တဲ့ ကွာလတီပေးနိုင်တဲ့ supplier တွေနဲ့ ချိတ်ဆက်ပြီးတဲ့နောက် ၂၀၁၇ မေလမှာစပြီး ဖြန့်ချိခဲ့ပါတယ်။

**မော်ဒန်။ ။ ထုတ်လုပ်ခဲ့တဲ့အပိုင်းမှာရော အခက်အခဲတွေရှိခဲ့လား။**

**ဒေါက်တာငုံငုံခိုင်မင်း။** ။ စစချင်းကတော့ အွန်လိုင်းကပဲ အဓိကရောင်းချခဲ့ပါတယ်။ ကြုံရတဲ့အခက်အခဲတွေကတော့ တော်တော်များပါတယ်။ Fabric ပိုင်းက ကိုယ်ကျွမ်းကျင်တဲ့အပိုင်းမဟုတ်တော့ ကွာလတီပိုင်း accessories ရွေးချယ်တာတွေမှာ လိုအပ်ချက်တွေရှိခဲ့တယ်။ ဈေးနှုန်းပိုင်းကိုလည်း လူအများအဆင်ပြေစေမယ့် ဈေးနှုန်းကျပ် ၁၀,၀၀၀ ကျော်ဝန်းကျင်နဲ့ ဖြန့်ချိချင်တာကြောင့် ပိတ်စရွေးချယ်မှု ကွာလတီကွန်ထရိုးပိုင်းတွေ အထူးဂရုစိုက်ခဲ့ရတယ်။ နောက် အွန်လိုင်းကနေ အော်ဒါပိုင်းမှာလည်း မြန်မာဝတ်စုံဆို ဖစ်ဖြစ်နေမှ ကြိုက်တယ်။ ကိုယ်လုံးနဲ့ ကွက်တိမှ ကြိုက်ကြတာဆိုတော့ ဆိုက်အဆင်မပြေတာ၊ ပြန်လဲပေးရတာတွေ ရှိပါတယ်။ Delivery Charges တွေ ဆုံးရှုံးမှုများတယ်။ Ready to wear ဆိုတော့ စတင်းဒက်ဒ်ဆိုက်တစ်ခုနဲ့ ပဲ ချုပ်တာမှာ တစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်အချိုးအစားအလိုက် အဆင်မပြေတာလေးတွေ ရှိပါတယ်။ ဒါနဲ့ပဲ physical shop ဆိုင်ခန်းစဖွင့်ဖြစ်ခဲ့တာပါ။ ဆိုင်မှာတော့ တစ်ခါတည်းဝတ်ကြည့်ပြီး ပြန်သိပြန်ချုပ်ပေးတဲ့ fitting service ပါ ပေးနိုင်ခဲ့တယ်။ နောက်ပိုင်း ရန်ကုန်ဆိုင်အပြင် မန္တလေး၊ မုံရွာ၊ မော်လမြိုင်မြို့တွေမှာပါ ဆိုင်ခန်းဖွင့်လှစ်ခဲ့ပါတယ်။



**မော်ဒန်။ ။ အခုနောက်ပိုင်း မြန်မာဝတ်စုံတွေရောင်းချနေတဲ့သူတွေ အများအပြားရှိလာတယ်။ ဈေးကွက် အပြိုင်အဆိုင်တွေများလာတော့ဘယ်လိုယှဉ်ပြိုင်ရလဲ။**

**ဒေါက်တာငုံငုံခိုင်မင်း။** ။ ကိုယ့်ရဲ့ကွာလတီအရည်အသွေးရယ်၊ customer service ဝန်ဆောင်မှုပိုင်းကိုပဲ ပိုကောင်းမွန်အောင် တိုးတက်အောင် အားစိုက်လုပ်ဆောင်ပါတယ်။ ရွေးချယ်စရာစုံလင်ရမယ်။ online offline မှာ ယူဝယ်နိုင်တယ်။ ဒီဇိုင်းပိုင်းဆန်းသစ်နေဖို့ ဝယ်သူစိတ်ကျေနပ်ဖို့ ဈေးနှုန်းနဲ့ တန်တဲ့ product & service ပေးနိုင်အောင် အမြဲကြိုးစားနေရင်းနဲ့ပဲ ရပ်တည်ပါတယ်။

**မော်ဒန်။ ။ လောလောဆယ်ပေးနေတဲ့ ပရိုမိုးရှင်းတွေကရော ဘာတွေရှိလဲ။**

**ဒေါက်တာငုံငုံခိုင်မင်း။** ။ လောလောဆယ်ပေးနေတဲ့ ပရိုမိုးရှင်းကတော့ အခါအားလျော်စွာ ဒစ်စကောင့်တွေ ပရိုမိုးရှင်းတွေ လုပ်လေ့ရှိပါတယ်။ 1like=1000ks လိုဖေ့စ်ဘုတ်ခ်ကို like လုပ်ထားရင် ရှဲလ်ထားရင် တစ်ထည်ကို ကျပ် ၁၀၀၀ လျှော့ပေးတာမျိုး စစချင်း သုံးခဲ့ပါတယ်။ နောက် physical shop တွေ ဖွင့်တဲ့အခါ check in လုပ်ရင် ဒစ်စကောင့်ပေးတာမျိုးနဲ့ အွန်လိုင်းကနေ physical shop ကို promote လုပ်တဲ့ ဆိုရှယ်မီဒီယာ ကမ်ပိန်းတွေ လုပ်ခဲ့ပါတယ်။ ခုလောလောဆယ်တော့ မန္တလေးဆိုင်ခွဲ (၂) ထပ်မံဖွင့်လှစ်ခြင်းအထိမ်းအမှတ်နဲ့ ဒီဇိုင်းဟောင်းတွေကို တစ်စုံ ၁၀,၀၀၀ အောက်ဈေးဖြင့် လည်းကောင်း ဒီဇိုင်းသစ်တွေကိုတော့ ၁၀ ရာခိုင်နှုန်းဈေးလျှော့ပေးပြီး ပရိုမိုးရှင်းလုပ်နေပါတယ်။ အမြဲအားပေးနေကျ royal customer တွေအတွက် မန်ဘာကတ်လို အထူးအခွင့်အရေးအပြင် ဘောက်ချာနံပါတ်အလိုက် ကံစမ်းမဲနှိုက်ပြီး professtional photographer နဲ့ အောက်ဒိုးဓာတ်ပုံရိုက်ဖို့ စီစဉ်ပေးနိုင်အောင်လည်း ကြိုးစားနေပါတယ်။

**မော်ဒန်။ ။ ရှေ့ဆက်မယ့်အစီအစဉ်ကကော။**

**ဒေါက်တာငုံငုံခိုင်မင်း။** ။ အခုက ရန်ကုန်အပြင် မန္တလေး၊ မုံရွာ၊ မော်လမြိုင်မြို့တွေမှာ ဆိုင်ခွဲတွေ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ ထဲ မှာ နောက်ထပ်မြို့ကြီးတွေမှာ ထပ်မံပြီး တိုးချဲ့ဖွင့်လှစ်နိုင်အောင် ကြိုးစားနေပါတယ်။ လက်ရှိ ကွာလတီအရည်အသွေးနဲ့ customer service ဝန်ဆောင်မှုအပိုင်းတွေကို ပိုမိုအလေးထားအားထည့်ပြီး ကောင်းမွန်အောင် ကြိုးစားနေပါတယ်။

**မော်ဒန်။ ။ အခုလို ဖြေကြားပေးတာ ကျေးဇူးအများကြီးတင်ပါတယ်။**

လိမ္မာ

www.free4reader.com



# ငြိမ်း၊ စု၊ စီ ဥပဒေပြင်ဆင်ချက်တွေ အမျိုးသားလွှတ်တော် အတည်ပြု



မဲခွဲဆုံးဖြတ်ခဲ့ရာမှာ ထောက်ခံမဲများပြားခဲ့တာကြောင့် အဆိုကို အတည်ပြုခဲ့ပါတယ်။

နေပြည်တော်၊ မတ် ၇ – ကန့်ကွက်ချက်တွေများခဲ့ပြီး ခေါသွားနဲ့တူတယ်၊ ကိုယ်ဖော်တဲ့ဆေး ကိုယ်မသောက်နိုင်ဖြစ်လိမ့်မယ်၊ ပြည်သူနစ်နာမယ် စတဲ့ဝေဖန်ချက်တွေ ကျယ်လောင်ခဲ့ပေမဲ့ ငြိမ်း၊ စု၊ စီ ဥပဒေပြင်ဆင်ချက်တွေကို အမျိုးသားလွှတ်တော်က အတည်ပြုလိုက်ပါတယ်။

ငြိမ်း၊ စု၊ စီ ဥပဒေပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးခဲ့ပြီး ကိုယ်စားလှယ် ၁၂ ဦးက ကန့်ကွက်မှုတွေ၊ပြင်ဆင်ချက်တွေနဲ့ တင်ပြဆွေးနွေးခဲ့ပါတယ်။

## နှစ်ဖက်သွားဓားနဲ့တူ

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က 'ဒီဥပဒေက နှစ်ဖက်သွားဓားနဲ့ တူတယ်၊ နှစ်ဖက်စလုံး ရှမှာ၊ ပြည်သူလူထုလဲ ဒါနဲ့ထိမှာ၊ အာဏာပိုင်လဲ ထိမှာ၊ လွှတ်တော်အမတ်တွေပါ ဒီဥပဒေနဲ့ ထိပြီးတော့ ထောင်ကျသွားနိုင်တယ်'လို့ ပြောပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ပြည်သူလူထုက မဲပေးခဲ့လို့ ကိုယ်စားလှယ်နေရာရရှိခဲ့တာဖြစ်ပြီး တစ်ခါတစ်ရံမှာ ပြည်သူတွေက အခက်အခဲကို ဖော်ထုတ်တင်ပြချင်တာကြောင့် ဆန္ဒပြဖို့ အကူအညီတောင်းခံလာရင် ကူညီပေးရတာတွေရှိနေတယ်လို့ သိရပါတယ်။

အစိုးရအဖွဲ့အစည်းတချို့ လုပ်ထုံးလုပ်နည်း မှန်ကန်မှုမရှိတာတွေ၊ လယ်သမားတွေရဲ့စိုက်ပျိုးစရိတ်ချေးငွေစတဲ့ကိစ္စတွေမှာ တရားဥပဒေလမ်းကြောင်းကနေ လျှောက်ထားရင် အချိန်ကြာမြင့်နိုင်တာကြောင့် လွှတ်တော်အမတ်ကိုယ်တိုင်က ဆန္ဒပြတောင်းဆိုဖို့ အကြံပြုတာတွေလည်း ရှိခဲ့ဖူးတယ် လို့ သိရပါတယ်။

ဦးခင်မောင်လတ်က 'ဌာနဆိုင်ရာဆန္ဒပြမှာ နည်းနည်းကြောက်တယ်၊ ဒီကိစ္စဆန္ဒပြမှုရမှာ၊ လွှတ်တော်တို့ ဘာတို့တင်ရင် ကြာမယ်၊ ဆန္ဒသာ အရင်ပြလိုက်ဆိုပြီး လွှတ်တော်ကိုယ်စားလှယ်က ခိုင်းတာတွေရှိတယ်၊လူထုကိုယ်စားလှယ်က လူထုအကျိုးပဲ ကြည့်ရမှာလေဆိုရင် ဒီဥပဒေနဲ့ ငြိပြီ'လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ အစိုးရလက်ထက်က ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ အခန်း(၇) မှာ ပါဝင်တဲ့ ပြစ်မှုနှင့်ပြစ်ဒဏ်များခေါင်းစဉ်က ပုဒ်မ ၁၈ မှာ ပြစ်ဒဏ် ခြောက်လသာ သတ်မှတ်ပြဋ္ဌာန်းခဲ့ပေမဲ့ အခုပြင်ဆင်လိုက်တဲ့ဥပဒေကြမ်းမှာ ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်ဖို့ တိုးမြှင့်လိုက်ပါတယ်။

ဦးခင်မောင်လတ်က 'ဗိဗိဃ လိုပဲ လိုသလို စွဲလို့ရတယ်၊ အာဏာပိုင်တွေရဲ့လက်သုံးတောင်ဝှေးလို ဖြစ်သွားတယ်၊ သူတို့မကြိုက်ရင် တစ်မျိုးလုပ်မယ်၊ ကြိုက်ရင် လုပ်မယ်၊ အဲဒီလိုမျိုးဥပဒေ ဒါ မပြဋ္ဌာန်းသင့်ဘူး'လို့ ဝေဖန်ပါတယ်။

## ဒီမိုကရေစီသင်္ကေတ

ဒီမိုကရေစီရဲ့ အမှတ်သင်္ကေတတစ်ခုဖြစ်တဲ့ဆန္ဒဖော်ထုတ်ခွင့်ရရှိဖို့ ပြည်သူတွေ နှစ်ပေါင်း ၄၀၊ ၅၀ လောက် ကြိုးစားရင်းနှီးပြီး တောင်းဆိုခဲ့ရတာကိုလည်း မမေ့သင့်ဘဲ အခုလို ပြင်ဆင်လိုက်တာက ပြည်သူတွေကို အကြောက်တရားဝင်သွားစေနိုင်တယ်ဆိုပြီး လွှတ်တော်အတွင်းမှာ ဆွေးနွေးတင်ပြမှုတွေလည်း ရှိခဲ့ပါတယ်။

ဦးခင်မောင်လတ်က 'ဒီမိုကရေစီအစိုးရက တင်းနေတဲ့ဥပဒေတွေ ဖြေလျှော့ရမှာလေ၊ ဆိုတော့ အခုက ပြောင်းပြန်ကြီးဖြစ်နေတယ်'လို့ ပြောပါတယ်။

ဒီမိုကရေစီစနစ်ကျယ်ပြန့်လာဖို့ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်တွေ ပေးရမှာဖြစ်ပြီး ဒီမိုကရေစီကို နောက်ကြောင်းပြန်စေဖို့လုပ်နေတဲ့သူတွေကိုလည်း ရာဇသတ်ကြီးဥပဒေတွေနဲ့ အရေးယူနိုင်မယ့်နည်းလမ်းတွေ ရှိနေပါတယ်။

မရိုးသားတဲ့ ဆန္ဒထုတ်ဖော်မှုတွေကို နောက်ကွယ်က မရိုးဖြောင့်တဲ့နည်းလမ်းတွေနဲ့ အားပေးအားမြှောက်ပြုလုပ်သူတွေကို ပြည်သူလူထုအင်အား အသုံးပြုပြီး ရာဇသတ်ဥပဒေတွေနဲ့သာ အရေးယူဆောင်ရွက်သွားဖို့ တိုက်တွန်းသူတွေလည်းရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်က 'ဒီမိုကရေစီဘောင်ဆိုတာက အခုဟာက ဒီမိုကရေစီဘောင်ကျဉ်းသွားစေတဲ့သဘောပေါ့၊ လက်ရှိ ငြိမ်း၊ စု၊ စီဥပဒေကို ပြင်တဲ့အထဲမှာ ပါတဲ့အချက်တွေက လိုသလို ဆွဲယူလို့ရတယ်'လို့ ဝေဖန်ပါတယ်။

ဥပဒေပြဋ္ဌာန်းချက်တွေ တိုးမြင့်ပြီး ဒီမိုကရေစီလမ်းကြောင်း ကျဉ်းမြောင်းစေဖို့ မပြုလုပ်ဖို့လည်း ပြောဆိုမှုတွေရှိနေပါတယ်။

## ချောက်တွန်းနေလား

ဦးရဲထွဋ်က 'ဘယ်လိုကြောင့်လုပ်ရတာလဲဆိုတာစဉ်းစား နောက်ကွယ်က ဘယ်သူတွေက ချောက်တွန်းနေလဲဆိုတာအထိ တစ်ခါတလေစဉ်းစားမိတယ်'လို့ ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တည့်မတ်မှန်ကန်စွာလျှောက်လှမ်းနိုင်ဖို့ အခုလို တင်းကျပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းဖို့ထက် လက်ရှိပြဋ္ဌာန်းထားတဲ့ ခွင့်ပြုချက်တောင်းခံတာ၊ အသိပေးတင်ပြတာတွေ မရှိအောင် ဖြေလျှော့သွားရမှာဖြစ်တယ်လို့ ဦးရဲထွဋ်က ပြောပါတယ်။

အခုလို ငြိမ်း၊ စု၊ စီ ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ပြောင်းလဲလိုက်တာက ဒီမိုကရေစီစနစ်ကို နောက်ကြောင်းကို ပြန်သွားတဲ့သဘော သက်ရောက်နေပြီး ပြည်သူလူထုက အမြင်မှားမှုတွေ ရှိလာနိုင်တယ်လို့ ဆိုပါတယ်။

သည်ကနေ့ ဆန္ဒပြမှုတွေဖြစ်ပေါ်နေတဲ့ အခြေအနေအများစုက လုပ်ခလစာ မလောက်ငမှုကြောင့် လုပ်ခလစာ တိုးမြှင့်ပေးဖို့ တောင်းဆိုဆန္ဒပြတာ၊ မတရားသဖြင့် မြေယာအသိမ်းခံရမှုတွေကြောင့် ဆန္ဒပြတဲ့ပြည်သူတွေကို နစ်နာမှုတွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

ဦးရဲထွဋ်က 'များသောအားဖြင့် နစ်နာတဲ့သူတွေ၊ သူတို့က ဘယ်မှ ပိုက်ဆံပေးပြီး ခေါ်တာမဟုတ်ဘူး၊ ဆန္ဒပြတာ အဲဒီလူတွေထိတာ၊ အဲဒီတော့ ဒီမိုကရေစီဘောင်ကို ထိခိုက်တာပေါ့'လို့ ဝေဖန်ပါတယ်။

သည်ကနေ့ အမျိုးသားလွှတ်တော်က အတည်ပြုခဲ့တဲ့ ငြိမ်း၊ မှု၊ စီ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းက ပြည်သူလူထုရဲ့အခြေခံအခွင့်အရေးတွေကို ဖိနှိပ်နိုင်တဲ့ဥပဒေဖြစ်တာကြောင့် အတည်မပြုသင့်ကြောင်း အမျိုးသားလွှတ်တော်မှာ ကန့်ကွက်ဆွေးနွေးမှုတွေလည်းရှိခဲ့ပါတယ်။

> “ ဥပဒေတွေ ပြဋ္ဌာန်းရာမှာလည်း ပြည်သူတွေအတွက် အကျိုးရှိတဲ့ ဥပဒေဖြစ်ဖို့ လိုအပ်ပါတယ် ”

## အတည်မပြုသင့်

ပြင်ဆင်ချက်တွေနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးက 'အခုလို ကန့်သတ်ဖိနှိပ်တဲ့အငြင်းပွားဖွယ် ဥပဒေကြမ်းတစ်ခုကို လွှတ်တော်အနေနဲ့ လက်ခံအတည်မပြုသင့်ကြောင်း'ဆွေးနွေးသွားပါတယ်။

မဲဆန္ဒရှင်ပြည်သူတွေကို ကိုယ်စားပြုတဲ့ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူလူထုရဲ့ အခြေခံအခွင့်အရေးတွေကို ပိတ်ပင်ဟန့်တားပြီး လိုသလိုဖိနှိပ်နိုင်တဲ့အငြင်းပွားဖွယ်ဥပဒေတွေကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ ဖြည့်စွက်ဖို့ပဲ ဖြစ်ပါတယ်။

ဒေါ်နော်လှလှစိုးက 'ပြည်သူတွေဟာ ဒီအခွင့်အရေးရတာမှ မကြာသေးဘူး၊ အခု ပြန်လည် ကန့်သတ်လိုက်ပြန်ပြီဆိုတဲ့ အနေအထားမျိုး ဖြစ်သွားမှာစိုးရိမ်ပါတယ်'လို့ ပြောပါတယ်။

မြန်မာနိုင်ငံက ဒီမိုကရေစီလမ်းကြောင်းကို ကြိုးစားလျှောက်လှမ်းနေတဲ့နိုင်ငံအဖြစ်သာရှိနေသေးပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခွင့်ဆိုတဲ့ အခြေခံကျတဲ့လူ့အခွင့်အရေးတစ်ရပ်ရရှိမှသာ ဒီမိုကရေစီအသိုင်းအဝိုင်းကို ချဲ့ထွင်နိုင်မှာဖြစ်ပါတယ်။

ပြင်ဆင်ချက်တချို့က တိကျတဲ့ သတ်မှတ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေမပါရှိတာကြောင့် လိုရင်လိုသလို ဆွဲနိုင်တဲ့အခြေအနေတွေကိုလည်း ဖန်တီးသွားနိုင်တယ်လို့ သိရပါတယ်။

'အဓိပ္ပာယ်တွေက ကျယ်ပြန့်လွန်းအားကြီးတာမို့ ခွင့်မပြုချင်ရင် ဘယ်အရာမှ ခွင့်မပြုနိုင်အောင် လုပ်နိုင်တဲ့အနေအထားမျိုးမှာရှိနေပါတယ်'လို့ ဒေါ်နော်လှလှစိုးက ပြောပါတယ်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုလုပ်မယ့်အစီအစဉ် အပြည့်အစုံတင်ပြဖို့ ဥပဒေကြမ်းကော်မတီက တင်ပြထားပြီး အဆိုပါအစီအစဉ် အပြည့်အစုံဆိုတာက ကန့်သတ်ချက်မပါရှိတာကြောင့် အာဏာပိုင်တွေဘက်က အစီအစဉ်မပြည့်စုံဘူးဆိုတဲ့ အကြောင်းအရာတစ်ခုတည်းနဲ့ပဲ တရားစွဲဆိုလို့ရတဲ့ အနေအထားမျိုးဖြစ်နေတယ်လို့ သိရပါတယ်။

## အကျိုးရှိဖို့လို

ပြည်သူလူထုအနေနဲ့လည်း ဆန္ဒပြမှုတွေနဲ့ ပတ်သက်ပြီး အလိမ်အညာလား၊ အစစ်အမှန်လား ဆိုတာကို ခွဲခြားနိုင်ပြီး ဥပဒေတွေ ပြဋ္ဌာန်းရာမှာလည်း ပြည်သူတွေအတွက် အကျိုးရှိတဲ့ဥပဒေဖြစ်ဖို့ လိုအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက 'ပုဒ်မ(၄) နဲ့ ပုဒ်မ(၁၈)မှာပါတဲ့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဘာရေးညာရေးဆိုတဲ့ပြဋ္ဌာန်းချက်တွေက ဘာမှတိတိကျကျမရှိဘူး၊ ဘာမှဥပဒေအဂ်ါရပ်လဲတစ်ခုမှ မပါဘူး'လို့ ပြောပါတယ်။

အရင်ကလည်း အဲသည်ဥပဒေလိုမျိုး ပြဋ္ဌာန်းချက်တွေကြောင့် အင်န်အယ်လ်ဒီပါတီဝင်တွေကို နိုင်ငံတော်လုံခြုံရေးအကြောင်းပြချက်တွေနဲ့ ဖမ်းဆီးမှုတွေလည်း ရှိခဲ့ဖူးပါတယ်။

စာမျက်နှာ ၂၇ သို့

www.free4reader.com



# ကျွန်မနာမည် မိမိပြုံး၊ တက္ကစီ မောင်းပါတယ်

ရန်ကုန်၊ မတ် ၇ – ယာဉ်မောင်းအလုပ်ဆိုတာ ယောကျ်ားတွေသာ လုပ်သင့်တယ်ဆိုတဲ့ အယူအဆတစ်ခုကို ချိုးဖျက်ပြီး အမျိုးသမီးယာဉ်မောင်း လုပ်ကိုင်တဲ့ အမျိုးသမီးတွေထဲမှာ ကျွန်မလည်းပါဝင်ခဲ့တယ်။

ကျွန်မနာမည်က မိမိပြုံးပါ။ တက္ကစီမောင်းပါတယ်။ အဖြူရောင် အေဒီဗင်တက္ကစီလေးဟာ ကျွန်မရဲ့ ဘဝဖော်ဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ်။ ငယ်ငယ်ကတည်းက ရန်ကုန်မြို့ကြီးရဲ့လမ်းတွေနဲ့ အကျွမ်းတဝင်ရှိခဲ့တာရယ်၊ ကားမောင်းကျွမ်းကျင်လာတာရယ်က တက္ကစီယာဉ်မောင်းဘဝနဲ့ အသက်မွေးဝမ်းကျောင်းဖို့ တွန်းပို့သလို ဖြစ်ခဲ့တယ်။



ကျွန်မရဲ့နောက်မှာ ကားမောင်းကြသူများအဖွဲ့ရှိနေတာ၊ အူဘာနဲ့ ချိတ်ဆက်ထားတာတွေကြောင့် ပိုပြီးလုံခြုံစိတ်ချမှုရှိနေပါတယ်။



## ဘယ်လိုစတင်

အရင်က ကျွန်းသစ်စက်ရုံတစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတာပဲရှိတယ်။ တခြားဘာမှ မလုပ်တတ်ခဲ့ဘူး။ ကိုယ်က ဘာမှကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားတာ မရှိပေမဲ့ သူများရဲ့ လခစားလည်း မလုပ်ချင်ပြန်ဘူး။ အဲဒါကြောင့် ကိုယ်ပိုင်လွတ်လွတ်လပ်လပ်လုပ်နိုင်တဲ့ အလုပ်မျိုးကို ရွေးချယ်တယ်။ တက္ကစီမောင်းဖို့က ကျွန်မအတွက် အကောင်းဆုံးရွေးချယ်စရာအလုပ်ဖြစ်ခဲ့ပါတယ်။

ကျွန်မရဲ့ ခင်ပွန်းဆုံးသွားပြီးကတည်းက မိသားစုကို ထောက်ပံ့နိုင်ဖို့ ကျွန်မ တက္ကစီ စမောင်းခဲ့တယ်။ မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေရှိဖို့ အရေးပေါ်လိုအပ်လာတာကြောင့်လည်း ဖြစ်တယ်။ တက္ကစီမောင်းဖို့က ကျွန်မအတွက်တော့ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်ခဲ့တယ်။

ကျွန်မ စင်ကာပူကိုရောက်တုန်းက အမျိုးသမီးမောင်းနှင်တဲ့ တက္ကစီယာဉ်တွေ တွေ့ခဲ့ရလို့ သဘောကျခဲ့တယ်။ အဲသည်မှာတောင် တက္ကစီမောင်းဖို့ စဉ်းစားမိပါတယ်။ ဒါပေမဲ့ လိုင်စင်ရဖို့နဲ့ တခြားကိစ္စတွေက ခက်ခဲတယ်လေ။ ကျွန်မရဲ့ မိသားစုအတွက်လည်း ထည့်စဉ်းစားရသေးတာပေါ့။ အဲဒါကြောင့် မလုပ်ဖြစ်ခဲ့ဘူး။ တရုတ်ကိုလည်း ရောက်ဖူးတယ်။ အဲသည်မှာလည်း အမျိုးသမီးတက္ကစီယာဉ်မောင်းတွေ တွေ့ရတော့ မောင်းချင်ခဲ့တယ်။ အစတုန်းကတော့ ကျွန်မရဲ့ဦးလေးက စိုးရိမ်ပြီး မလုပ်စေချင်ခဲ့ဘူး။ ဒါပေမဲ့ မရ ရ အောင်ပြောပြီး စမောင်းခဲ့တယ်။

ကျွန်မရဲ့ ခင်ပွန်းနဲ့ တခြားမိသားစုဝင်တွေကလည်း တက္ကစီမောင်းဖူးကြတော့ နီးစပ်မှုရှိတယ်။ ၁၉၉၉ ခုနှစ်ကတည်းက ကျွန်မယာဉ်မောင်းလိုင်စင်ရခဲ့ပြီးတော့ မောင်းတဲ့အခါ မောင်းလိုက်၊ နားတဲ့အခါ နားလိုက် နေခဲ့တယ်။ စင်ကာပူက ပြန်လာပြီးတဲ့အခါကျမှပဲ ကျွန်မအချိန်ပြည့် စမောင်းဖြစ်ပါတယ်။

## အခက်အခဲ

အမျိုးသမီးတစ်ယောက် တက္ကစီမောင်းတယ်ဆိုတာ လွယ်တော့ မလွယ်ပါဘူး။ အခုဆိုရင် ကျွန်မ တက္ကစီမောင်းလာတာ ခြောက်နှစ်နီးပါးရှိပြီ။ အဲသည်အတွေ့အကြုံတွေက အန္တရာယ်ကို ထိန်းကျောင်းပေးနိုင်လို့ အဖြစ်ဆိုးမျိုးတွေ မကြုံခဲ့ဘူး။ ကိုယ်ကပဲ သိပ်ကံကောင်းနေလားတော့ မသိဘူးပေါ့နော်။ ညဥ့်နက်တဲ့အချိန်တွေ၊ လူပြတ်တဲ့လမ်းတွေ၊ သံသယရှိစရာ ကောင်းတဲ့သူတွေ၊ သောက်စားမူးရူးနေသူတွေ တက္ကစီငှားလာရင် ရှောင်ရပါတယ်။ မိန်းကလေးတစ်ယောက်အတွက် လုံခြုံစိတ်ချရစေဖို့ အချိန်၊ နေရာ၊ ပတ်ဝန်းကျင်အလိုက် ကာစတန်မာ ရှာရတာဟာ အလွန်ခက်ခဲပါတယ်။

အစကတော့ အမျိုးသမီးတက္ကစီယာဉ်မောင်းဆိုလို့ ကျွန်မ အမြဲ အထင်သေးခံရတယ်။ တချို့ယောကျ်ားယာဉ်မောင်းတွေက မနှစ်မြို့ကြဘူး။ တချို့ကတော့ ဝင်ငွေရဖို့ ကောင်းကောင်းမွန်မွန် အလုပ်လုပ်တာပဲဆိုပြီး ကူညီပေးကြပါတယ်။

အမျိုးသမီးတစ်ယောက် ကားမောင်းနေတာကို တွေ့ရတဲ့အချိန်မှာ ခရီးသည်တွေက အံ့ဩသွားတတ်ပါတယ်။ တချို့ခရီးသည်တွေကတော့ အမျိုးသမီးယာဉ်မောင်းဖြစ်နေလို့ ပိုပြီး သဘောကျကြပါတယ်။ ခရီးသည်တစ်ဦးကဆိုရင် ကျွန်မနဲ့ပဲ ထပ်စီးချင်တယ်လို့ ပြောဖူးပါတယ်။ အဲသည်လိုအခါမျိုးဆိုရင် ကျွန်မလည်း စိတ်အားတက်ရပါတယ်။

တချို့ အမျိုးသမီးကာစတန်မာ တချို့က သူတို့လည်း အမျိုးသမီး တက္ကစီယာဉ်မောင်းလုပ်ချင်တယ်၊ သည်လိုပုံစံနဲ့ ငွေရှာဖို့ စဉ်းစားဖူးတယ်လို့ ပြောကြတယ်။ သူတို့ရဲ့ ရုံးအလုပ်တွေကနေထွက်ပြီး တက္ကစီမောင်းပြီး ဝင်ငွေရှာဖို့ပေါ့။ ကျွန်မကတော့ သူတို့လုပ်ချင်တယ်ဆိုရင် လုပ်သာလုပ်လို့ အားပေးလိုက်တယ်။ သမ္မာအာဇီဝကျကျ ဝန်ဆောင်မှုပေးတာဖြစ်လို့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်လို့ ခံယူထားတယ်။ ကိုယ့်အတွက် အဆင်ပြေတဲ့ အချိန်အတိုင်း အလုပ်လုပ်နိုင်ပြီး ဝင်ငွေဘယ်လိုရှာမလဲဆိုတာကို ကိုယ့်သဘောရှိ ထိန်းချုပ်နိုင်တဲ့ လွတ်လပ်ခွင့် ရှိတယ်လို့ထင်တယ်။ လူအများနဲ့ဆက်ဆံရတာဖြစ်လို့ အန္တရာယ်ကို ဘယ်လိုရှောင်ရမလဲဆိုတာတော့ စဉ်းစားဆုံးဖြတ်ရတာပေါ့။

## မလုံခြုံဘူးဆိုရင်

ရန်ကုန်မြို့ကြီးမှာ အမျိုးသမီးတွေရဲ့ လုံခြုံမှုအခြေအနေကတော့ အရင်ကလည်း အန္တရာယ်များခဲ့သလို အခုလည်းအန္တရာယ်များနေတုန်းပါပဲ။ ကျွန်မမှတ်မိပါသေးတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက ဘတ်စ်ကားပေါ်မှာ မလုံခြုံတာတွေ ရှိခဲ့တယ်။ အခုလည်း တက္ကစီသမားတစ်ယောက်က ကာစတန်မာအမျိုးသမီးငယ်ကို မုဒိမ်းကျင့်သတ်ဖြတ်တာမျိုးဟာ တက္ကစီလောကတစ်ခုလုံးက မှားယွင်းတာမျိုး မဟုတ်ပါဘူး။ ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး အပုပ်မခံနိုင်ပါဘူး။ ပြစ်မှုကျူးလွန်သူကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူဖို့ပါပဲ။

သည်လိုအဖြစ်ဆိုးတွေကို ကျွန်မတို့ကြည့်ရှောင်နေကြရတာပါပဲ။ ဒါပေမဲ့ အခုဆိုရင် တက္ကစီကုမ္ပဏီတွေဖြစ်တဲ့ အူဘာ၊ ဂရက်ဘ်၊ ဟယ်လိုကပ်နဲ့ အိုးဝေတို့လို အပလီကေးရှင်းတွေ ရှိလာပါပြီ။ ဘယ်သူမဆို ကိုယ့်ရဲ့ တည်နေရာကို မျှဝေနိုင်တာကြောင့် ကိုယ့်ရဲ့ခရီးစဉ် ဘယ်နေရာကိုသွားနေတယ်၊ ယာဉ်မောင်းဘယ်သူဖြစ်တယ်ဆိုတာတွေကို မြင်နေရမှာဖြစ်တယ်။ ဒါပေမဲ့ ကျွန်မတို့တွေ အားလုံး ထပ်ပြီးလုပ်ဆောင်ရမှာတွေ ရှိပါသေးတယ်။

## ကားမောင်းအဖွဲ့

ကျွန်မက ငယ်ငယ်ကတည်းက ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသလို လုပ်ရဲကိုင်ရဲလည်း ရှိပါတယ်။ ဒါပေမဲ့ ပိုပြီးလုံခြုံစိတ်ချစေဖို့ အူဘာနဲ့ လက်တွဲထားသလို ကားမောင်းကြသူများအဖွဲ့မှာလည်း ဝင်ထားပါတယ်။ အဲသည်အဖွဲ့မှာ အမျိုးသမီး ယာဉ်မောင်းတွေ အများကြီးပဲ တွေ့ရပါတယ်။ သူတို့တွေဟာ တခြားတက္ကစီ အငှားဝန်ဆောင်မှု အပလီကေးရှင်းတွေကို သုံးကြပါတယ်။ သူတို့က ကျွန်မလိုပဲ ကားမောင်းရတာ သဘောကျပြီး တက္ကစီမောင်းပြီး ဝင်ငွေရှာနေကြတာပါ။

ကားမောင်းကြသူများအဖွဲ့ ဆိုတာဟာ ကားမောင်းရတာ နှစ်သက်တဲ့လူတွေစုပြီး ဖွဲ့စည်းထားတာဖြစ်တယ်။ အဖွဲ့အစည်းအနေနဲ့ ကျွန်မတို့ လူမှုအကျိုးပြုလုပ်ငန်းတွေ လုပ်ကိုင်ကြတယ်။ အဖွဲ့ဝင်တွေ အကူအညီလိုတဲ့ အချိန် ဥပမာ ယာဉ်မတော်တဆမှု ဖြစ်တဲ့အခါမျိုးတွေမှာ ကူညီပေးကြတယ်။ ဘယ်လိုအကူအညီမျိုးပဲလိုလို အနီးဆုံးမှာရှိတဲ့လူ သွားပြီးကူညီပေးတယ်။ ကားမောင်းကြသူများအဖွဲ့မှာ ကျွန်မအဖွဲ့ဝင်ထားတာ တစ်နှစ်ကျော်ပါပြီ။ ကျွန်မရဲ့နောက်မှာ ကားမောင်းကြသူများအဖွဲ့ရှိနေတာ၊ အူဘာနဲ့ ချိတ်ဆက်ထားတာတွေကြောင့် ပိုပြီးလုံခြုံစိတ်ချမှုရှိနေပါတယ်။ ကိုယ့်ကိုယ်ကိုလည်း ပိုပြီး ယုံကြည်မှု ရှိလာတယ်။

> တက္ကစီမောင်းဖို့က ကျွန်မအတွက်တော့ စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်ခဲ့တယ်

ကားမောင်းကြသူများအဖွဲ့ (Driving Myanmar Group)ကို အူဘာ (Uber) က ပြီးခဲ့တဲ့နှစ်က စတင်ဝင်ရောက်ပါတယ်။ အူဘာ အပလီကေးရှင်းကို မသုံးခင်တုန်းက အမျိုးသမီးတစ်ဦးအနေနဲ့ လမ်းပေါ်မှာ တက္ကစီငှားမလားလို့ အော်အော်ပြီး ခရီးသည်ရှာရတာ သိပ်ခက်ခဲပါတယ်။ ခုတော့ ခရီးသည်ရှာရတာ လွယ်ကူပါတယ်။

အမှန်တကယ် အမျိုးသမီးတွေ လုံခြုံစေဖို့ဆိုတာဟာ အမျိုးသားတွေက ကူညီပေးသင့်တယ်လို့ ထင်ပါတယ်။ လုံခြုံမှုရှိဖို့ဆိုတာဟာ လူတိုင်းလူတိုင်းက ကူညီဆောင်ရွက်ပေးကြရမှာပါ။ တစ်ယောက်ရဲ့ တစ်ယောက် မောင်နှမရင်းချာတွေလို ကူညီဖေးမကြရပါမယ်။ ကားမောင်းကြသူများအဖွဲ့ဟာ အဲသည်အတိုင်းပဲ ကူညီကြပါတယ်။ ဘယ်သူက ဘယ်လိုအခက်အခဲနဲ့ပဲကြုံကြုံ ကျွန်မတို့တွေဟာ မောင်နှမတွေလို တစ်ယောက်နဲ့တစ်ယောက် ကူညီနေကြတာပါ။ အခုဆိုရင် ကျေးလက်ဒေသတွေမှာလည်း အဖွဲ့ဝင်တွေရှိနေပါတယ်။ အပြန်အလှန် ရိုင်းပင်းကူညီတဲ့ ညီညွတ်မှုတွေက မလိုလားအပ်တဲ့ အကြမ်းဖက်မှုတွေကို ကာကွယ်ပေးပြီး အမျိုးသမီးတွေရဲ့ လုံခြုံစိတ်ချရတဲ့ဘဝတွေကို ဖြစ်တည်စေပါတယ်။ ဟုတ်ကဲ့၊ ကျွန်မ မိမိပြုံးပါ၊ တက္ကစီမောင်းပါတယ်။

အောင်ထွန်းဦး




# ပလက်ဖောင်းမင်းသားတနေ့ မီလျံနာတကယ်ဖြစ်လာသူ

## အမ်ဘာရစ်မီထရာ

ပျံကျရပ်ကွက်မှာနေရင်း ဉာဏ်စမ်း ပဟေဠိမှာ အချီကြီးပေါက်ပြီး မီလျံနာ ဖြစ်သွားတဲ့ Slumdog Millionaire က ရုပ်ရှင်ဆိုပေမဲ့ သည်လိုဘဝမျိုးကို အပြင်မှာ လက်တွေ့ တွေ့နိုင်ပါတယ်။ အမ်ဘာရစ်မီထရာဟာ နယူးဒေလီပျံကျရပ်ကွက်မှာ နေထိုင်ဖို့ အသက် ၁၅ နှစ်မှာ အိမ်ပေါ်က ဆင်းလာခဲ့သူဖြစ်ပါတယ်။

အသက် ၁၇ နှစ်မှာတော့ သူဟာ ဝန်ထမ်း ၅၅ ယောက်ကို ခန့်ထားနိုင်ခဲ့ပါတယ်။

နှစ်ပေါင်း ၂၀ နီးပါးကြာတဲ့ အခုအချိန်မှာတော့ သူဟာ ဒေါ်လာ ၁.၅ ဘီလျံတန်တဲ့ မိုဘိုင်းလ်ဖုန်းစီးပွားရေးဖြစ်တဲ့ Blippar ကို ထူထောင်သူ သူဌေးဖြစ်နေပါပြီ။

အမ်ဘာရစ်က သူ့ဘဝဟာ စွန့်စားခန်းလို့ ပြောတာ မလွန်ပါဘူး။

၂၀၁၁ ခုနှစ်မှာ စတင်ဖြန့်ချိခဲ့တဲ့ Blippar ဟာ လက်တွေ့ကမ္ဘာကို နည်းပညာကမ္ဘာနဲ့ ပေါင်းစပ်ပေးတဲ့ အက်ပ်ဖြစ်ပါတယ်။ ဖုန်းကင်မရာကိုသုံးပြီး ကိုယ့်ဘေးပတ်ဝန်းကျင်က ကမ္ဘာကြီးအကြောင်းကို ကိုယ်က ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိနိုင်ပါတယ်။

ဉပမာ ဖုန်းကင်မရာနဲ့ ပန်းသီးတစ်လုံးကို ချိန်ရွယ်လိုက်ရင် ဖုန်းစခရင်မှာ ပန်းသီးရုပ်ပုံပေါ်လာတဲ့အပြင် ပန်းသီးရဲ့သမိုင်းကြောင်းကို အသေးစိတ်ရှင်းပြတာတွေ ပေါ်လာလိမ့်မယ်။ ဒါ့အပြင် ပန်းသီးကို ရာလကာရည်လုပ်တဲ့နည်း၊ ပန်းသီးစိုက်ပျိုးနည်းတွေကိုပါ ထပ်မံကြည့်ရှုနိုင်ပါတယ်။

Blippar ကို လူကြိုက်များမှုက တိုးတက်နေပါတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်း တကမ္ဘာလုံးက နိုင်ငံပေါင်း ၁၇၀ မှာ အက်ပ်ကိုသုံးစွဲသူ ၆၅ သန်းအထိ ရှိနေတယ်လို့ ကုမ္ပဏီက ဆိုပါတယ်။

အိန္ဒိယအရှေ့ပိုင်း ဂျာခန်းပြည်နယ်၊ ဒန်ဘက်ဆိုတဲ့ သတ္တုတွင်းတူးမြို့ကလေးမှာ လူလတ်တန်းစားမိသားစုက မွေးဖွားလာတဲ့ အမ်ဘာရစ်ဟာ ကျောင်းစာမေးပွဲတွေ ကျပြီးနောက် အိမ်ကနေ ထွက်ပြေးလာခဲ့ပါတယ်။ သူ့အဖေက သူ့ကို အင်ဂျင်နီယာလုပ်စေချင်တယ်၊ သူက ကွန်ပျူတာတွေကို စိတ်ဝင်စားပါတယ်။

အားလုံးကြိုတင်ပြင်ဆင်ပြီး တစ်နေ့မှာတော့ သူ အိမ်ပေါ်က ဆင်းတဲ့ အကြောင်း မိဘတွေကို စာတစ်စောင်ထားခဲ့ပြီးနောက် အိတ်ဆွဲပြီး ထွက်လာခဲ့ပါတယ်။

'ကျွန်တော် မွမ်ဘိုင်းကို သွားမယ်လို့ စာရေးခဲ့တာ၊ လူတိုင်းက ရုပ်ရှင်ထဲမှာဆို အဲဒီလိုပဲပြောကြတာလေ၊ တကယ့်ကို တေုံးပါပဲ'လို့ အခု အသက် ၃၇ နှစ်ရှိပြီဖြစ်တဲ့ အမ်ဘာရစ်က ဆိုပါတယ်။

မွမ်ဘိုင်းကို သွားမယ့်အစား အမ်ဘာရစ်ဟာ နယူးဒေလီကိုသွားပြီးနောက် အနောက်တောင်ဘက်အပိုင်းက ဆင်းရဲသားရပ်ကွက်တစ်ခုထဲမှာ သူများတွေနဲ့အတူ ရွံ့အိမ်ထဲ နေထိုင်ခဲ့ပါတယ်။

အိမ်မှာ အိမ်သာမရှိဘူး။ ကြမ်းပြင်ပေါ်မှာ တခြားလူခြောက်ယောက်နဲ့အတူ အိပ်ရတာပါ။

သူက မဂ္ဂဇင်းလိုက်ရောင်း၊ စားသောက်ဆိုင်တစ်ခုမှာ အလုပ်လုပ်ရင်း သတင်းစာမှာ သူတို့သဘောကျတဲ့ စီးပွားရေးအကြံဉာဏ်တစ်ခုအတွက် ဒေါ်လာ ၁၀၀၀၀ ပေးမယ်ဆိုတဲ့ ကြော်ငြာတစ်ခုကို သွားတွေ့ပါတယ်။

အဲသည်နောက် လုပ်အားခ လျော့နည်းရရှိနေတဲ့ အမျိုးသမီးတွေကို အင်တာနက် အခမဲ့ပေးမယ်ဆိုတဲ့ အသက် ၁၆ နှစ်သားရဲ့အကြံဉာဏ်က ဒေါ်လာ ၁၀,၀၀၀ ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အမ်ဘာရစ်ဟာ သူ့မိသားစုထဲက လုပ်နိုင်ကိုင်နိုင်စွမ်းရှိတဲ့ အမျိုးသမီးတွေနဲ့ အိန္ဒိယလူ့အဖွဲ့အစည်းထဲက အမျိုးသမီးတွေကို ဖိကြဉ်ထားမှုတွေ တော်တော်ကြာဟာတယ်လို့ ခံစားရသူဖြစ်ပါတယ်။ အဲဒါကြောင့် ဆုရတဲ့ ပိုက်ဆံကို သုံးပြီး သူဟာ ဝီးမင်းအင်ဖိုလိုင်းဆိုတဲ့ လုပ်ငန်းတစ်ခုကို ထူထောင်ပါတယ်။ ကြော်ငြာကရတဲ့ ပိုက်ဆံကို အခြေတည်ပြီး အမျိုးသမီးတွေကို အင်တာနက် အခမဲ့ပေးသုံးဖို့ ဖြစ်ပါတယ်။

အလုပ်အကိုင်အကောင်းဆုံးအချိန်မှာ သူ့ဝန်ထမ်း ၁၂၅ ဦးအထိ ရှိခဲ့ပေမဲ့ အဲသည်အချိန်မှာ သူဟာ သိပ်ကောင်းတဲ့ ခေါင်းဆောင်မဟုတ်ခဲ့ဘူးလို့ အမ်ဘာရစ်က ဆိုပါတယ်။ နောက်ပြီး သူ့ကုမ္ပဏီကလည်း အကျိုးအမြတ် မရပါဘူး။

နောက်ဆုံး ဝီးမင်းအင်ဖိုလိုင်းက ပိုက်ဆံတချို့နဲ့အတူ မိသားစုနဲ့ ပြန်ပေါင်းထုပ်နိုင်ခဲ့တဲ့ အမ်ဘာရစ်ဟာ ဗြိတိန်ကို ပြောင်းရွှေ့လာပါတယ်။

သူဟာ ဗြိတိန်အခြေစိုက် နည်းပညာကုမ္ပဏီတစ်ခု ထူထောင်ချင်ပေမဲ့ မအောင်မြင်ပါဘူး။

အဲသည်နောက် အာမခံကုမ္ပဏီတစ်ခုမှာ အနိမ့်ဆုံးအဆင့်ကနေ အလုပ်လုပ်ခဲ့ရပြီး တစ်ပတ်စာလုံးအလုပ်ကို ခြောက်နာရီအတွင်း အပြီးလုပ်နိုင်တဲ့ အဆင့်ဖြစ်တယ်လို့ သူက ဆိုပါတယ်။

အမ်ဘာရစ်ဟာ စိတ်မာတ်ကျပြီး အရက်တွေ အလွန်သောက်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်နေ့လယ်ခင်းမှာ လန်ဒန်တောင်ပိုင်းက အရက်ဆိုင်တစ်ခုမှာ သောက်ရင်း အရာရာပြောင်းလဲသွားခဲ့ပါတယ်။ 'ကျွန်တော်က အရက်ဆိုင်မှာ အိုမာ (တေးယပ်) နဲ့အတူ သောက်နေတယ်၊

'...နောက်ဆုံးတစ်ခါသောက်တော့ ၁၅ ပေါင် ပေးရတယ်၊ ကျွန်တော်က ပိုက်ဆံကို ခုံပေါ်တင်ရင်း ဟာသပြောလိုက်တယ်၊ "တကယ်လို့ အဲလိဇဘက် ဘုရင်မကြီးသာ ပိုက်ဆံထဲက ထွက်လာရင် ဘယ်လိုနေမလဲ" လို့၊ တကယ်တော့ ရူးကြောင်ကြောင်နဲ့ ပြောလိုက်တာပါ'

ဒါပေမဲ့ စမတ်ကျပြီး ပညာတတ်တယ်လို့ အမ်ဘာရစ်ချီးကျူးတဲ့ အိုမာဟာ သူ့သူငယ်ချင်းရဲ့မျက်နှာကို ဘုရင်မကြီးရဲ့မျက်နှာနဲ့တွဲနိုင်တဲ့ အက်ပ်တစ်ခုကို အစမ်းထုတ်လုပ်လိုက်ပါတယ်။

သည်အက်ပ်ကို အရက်ဆိုင်က လူတွေကို သူတို့ပြရင်း နောက်ဆုံးတော့ ကမ္ဘာပေါ်က ရှိသမျှအရာအားလုံးကို ကြည့်နိုင်တဲ့၊ အဲဒါအပြင် အဲသည်အရာတွေအကြောင်း နှံ့နှံ့စပ်စပ်ရှာဖွေနိုင်တဲ့ အက်ပ်တစ်ခု သူတို့လုပ်သင့်တယ်လို့ အမ်ဘာရစ်က အိုမာကို အကြံပေးခဲ့ပါတယ်။

သည်လိုနဲ့ Blippar မွေးဖွားလာပါတယ်။

အလျင်အမြန်ကြီးထွားလာတဲ့ Blippar ဟာ အခုဆိုရင် တကမ္ဘာလုံးက ၁၂ နိုင်ငံမှာ ရုံးခန်းတွေ ဖွင့်ထားပြီး အဲသည်အထဲမှာ လန်ဒန်၊ နယူးယောက်၊ ဆန်ဖရန်စစ္စကို၊ ဒေလီနဲ့ စင်ကာပူတို့ ပါဝင်ပါတယ်။

ကုမ္ပဏီနဲ့ ဝန်ထမ်း ၃၀၀ လောက်ဟာ ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၉ သန်း ရရှိထားပြီး အဲသည်အထဲမှာ မလေးရှားအစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုက ဒေါ်လာ ၅၄ သန်း မြှုပ်နှံထားမှု ပါဝင်ပါတယ်။

Blippar ဟာ စာအုပ်ထုတ်ဝေရေးဖြစ်တဲ့ ကွန်ဒီနက်စ်၊ ကားလုပ်ငန်းကြီး ဂျာဂွာ၊ စားသုံးကုန်လုပ်ငန်း ယူနီလီဗာ၊ ကော်ဖီလုပ်ငန်း နက်စလေတို့လိုမျိုး ဘရန်းတွေနဲ့ ပူးပေါင်းမှုပြုလုပ်ထားပြီး ပိုက်ဆံရရှိနေပါတယ်။

သည်အက်ပ်ကို တစ်ကမ္ဘာလုံးက ကျောင်းပေါင်း ၆ရ,၀၀၀ မှာလည်း သုံးစွဲနေပါတယ်။

နည်းပညာလေ့လာသုံးသပ်သူတစ်ဦးဖြစ်တဲ့ ခရစ္စဂရင်းက Blippar ကို လူကြိုက်များလာတာက သည်အက်ပ်ကို သုံးဖို့ တခြားထူးထူးခြားခြား မလိုအပ်ဘဲ ကိုယ့်ဖုန်းကို သုံးရုံပဲဖြစ်ကြောင်း ပြောပါတယ်။

အနာဂတ်မှာ ကမ္ဘာပေါ်က အရာတိုင်းက အက်ပ်က သိရှိစေဖို့ အမ်ဘာရစ်က ရည်မှန်းထားပါတယ်။

ဒါ့အပြင် သူ့ရဲ့တခြားရည်ရွယ်ချက်တစ်ခုကတော့ စာမတတ်သူတွေကို စာနဲ့သာမက အသံနဲ့ပါ အသိပညာပေးဖို့ဖြစ်ပါတယ်။ သူငယ်ချင်းတွေနဲ့တွေ့ဖို့ ဒေလီကိုပြန်တော့ အမ်ဘာရစ်က ဆယ်ကျော်သက်ဘဝမှာ ရုန်းကန်ခဲ့တဲ့ အတွေ့အကြုံကြောင့် 'ဟော့... ငါဒီဘဝကိုတောင် ကျော်လွှားနိုင်သေးရင် အရာရာကို ကျော်လွှားနိုင်မှာပဲဆိုတဲ့ ခံစားချက်ရတယ်' လို့ ပြောခဲ့ပါတယ်။

**မနော်စင်** [ref: BBC.]

ရမည်။ မိသားစုတွင် နေရာထိုင်ခင်းကိစ္စအတွက် စကားပြောအောင်မြင်မည်။ **ယတြာ။** ။ဗုဒ္ဓဟူးနေ့တွင် ပဲကုလားဟင်း ဆွမ်းလောင်းပါ။

### တူရာသီ (စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၃)

အပြောင်းအလဲများသူများ၊ စကားမတည်သူများနှင့် ဆက်ဆံနေရမည်။ သစ္စာမဲ့သူများ ဒုက္ခပေးလိမ့်မည်။ ခုတုံးလုပ်၍ အသုံးချခံရတတ်သည်။ အခက်အခဲပဋိပက္ခများနှင့် ထိပ်တိုက်တွေ့ရတတ်သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ ယုံကြည်အားကိုး၍မရ။ ဖြစ်ပေါ်လာသော အပြောင်းအလဲများ အသုံးချ၍ တိုးတက်အောင်မြင်မှုရမည်။ မတော်တဆအန္တရာယ် သတိရှိရမည်။ **ယတြာ။** ။သောကြာနေ့တွင် ဟင်းရွက်ကြော် ဆွမ်းလောင်းပါ။

### ဗြိစ္ဆာရာသီ(အောက်တိုဘာ ၂၄ မှ နိုဝင်ဘာ ၂၂)

အရှုပ်အထွေးများကြား ဝင်ရောက်ဖြေရှင်းရမည်။ တစ်ပါးသူ၏ အထင်မှားမှု၊ စွပ်စွဲမှုများ ခံရတတ်သည်။ မနာလိုသူများ၊ ရန်အနှောင့်အယှက်များကို ထိပ်တိုက် တွေ့ကြုံရတတ်သည်။ ရှိနေသောငွေထက်ပို၍ သုံးစွဲလိုစိတ်များ ကြုံမည်။ ငွေမချေးရ။ လျှပ်စစ်ပစ္စည်းများ သတိနှင့်ကိုင်တွယ်ပါ။ စက်ယန္တရားများနှင့် ထိခိုက်တတ်သည်။ **ယတြာ။** ။အင်္ဂါနေ့တွင် စက်ပစ္စည်းဟောင်းများ စွန့်ပါ။

### ဓနုရာသီ (နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ ၂၁)

သူတစ်ပါးပြဿနာများ ကြားဝင်ဖြေရှင်းပေးရမည်။ ဖြေရှင်းပြီး အေးနေသော ပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းရမည်။ ရောဂါဝေဒနာဟောင်းများ ပြန်ပေါ်တတ်သည်။ ပညာအတတ်နှင့်ပတ်သက်သောကံကောင်းမည်။ သူတစ်ပါးနှင့် ယှဉ်ပြိုင်ပြီးလုပ်သောကိစ္စများ အောင်မြင်မည်။ လူမျိုးကွဲ လူမျိုးခြား အကျိုးပေးမည်။ **ယတြာ။** ။ကြာသပတေးနေ့တွင် ပဲပြားသုပ် ဒါနပြုပါ။

### မကာရရာသီ (ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ ၂၀)

ပတ်ဝန်းကျင်နှင့် ပဋိပက္ခဖြစ်မည်။ ရန်၊ မနာလို အတိုက်အခံပြုသူများနှင့် ကြုံမည်။ အခက်အခဲများနှင့် ထိပ်တိုက်တွေ့မည်။ ငွေကြေးကိစ္စစကားပြောဆိုမှုများ အဆင်ပြေမည်။ ဆုံးဖြတ်ချက် မှားတတ်သည်။ ညှိနှိုင်းတိုင်ပင်ပြီးမှ ဆောင်ရွက်ပါ။ စာရွက်စာတမ်း၊ စာရင်းဇယားအမှားကို လက်ခံလက်မှတ်ရေးထိုးခြင်း ကြုံတတ်သည်။ **ယတြာ။** ။စနေနေ့တွင် ထီးနီတစ်လက် ဘုရားလှူပါ။

### ကုံရာသီ (ဇန်နဝါရီ ၂၁ မှ ဖေဖော်ဝါရီ ၁၈)

အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ ရန်အားလုံးကို ရင်ဆိုင်ပြီး တိုးတက်မည်။ လူမျိုးကွဲ လူမျိုးခြား အကျိုးပေးမည်။ ကာလအတန်ကြာ ခက်ခဲနေသည်များ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်။ အမျိုးသမီး မိတ်ဆွေတစ်ဦးထံမှ အကူအညီရမည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ သတိနှင့်ဆောင်ရွက်ပါ။ ရှေးဟောင်းပစ္စည်းတစ်ခု လက်ဆောင်ရမည်။ **ယတြာ။** ။စနေနေ့တွင် နဂါးမောက်သီး ဆွမ်းတော်တင်ပါ။

### မိန်ရာသီ (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀)

ကာလအတန်ကြာ ဆောင်ရွက်ထားသည့်ကိစ္စများကို အပြီးသတ်အောင် ဆောင်ရွက်နိုင်မည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်ခြင်းမှ ထင်ရှားသော တက်လမ်းရမည်။ ကိုယ်ပိုင်အစွမ်းအစများ ပေါ်လွင်ထင်ရှားမည်။ ရုတ်တရက် ခရီးသွားရမည်။ အညံ့အဆိုး၊ အပြိုင်အဆိုင်များကြားမှ တိုးတက်မှုရရမည်။ သုံးသပ်မှုမှားယွင်းခြင်းကြောင့် အကြောင်းအရာ တချို့ကို နှစ်ကြိမ်မက ပြန်လုပ်ရမည်။ **ယတြာ။** ။ကြာသပတေးနေ့တွင် ပေါက်ပေါက်တစ်ပွဲ ဆွမ်းတော်တင်ပါ။

**ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။**
**စံ- စာဏဘို (ဖုန်း-၆၄၁၆၃၉)**

www.free4reader.com





# နိုင်ငံရေး လုပ်နေသော သူငယ်ချင်း

ခင်မောင်ဝင်း (စစ်တွေ)



'ငါကတော့ တစ်သက်လုံး မသေမချင်း နိုင်ငံရေးပဲလုပ်နေတော့မှာ မောင်ရေ'

'ဘာနိုင်ငံရေးလဲ၊ မင့်အသက်လဲ မင်းကြည့်ဦး၊ ၆၀ ကျော်ပြီနော် သူငယ်ချင်း'

'ဒါကတော့ ဝါသနာပဲကွ'

'ကြည့်လဲ လုပ်ပါကွာ'

*

ကျွန်တော်နှင့် သိန်းစိုးက ရန်ကုန်တက္ကသိုလ်မှာတုန်းက ကျောင်းတက်ဖက်။ ကျွန်တော်က ပဲခူးဆောင်ကျောင်းသား။ သူက ရန်ကုန်သားမို့ ဒေးကျောင်းသား။ ကျွန်တော့်အခန်းမှာ အမြဲသူရှိတတ်သမို့ သူ့ကို သော့တစ်ချောင်းတောင် အပိုပေးထားရသည်။

ကျောင်းပြီးတော့ ထုံးစံအတိုင်း အလုပ်တွေထဲရောက်။ တစ်နယ်စီခြား၍ ဝေးကွာသွားခဲ့ကြသည်။ သားမယားတွေရကြတော့ပိုပြီး ဝေးသည်ထက်ဝေး။ သူငယ်ချင်းတို့ တို့ကိုမမေ့စေချင်လို့ ဘယ်လောက်ပဲဆိုဆို။

သူငယ်ချင်းတစ်ယောက်တလေနှင့် ဆုံလျှင်တော့ ဟိုကောင်ကြီး ဟိုရောက်နေပြီ၊ လူကြီးကောင်းလို့ ကြီးပွားနေပြီ။ ဟိုကောင်ကတော့ ဒုံရင်းဒုံရင်းပဲ။ ဟိုကောင်ကတော့ ဘယ်နိုင်ငံရောက်သွားပြီဆိုသည့် သတင်းများကို ကြားရတတ်သည်။

သိန်းစိုးကတော့ ပထမ အစိုးရဌာနတစ်ခုမှာ ဝင်လုပ်သည်။ ပြီးတော့ စင်ကာပူထွက်သွားသည်ဟု ကြားသည်။ နောက်သတင်းတော့ ဆက်မရတော့။ နှစ်တွေကြာပြီး ခုတစ်ဖန် ခင်မောင်တင်ထံမှ သတင်းကောင်းတစ်ခုရသည်။ သိန်းစိုးပြန်ရောက်ပြီ။ အောင်ဆန်းကွင်းနားတွင် သင်ထောက်ကူ ပစ္စည်းအပြည့်အစုံနှင့် ခေတ်မီ သင်တန်းဖွင့်ပြီး ဝန်ဆောင်မှုတွေ ပေးနေသည်ဟူသည့်သတင်း။

*

ထိုသတင်းကို ကျွန်တော် ရန်ကုန်ရောက်ခိုက် ရသည်မို့ ချက်ချင်းပင် ခင်မောင်တင် ပေးသောလိပ်စာအတိုင်း သိန်းစိုး၏ သင်တန်းကျောင်းသို့ ရောက်ရှိခဲ့သည်။ ဖုန်းဆက်၍ ကြိုတင် အကြောင်းမကြားခြင်းမှာ အံ့သြသွားစေလို၍ ဖြစ်သည်။ ကျွန်တော်ရောက်တော့ သူသင်တန်းပြနေသည်။ အခန်းဝတွင် ထိုင်နေသော အသားဖြူဖြူ စာရေးမလေးက သင်တန်းပြီးဆုံးချိန် နီးပြီဖြစ်၍ ဧည့်ခန်းတွင် ခေတ္တစောင့်ရန် မေတ္တာရပ်ခံသဖြင့် ထုံးစံအတိုင်း ပါလာသော ဖုန်းကလေးကို ထုတ်ကာ လက်ညှိုးကလေးနဲ့ပွတ်ရင်း နောက်ဆုံးရသတင်းများကို ဖတ်ရှုနေမိသည်။

ခဏကြာသောအခါ သင်တန်းပြီးဆုံးသဖြင့် သင်တန်းသားများထွက်လာကြသည်။ ကျွန်တော်သင်တန်းသားများအား ငေးမောနေစဉ် ဘယ်အချိန်က ကျွန်တော့်နောက်သို့ရောက်နေမှန်းမသိသော သိန်းစိုးက ကျွန်တော့်ပခုံးအားပုတ်ကာ...

'ဟေ့ကောင် မောင်ဝင်း၊ ဘယ်တုန်းက ရောက်လဲ'

'မနေ့ညနေက ရောက်တာ၊ မင်းသင်တန်းဖွင့်နေတာကို ခင်မောင်တင်က ပြောလို့သိရတာ၊ ဒါနဲ့ ဒီမနက် ချက်ချင်းပဲ လာခဲ့တာ'

'ဩော် အေး၊ ဘာစားပြီးပြီလဲ၊ တစ်ခုခု စားရင်းပြောကြတာပေါ့၊ မသူဇာရေ ဖုန်းနဲ့ ချိုပေါ့နှစ်ခွက်နဲ့ မုန့်မှာလိုက်နော်'

'ဟုတ်ကဲ့'

'ဟေ့ကောင်ကြီး မင်းက ခေါင်းတစ်ခေါင်းလုံးဖြူနေတာတောင် ခုထက်ထိ အနားမယူသေးဘူးလား၊ မင်းသားသမီးတွေလဲ ကိုယ့်အလုပ် ကိုယ့်အကိုင်နဲ့ အခြေကျနေကြပြီဆို၊ မင်းတို့လင်မယားနှစ်ယောက်တည်းဆို ဒီကျောင်းကိုငှားစားထားတောင် ထိုင်စားလို့ရမယ်ထင်တာပဲ'

'အင်း မင်းပြောတာ ဟုတ်သလို ရှိပေမဲ့ မဟုတ်သလိုလဲရှိသေးတယ်ကွ'

'မင်းစကားကလဲကွာ'

'လူဆိုတာ ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ်တတ်နိုင်တဲ့အလင်းရောင်တစ်ခု ပေးနိုင်ခဲ့မှ တာဝန်ကျေတယ်ကွ၊ တို့ပတ်ဝန်းကျင်ကိုကြည့်လိုက်၊ နေရာအားလုံးဟာ အလင်းရောင်ရနေတာမဟုတ်ဘူး။ ဒီတော့ လင်းအောင်လုပ်ပေးဖို့ မင်းတို့ငါတို့မှာ တာဝန်ရှိတယ်၊ မီးအားကောင်းကောင်းနဲ့ လင်းအောင်လုပ်ပေးတဲ့သူ ရှိတယ်၊ တချို့က မီးလုံးကလေးလောက်ပဲ တတ်နိုင်တယ်၊ တချို့က ဖယောင်းတိုင်လောက်၊ တချို့က ပိုးစုန်းကြူးအလင်းရောင်လောက်'

'အင်း'

'မအင်းနဲ့၊ မင်းကော မင်းပတ်ဝန်းကျင်အတွက် ဘယ်လိုအလင်းတွေ ဖန်တီးပေးပြီးပြီလဲ'

'ဒါနချစ်သူများဆိုတဲ့အဖွဲ့ဖွဲ့ပြီး ရေဘေး၊ မီးဘေး၊ လေဘေးကယ်ဆယ်ရေး လုပ်ငန်းတွေ လုပ်ခဲ့တယ်၊ ဘုန်းကြီးကျောင်းတွေကို ဆွမ်းဆန်စိမ်းတွေလှူခဲ့တယ်၊ စာတော်ပြီး ဆင်းရဲတဲ့ ကျောင်းသားတွေကို ကျောင်းစရိတ်တွေထောက်ပံ့လှူဒါန်းခဲ့တယ်'

'ထားပါတော့ကွာ၊ ခုကော ဘာလုပ်နေလဲ'

'ခုတော့ အနားယူလိုက်ပြီ၊ စာဖတ်တယ်၊ တရားစခန်းဝင်တယ်၊ အိမ်မှာတော့ တရားဘာဝနာအားထုတ်တယ်၊ သေရင် အပါယ်မရောက်ဖို့က အရေးကြီးတယ်၊ အနည်းဆုံး ဒီဘဝမှာ သောတာပန်လောက်ဖြစ်ထားမှ နောင်လာမယ့်ဘဝတွေ အတွက် အာမခံချက်ရှိမှာ၊ သံသရာဆက်ပြီး မလည်ချင်တော့ဘူး သူငယ်ချင်း'

'အင်း ငါကတော့ လက်တွေ့နိုင်ငံရေး သမားလုပ်နေရတာပဲ ပျော်တယ်'

'ဘယ်လိုဘယ်လို...မင်းကသင်တန်းမှာနိုင်ငံရေးသဘောတရားတွေဟောပြောပြီး မဲဆွယ်စည်းရုံးနေတာလား'

ကျွန်တော်တို့စကားပြောကောင်းနေစဉ် မုန့်နှင့် လက်ဖက်ရည်များရောက်လာသဖြင့် ခေတ္တနားကာ ဝမ်းဖြည့်လိုက်ကြသည်။ မရှေးမနှောင်းပင် ခင်မောင်တင်နှင့် ဇော်လင်းတို့ရောက်လာသဖြင့် စာရေးမလေးခမျာ ဆိုင်သို့ ထပ်၍ ဖုန်းဆက်ရရှာသည်။ သိန်းစိုးက...

'ကဲ စကားကို ဆက်ရအောင်၊ ငါလုပ်နေတဲ့ နိုင်ငံရေးဆိုတာက ငါတို့နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးနေတာ၊ သင်ပေးနေတာကို ပြောတာ၊ ငါသင်ပေးလို့ ဒီပညာကို သူတို့တတ်သွားရင် ဒို့နိုင်ငံမှာ ခေတ်မီပညာတတ်တွေ တိုးမလာဘူးလား။ အဲဒီလို နိုင်ငံတိုးတက်ဖို့ အရေးကိုလုပ်နေတဲ့ နိုင်ငံရေးသမားစစ်စစ်ကွ၊ ငါ့အတွက် အမိကလုပ်နေတာမဟုတ်ဘူး၊ ထိုင်နေလဲရတယ်'

'အင်း ဒီလိုဆိုတော့လဲ အဟုတ်သားပဲ'

'သင်တန်းမှာ သင်တန်းကြေး သတ်မှတ်ထားတယ်၊ ငွေကြေးမတတ်နိုင်ရင် သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်ကျောင်းတွေက ထောက်ခံစာအပြည့်အစုံပါရင် ငါ အလကားသင်ပေးတယ်၊ မင်းတို့အသိတွေ အမျိုးတွေထဲက နွမ်းပါးပြီး အရည်အချင်းရှိလို့ သင်ချင်တယ်ဆိုရင် ငါ့ဆီသာ လွှတ်လိုက်၊ အလကားသင်ပေးမယ်'

'သာဓု သာဓု သာဓု'

ထိုအချိန်တွင် သိန်းစိုး၏ ဖုန်းမှ အသံမြည်လာသဖြင့် ကျွန်တော်တို့ လက်ဖက်ရည်နဲ့ မုန့်ကို ဆက်စားရင်း နားစွင့်နေမိသည်။

'ဩော် အေး ငါးလေးလား၊ မောင်ဝင်းရောက်နေတယ်ကွ၊ လာခဲ့ပါလား၊ ငါ့အတန်းက နေ့လယ် ၂:၀၀ နာရီမှ စမှာ၊ အချိန်ရတယ်၊ အေးအေး ခုလာခဲ့နော်'

သူက ဖုန်းကို စားပွဲပေါ်တင်ရင်း ကျွန်တော့်အား ပြုံးကြည့်ကာ

'ငါ့သင်တန်းကျောင်းကို နာမည်ဖျက်နေတာ ဒီ ငါးလေးဆိုတဲ့ကောင်ပဲ'

'ငါးလေး ခင်မောင်ဝင်းကို ပြောတာလား၊ ဘာဖြစ်လို့လဲ'

'သူက ငါ့ကျောင်းကို သိန်းစိုးဘီယာဂါးဒင်းတဲ့လေကွာ၊ ဘီယာကို တိုက်လဲတိုက်ရသေးတယ်၊ နာမည်လဲ ဖျက်သေးတယ်'

'သူငယ်ချင်းအရင်းခေါက်ခေါက်မို့ ချစ်လို့ပါကွာ၊ သည်းခံဒကာကြီး ခံလက်စနဲ့ ဆက်ခံပေတော့'

ဇော်လင်း၏ မှတ်ချက်။

အပြန်လမ်းတွင် သည်လိုမသေမချင်း လောကအလင်းကို ထွန်းညှိပေးရန် သန္နိဋ္ဌာန်ချထားသော နိုင်ငံရေးသမားမျိုးလည်း ရှိပါသေးပါလားဟု ကျွန်တော် အတွေးဝင်ခဲ့မိပါသည်။ **ခင်မောင်ဝင်း (စစ်တွေ)**


CHIGO

Change is going
Innovate your life

New Model 150

New Model 156

Myanmar Classic Group Co.,Ltd.

Yangon : 09-259 33 55 00, 259 33 55 11.
Nay Pyi Taw : 09-259 33 55 66, 259 33 55 77.
Mandalay : 09-259 33 55 88, 259 33 55 99.

3 years warranty



AAS Air.con
Sales & Services

- Electrolux(R32)1HP 427000/-
( သုံးနှစ် ပစ္စည်း+လက်ခ အခမဲ့
တစ်နှစ်လျှင် Servicing ၂ ကြိမ် အခမဲ့ )
- Mitsubishi(R410A)1HP 432000/-
- Panasonic 1HP 380000/-
- Chigo 1HP 290000/-
- TCL 1HP 260000/-

Air-Con Brand မျိုးစုံကို တပ်ဆင်ခ အခမဲ့ နှင့်ရောင်းချပေးနေပါသည်
ခင်ဗျား . . . .

သင်္ဃန်းကျွန်းဆိုင်ခွဲ 01-573811,578957
မြောက်ဥက္ကလာပဆိုင်ခွဲ 09-8614140
တာမွေဆိုင်ခွဲ 09-5054228
လမ်းမတော်ဆိုင်ခွဲ 09-420033464
(၄၈)လမ်းဆိုင်ခွဲ 09-420071954
မန္တလေးဆိုင်ခွဲ 09-450236294



**တာဝန်ခံ အယ်ဒီတာ**
ဝေလျှံ
**အယ်ဒီတာအဖွဲ့**
သင်းသင်းထွေး၊ ဆန်းငြိမ်းသော်
**သတင်းထောက်များ**
မေစုကြည်၊ အေးအေးအောင်၊
အောင်ထွန်းဦး၊ ဇွတ္တာဖြူ၊
မေသော်တာမောင်၊ မေဘယ်လ်၊
လိမ္မာ၊ မို့မို့သန္တာ၊ နှင်းနှင်း၊
မိပွဲ၊ မေသက်
**သတင်းဓာတ်ပုံ**
မျိုးနိုင်၊ စစ်ထက်အောင်
**သတင်းဘာသာပြန်အဖွဲ့**
**အယ်ဒီတာ**
မိုးထက်ဇင်
**လက်ထောက်အယ်ဒီတာ**
စုပြည့်စုံ
**ဘာသာပြန်အဖွဲ့**
အေးသီမွန်၊ ယွန်းစန္ဒီစုန်းမွန်၊ ချိုလေးငယ်
**ကော်ပီအယ်ဒီတာ**
မျိုးမင်းဦး၊ ညီမင်းဦး
**ဂရပ်ဖစ်ဒီဇိုင်း**
(မောင်မြ-ခန)
**စာပြင်** – သက်ဝေ၊ သက်နိုင်
**ကွန်ပျူတာအဖွဲ့**
ချယ်ရီသင်း၊ အေးသီတာ၊
မျိုးသန္တာသန်း၊ ယဉ်သန္တာ၊ နေနွယ်တင်မြင့်၊
သက်သက်နိုင်၊ အိစုန်း
**ကြော်ငြာတာဝန်ခံ**
သင်းသီရိဇင်
ဖုန်း – ၀၁ ၂၉၁၈၆၅၊ ၀၉ ၇၆၉၂၅၈၉၃၄
**ပုံနှိပ်သူ**
ဦးဝင်းအောင် (မြ-၀၀၀၈၂)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄/၈၆၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ**
ဦးမောင်မောင်စိန် (၀၀၆၄၄)
အမှတ် ၁၁၃၊ ၅၂လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**အထက်မြန်မာပြည်ရုံးခွဲ**
**တာဝန်ခံ(ယာယီ)**
ဗိုးစိန်
**သတင်းထောက်များ**
မိုးမြင့်ထွန်း၊ နန်းဟေမာထွေး၊
အေးစုမွန်
**ရုံးခွဲလိပ်စာ**
အမှတ် ၄၀ ခ၊ ၂၉ လမ်းနှင့်
၇၂ လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်
မန္တလေးမြို့။
ဖုန်း ၀၂ ၂၈၄၄၄၈၀၊ ၀၉၉၁၀၄၀၉၈၉

**နေပြည်တော်ရုံးခွဲ**
**အယ်ဒီတာ**
ချိုဇင်မာဝင့်
**သတင်းထောက်**
မာရီနိုင်၊ အောင်မင်းသိန်း
အမှတ် ၆၉၊ ၄ဝါလမ်း၊ နယ်မြေ(၂)၊
သပြေကုန်း၊ နေပြည်တော်။
ဖုန်း – ၀၆၇ ၄၁၄၉၀၅

www.free4reader.com

# လာဘ်စားမှုစုံစမ်းရာမှာ သမ္မတဟောင်း လီမြောင်ဘတ်ကို အစိုးရရှေ့နေတွေ ဆင့်ခေါ်

**မတ် ၆** – စုံစမ်းစစ်ဆေးခံရတဲ့ နိုင်ငံ့ ခေါင်းဆောင်ဟောင်းတွေထဲက နောက်ဆုံးတစ်ဦးအဖြစ် ရှေးရိုးစွဲ သမ္မတဟောင်းလီမြောင်ဘတ်ကို အကျင့်ပျက် လာဘ်စားမှု အရှုပ်တော်ပုံတစ်ခုမှာ ရာဇဝတ်မှုကျူးလွန်သူ သံသယရှိသူအဖြစ်နဲ့ စစ်ဆေးမေးမြန်းဖို့အတွက် တောင်ကိုရီးယား အစိုးရရှေ့နေတွေက အင်္ဂါနေ့က ဆင့်ခေါ်ခဲ့ပါတယ်။

သည်လုပ်ရပ်က အသက်ရှင်နေသေးတဲ့ တောင်ကိုရီးယားသမ္မတဟောင်းတွေ အားလုံးဟာ အခုအချိန်မှာ ပြစ်ဒဏ်ချမှတ်တာတွေ၊ တရားစွဲဆိုတာတွေ ဒါမှမဟုတ် ရာဇဝတ်မှု စုံစမ်းစစ်ဆေးမှုမှာ ပတ်သက်နေတာတွေကို ဖော်ညွှန်းနေပါတယ်။

'ကျွန်တော်တို့က သမ္မတဟောင်း လီကို ပွင့်လင်းမြင်သာပြီး ထိရောက်တဲ့ အပြုအမူတစ်ခုနဲ့ ဒီအရှုပ်တော်ပုံထဲက အမှန်တရားကို ရှာဖွေဖို့၊ စုံစမ်းစစ်ဆေးဖို့ လိုအပ်တယ်'လို့ အမည်မဖော်ပြတဲ့ ဆိုးလ်အစိုးရရှေ့နေတစ်ဦးရဲ့ ပြောကြားချက်ကို ယွန်ဟပ်သတင်းအေဂျင်စီက ကိုးကားဖော်ပြထားပါတယ်။

သည်လုပ်ဆောင်ချက်ကို အရာရှိတစ်ဦးက အေအက်ဖ်ပီကို အတည်ပြု ပြောကြားခဲ့ပါတယ်။


လီက သူ့ကို စုံစမ်းစစ်ဆေးမှုဟာ 'နိုင်ငံရေးအရ လက်စားချေမှု' အဖြစ် ပယ်ချခဲ့ပါတယ်။

ဒေါ်လာသန်းချီပမာဏရှိတဲ့ လာဘ်စားမှုရဲ့ဖြစ်စဉ်များစွာကို ရှေ့နေတွေက စုံစမ်းစစ်ဆေးနေချိန်မှာ ၂၀၀၈–၂၀၁၃ သမ္မတ သက်တမ်းအတွင်းမှာ အသက်ရ၆ နှစ်အရွယ်ရဲ့ ဆွေမျိုးတွေနဲ့ လက်ထောက်တွေပါဝင်တဲ့ အကျင့်ပျက်ခြစားမှု စွပ်စွဲချက်ဟာ မကြာသေးမီရက်သတ္တပတ်က ပေါ်ထွက်လာခဲ့ပါတယ်။ သမ္မတဟောင်းရဲ့ လက်ထောက် နှစ်ယောက်ကို ဖမ်းဆီးထားခဲ့ပြီး အိမ်နဲ့ သူ့အစ်ကိုရဲ့ ရုံးတွေကိုလည်း စီးနင်းရှာဖွေခဲ့ပါတယ်။

'သံသယရှိသူ' တစ်ဦးအဖြစ် မေးခွန်းမေးမြန်းဖို့အတွက် လီက သူကိုယ်တိုင် လာမယ့်အပတ် ဗုဒ္ဓဟူးနေ့မှာ ရှေ့နေတွေကို ဖြေကြားမယ်လို့ ပြောခဲ့ပါတယ်။

များသောအားဖြင့် သူတို့ရဲ့ အာဏာသက်တမ်းအပြီးမှာ တောင်ကိုရီးယား သမ္မတတွေဟာ ထောင်ကျတာတွေနဲ့ အချိန်မတိုင်မီ ရာထူး အဆုံးသတ်သွားတာတွေ ကြုံရလေ့ရှိပါတယ်။

လီကို အောင်နိုင်ခဲ့တဲ့ ပတ်ဂွန်ဟေးက ၂၀၁၆မှာ ပေါ်ထွက်ခဲ့တဲ့ ကြီးမားတဲ့ လာဘ်စားမှု မကောင်းသတင်းကြောင့် ပြီးခဲ့တဲ့ နှစ်က ဖြုတ်ချခြင်းခံခဲ့ရပါတယ်။

လာဘ်စားမှုနဲ့ အာဏာအလွဲသုံးစားမှု စွပ်စွဲချက်တွေအတွက် စီရင်ချက်ကိုတော့ နောက်လမှာ ချမှတ်ဖို့ရှိပြီး အစိုးရရှေ့နေတွေက ထောင်ဒဏ် နှစ် ၃၀ ချမှတ်ဖို့ တောင်းဆိုထားပါတယ်။

လီရဲ့ ရှေ့က သမ္မတဖြစ်တဲ့ လစ်ဘရယ် သမား ရိုမူဟွန်းကတော့ ၂၀၀၉ခုနှစ်မှာလာဘ်စားမှု စွပ်စွဲချက်နဲ့ မေးမြန်းခံရပြီးနောက် ခုန်ချပြီး ကိုယ့်ကိုယ်ကို သတ်သေခဲ့ပါတယ်။

လီကို စွပ်စွဲချက်တွေမှာ အခွန်တိမ်းရှောင်မှုနဲ့ စွပ်စွဲခံရပြီး ထောင်ကျနိုင်ခြေရှိတဲ့ ဥက္ကဋ္ဌဖြစ်သူ လီကွမ်ဟီအတွက် ၂၀၀၉ ခုနှစ်မှာ ဆမ်ဆောင်းအုပ်စုက သမ္မတလွတ်ငြိမ်းချမ်းသာခွင့်ကို ငွေပေးဝယ်ယူခဲ့တယ်လို့ စွပ်စွဲချက်ပါဝင်ပါတယ်။

သမ္မတဟောင်းကိုယ်စား အမေရိကန် ဥပဒေအဖွဲ့တစ်ခုကို တရားရေး ကုန်ကျငွေအဖြစ် ဆမ်ဆောင်းက အမေရိကန်ဒေါ်လာ ၅.၆ သန်းကို ပေးခဲ့ပါတယ်။

ဆမ်ဆောင်းနဲ့လီနှစ်ဖက်စလုံးက စွပ်စွဲချက်တွေဟာ အခြေအမြစ်မရှိဘူးလို့ ငြင်းဆိုထားပါတယ်။

**မေသက်**

[ref: AFP, Mar 6, 2018.]

# ဂျီအမ်ရဲ့ ပိုလျှံဝန်ထမ်းလျှော့ချရေးအစီအစဉ်ကို ကိုရီးယားလုပ်သား ၂၅၀၀ နီးပါး လျှောက်ထား

**မတ် ၅** – လုပ်ငန်းပြန်လည်ဖွဲ့စည်းခြင်းရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ အမေရိကန်ကားကုမ္ပဏီကြီး ဂျီအမ်က ကမ်းလှမ်းထားတဲ့ ဝန်ထမ်းလျှော့ချရေးအစီအစဉ်တစ်ခုကို ဝန်ထမ်းအားလုံးရဲ့ ၁၅ရာခိုင်နှုန်းရှိတဲ့ တောင်ကိုရီးယားအလုပ်သမား ၂၅၀၀ နီးပါးက လျှောက်ထားခဲ့ကြတယ်လို့ တာဝန်ရှိသူတွေက ပြောခဲ့ပါတယ်။



တောင်ကိုရီးယားအလုပ်သမား ၂၅၀၀ နီးပါးက လျှောက်ထားခဲ့ကြတယ်။

ပြီးခဲ့တဲ့လက ကိုရီးယားမှာ စက်ရုံတစ်ရုံကို ပိတ်သိမ်းပြီး လာမယ့်အပတ်မှာ ကျန်တဲ့ သုံးခုရဲ့ အခြေအနေကို ဆုံးဖြတ်မယ်လို့ ပြောလိုက်ချိန်မှာ ဂျီအမ်ရဲ့ဝန်ထမ်းတွေ တုန်လှုပ်သွားခဲ့ပါတယ်။

ကျန်တဲ့စက်ရုံသုံးရုံပိတ်ရေး ဆုံးဖြတ်ချက်ကတော့ ဆိုးလ်အစိုးရကနေ ငွေကြေးထောက်ပံ့မှု ရရှိနိုင်တာနဲ့ အသင်းအဖွဲ့တွေကနေ ရရှိနိုင်တဲ့ လိုက်လျောလျှော့ချပေးမယ့် ပမာဏတွေအပေါ် မူတည်ပြီး ဆိုင်းငံ့ထားပါတယ်။

ပိတ်သိမ်းတော့မယ့် ဂန်ဆန်စက်ရုံမှာ အလုပ်သမား ၂၀၀၀ ထဲက ၉၄၁ယောက်ဟာ သည်ဝန်ထမ်းလျှော့ချရေးကမ်းလှမ်းချက်အတွက် လျှောက်ထားခဲ့တယ်လို့ အရာရှိတွေက ပြောခဲ့ပြီး သည်သတင်းအချက်အလက်ကို လူသိရှင်ကြားမထုတ်ပြန်ရသေးတဲ့အတွက် အသေးစိတ်ထုတ်ဖော်ပြောဖို့ မရနိုင်သေးပါဘူး။ ဂျီအမ်ကိုရီးယားကလည်း မှတ်ချက်ပေးဖို့ ငြင်းဆိုခဲ့ပါတယ်။

ရိုက်တာသတင်းဌာနကဖော်ပြတဲ့ ဂျီအမ်ရဲ့မှတ်တမ်းတစ်ခုမှာ ရေရှည်အနေနဲ့ အမေရိကန်ကားထုတ်လုပ်သူတွေရဲ့ ရည်ရွယ်ချက်က တောင်ကိုရီးယားကအလုပ်အကိုင် ၅,၀၀၀ ကိုဖြတ်တောက်ပြီး ထုတ်လုပ်မှုလျှော့ချဖို့အတွက် အမေရိကန်ဒေါ်လာ ၂.၈ ဘီလျံတန်တဲ့ အဆိုပြုလွှာကို တကယ်လို့ ဆိုးလ်က သဘောတူခဲ့မယ်ဆိုရင် တဖြည်းဖြည်းဆက်ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

သည်ကမ်းလှမ်းချက်မှာ လျှောက်လွှာတင်ဖို့ နောက်ဆုံးရက်က မတ်လ ၂ရက်ဖြစ်ပြီး အလုပ်သမားတွေကို သူတို့ရဲ့ နှစ်အလိုက် အခြေခံလစာရဲ့ သုံးဆ၊ ကောလိပ်ကျူရှင်ခနဲ့ အမေရိကန်ဒေါ်လာ ၉၀၀၀ ကျော်တန် ကားအသစ်တစ်စီးတို့ကို ပေးဖို့ ကမ်းလှမ်းထားပါတယ်။

ဂျီအမ်ကိုရီးယားကမော်တော်ကားအသင်းနဲ့ ဗုဒ္ဓဟူးနေ့မှာ နောက်ထပ်တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ထားပြီး ကုမ္ပဏီရဲ့ အခုအစီအစဉ်နဲ့ လုပ်အားခအဆိုပြုချက်တွေကိုပါ မလျှောက်ထားကြတဲ့ ဂန်ဆန်က အလုပ်သမားတွေရဲ့ ကံကြမ္မာနဲ့ပတ်သက်ပြီး နှစ်ဖက်စလုံးက ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

မော်တော်ကားအသင်းအနေနဲ့လည်း ဈေးနှုန်းပိုင်းလိုက်လျောလျှော့ချမှုတွေပြုလုပ်ဖို့ကြီးမားတဲ့ ဖိအားအောက်မှာ ရှိနေပါတယ်။

တောင်ကိုရီးယားမော်တော်ကားအသင်းက သူ့ရဲ့သဘောထားကို သောကြာနေ့က ထပ်ပြောခဲ့ပြီး ဂျီအမ်မှာ လုပ်အားခတွေက အရမ်းကိုများတယ်လို့ ဝေဖန်ထားပါတယ်။

'ကျွန်တော်တို့အနေနဲ့ လေဘာ ကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် တန်ဖိုးရှိတဲ့အချိန်ကို လက်မလွှတ်သင့်ဘူး'လို့ ကိုရီးယားမော်တော်ကားထုတ်လုပ်သူများအသင်းက ထုတ်ပြန်ခဲ့ပါတယ်။

တောင်ကိုရီးယားအစိုးရက ဂျီအမ်ကိုရီးယားကို ကယ်တင်ဖို့ အားထုတ်မှုဟာ သည်ဒ ၁တ်မှာ စတင်မယ်လို့ မျှော်လင့်ထားပြီး အခွန်ထမ်းပြည်သူတွေရဲ့ငွေတွေကို သည်ကုမ္ပဏီကို ကယ်တင်ရာမှာ အသုံးပြုသင့် မသင့် ချင့်ချိန်တယ်လို့ သိရပါတယ်။

**မေသက်**

[ref:Reuters, Mar 5, 2018.]

# အစ္စရေးခရီးစဉ်အတွက် အဲအိန္ဒိယကို ဆော်ဒီအာရေးဘီးယားက ပိုင်နက်ဖြတ်ပျံသန်းခွင့်ပေး

**မတ် ၆** – ဆော်ဒီအာရေးဘီးယားဟာ တဲလ်အဗီအသွားအပြန်လေယာဉ်ခရီးစဉ်လမ်းကြောင်းအသစ်တွေအတွက် အဲအိန္ဒိယကိုသူ့ရဲ့ ဝေဟင်ပိုင်နက်ပေါ်ကနေ ပျံသန်းခွင့်ပြုလိုက်ပြီလို့ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက တနင်္လာနေ့မှာ ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ သည်ကိစ္စကို အဲအိန္ဒိယဘက်ကရော ဆော်ဒီအရာရှိတွေဘက်ကပါ အတည်မပြုသေးပါဘူး။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ တွေ့ဆုံအပြီး အစ္စရေးသတင်းထောက်တွေနဲ့ ဝါရှင်တန်မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ နေတန်ယာဟုက သည်လိုကြေညာခဲ့တာဖြစ်ပါတယ်။

ဆော်ဒီအာရေးဘီးယားဟာ အစ္စရေးကို အသိအမှတ်ပြုထားခြင်း မရှိပါဘူး။ နှစ်ရဝကြာ သည်ဝေဟင်ပိုင်နက်ပိတ်ဆို့မှုကို ရုပ်သိမ်းပေးတာဟာ အစ္စရေးနဲ့ဆော်ဒီ နှစ်နိုင်ငံကြားဆက်ဆံရေး ပျော့ပျောင်းစပြုလာပုံကို ထင်ဟပ်စေမှာ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ မဟာမိတ်တွေဖြစ်ကြတဲ့ သည်နှစ်နိုင်ငံဟာ ဒေသတွင်းမှာ အီရန်ရဲ့ ဩဇာလွှမ်းမိုးလာမှုအတွက် စိုးရိမ်မကင်းဖြစ်နေပုံချင်း တူညီကြပါတယ်။

တဲလ်အဗီကို တစ်ပတ်ကို သုံးကြိမ် ပြေးဆွဲမယ့် အဲအိန္ဒိယလေယာဉ်ခရီးစဉ်တွေကို ဆော်ဒီပိုင်နက်ပေါ်ကနေ ပျံသန်းဖို့ စီစဉ်ထားကြောင်း လေကြောင်းက ပြီးခဲ့တဲ့လက ကြေညာခဲ့ပေမဲ့ ရီယာ့ဒ်ရှိ မြို့ပြလေကြောင်း အထွေထွေအာဏာပိုင်အဖွဲ့ကတော့ သည်လိုခွင့်ပြုချက်မျိုး မပေးထားဘူးလို့ ပြောကြားခဲ့ပါတယ်။

မွမ်ဘိုင်းကို တစ်ပတ်ကိုလေးကြိမ်ပြေးဆွဲတဲ့ အစ္စရေးရဲ့ပင်မလေကြောင်းလိုင်း El AL Isreal အဲလိုင်းဟာ ဆော်ဒီလေပိုင်နက်ကိုရှောင်ပြီး တောင်ဘက်ကနေအီသီယိုးပီးယားကိုပျံသန်းပြီးနောက် အရှေ့ဘက်အိန္ဒိယကို ဆက်လက်ပျံသန်းရတာကြောင့် ခုနစ်နာရီ အချိန်ယူရပါတယ်။

**နှင်းသန့်**

[ref:Reuters, Mar 6, 2018.]

www.free4reader.com



# သီရိလင်္ကာမှာ ဘာသာရေးအဓိကရုဏ်းဖြစ်ပြီး အရေးပေါ်အခြေအနေ ကြေညာထားရ

မတ် ၆ – သီရိလင်္ကာနိုင်ငံမှာ မွတ်စလင် ဆန့်ကျင်ရေး အဓိကရုဏ်းကြောင့် လူနှစ်ဦးသေဆုံးကာ နာမည်ကျော် အပန်းဖြေတောင်ပေါ်ဒေသ ကန်ဒီရှိအိုးအိမ်နဲ့ ဆိုင်ခန်း ၁၀၀ကျော် မီးရှို့ဖျက်ဆီးခံရပြီးနောက်မှာ အင်္ဂါနေ့ကစပြီး တစ်နိုင်ငံလုံးမှာ ၁၀ ရက်တာ အရေးပေါ်အခြေအနေ ကြေညာခဲ့ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေ အများဆုံးနေထိုင်ပြီး လက်ဖက်စိုက်ရာဒေသဖြစ်တဲ့ ကန်ဒီက အဓိကရုဏ်းတွေကို ရဲတပ်ဖွဲ့က အောင်အောင်မြင်မြင် မကိုင်တွယ်နိုင်တာကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့တာလို့ အစိုးရက ပြောကြားခဲ့ပါတယ်။

လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ညမထွက်ရအမိန့်ကိုချမှတ်ပြီး အထူးရဲတပ်ဖွဲ့နဲ့ စစ်တပ်အင်အားကို အသုံးပြုပြီးဆူပူမှုကို နှိမ်နင်းလျက်ရှိပါတယ်။



ကန်ဒီရှိ အိုးအိမ်နဲ့ ဆိုင်ခန်း ၁၀၀ကျော် မီးရှို့ဖျက်ဆီးခံရပြီးနောက်မှာ အရေးပေါ် အခြေအနေကြေညာခဲ့ပါတယ်။

မွတ်စလင်အပါအဝင်ပြည်သူအားလုံးရဲ့ အသက်အိုးအိမ်ကို ကာကွယ်နိုင်ဖို့အတွက် အစိုးရအနေနဲ့ အစွမ်းကုန် လုပ်ဆောင်နေတယ်လို့ ဝန်ကြီးချုပ် ရာနေးဝစ်ကရမ်မက်စင်ဟီက လွှတ်တော်ကို ပြောကြားခဲ့ပါတယ်။

ရဲတပ်ဖွဲ့ဝင်တွေက ဆင်ဟာလာ အကြမ်းဖက်အုပ်စုတွေက ဗလီတွေကို မီးရှို့၊ မွတ်စလင်ပိုင် အိုးအိမ်နဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖျက်ဆီးခွင့်ပြုခဲ့တယ်ဆိုတဲ့ လုံခြုံရေးလစ်ဟင်းမှုတွေကို စုံစမ်းစစ်ဆေးနေပြီလို့ သူကပြောကြားခဲ့ပါတယ်။

အရေးပေါ်အချိန်မှာ လူမှုမီဒီယာကတစ်ဆင့် အဓိကရုဏ်းဖြစ်အောင် သွေးထိုးလှုံ့ဆော်သူတွေကို ဖမ်းဆီးခွင့်ပြုထားတယ်လို့ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရုပ်ဝမ်ဂန်နက်ဆီခါရာက ပြောကြားခဲ့ပါတယ်။

ကန်ဒီကလွဲပြီး အခြားဒေသတွေမှာ ဆူပူလှုပ်ရှားမှု မရှိပေမဲ့ သုံးနိုင်ငံ အားကစားပြိုင်ပွဲ အတွက်ရောက်ရှိနေတဲ့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် ခရစ်ကတ်အသင်းတွေရဲ့ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်၁၀၀၀နဲ့ တိုးမြှင့်ဆောင်ရွက်လျက်ရှိတယ်လို့ သူက ပြောကြားခဲ့ပါတယ်။

မီးလောင်နေတဲ့ အဆောက်အအုံကနေ အသက် ၂၄ နှစ်အရွယ် မွတ်စလင်တစ်ယောက်အလောင်းကိုတွေ့ရှိခဲ့တဲ့ အင်္ဂါနေ့ကစပြီး အခြေအနေ ပိုမိုတင်းမာလာပါတယ်။ အဓိကရုဏ်းတွေအပြီး လူနှစ်ဒါဇင်ကို ဖမ်းဆီးထိန်းသိမ်းထားပြီး ရမန်နှစ်ပတ် ယူထားတယ်လို့ ရဲတပ်ဖွဲ့က ပြောကြားခဲ့ပါတယ်။

သည်အရေးပေါ် အခြေအနေ အစီအမံတွေဟာ ၂၀၁၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

အရေးပေါ် အခြေအနေကြေညာချက်နဲ့ ပတ်သက်ပြီး နိုင်ငံတော်ရဲ့ အစိတ်အပိုင်းဒေသတချို့ရဲ့ လုံခြုံရေးအခြေအနေ ပြန်လည်တည်ဆောက်ဖို့အတွက် လုပ်ဆောင်ရတာဖြစ်တယ်လို့ သမ္မတမိုက်သရီပါလာ သီရိဆန်နာက ပြောကြားခဲ့ပါတယ်။

လူဦးရေ ၂၁သန်းရှိတဲ့ နိုင်ငံရဲ့ ၁၀ရာခိုင်နှုန်းသော လူဦးရေဟာမွတ်စလင်တွေဖြစ်ပြီး သူတို့တွေကိုတောင်းပန်ကြောင်း အင်္ဂါနေ့က သီရိလင်္ကာလွှတ်တော်က ထုတ်ပြန်ခဲ့ပါတယ်။

ကန်ဒီရဲ့ဆူပူမှုလှုပ်ရှားကြောင့် အပန်းဖြေတောင်ပေါ်စခန်းကို လာရောက်လည်ပတ်ကြတဲ့ ခရီးသည်တွေအပေါ် သက်ရောက်မှုရှိပေမဲ့ လက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရရှိသူ တစ်ယောက်မှ မရှိသေးဘူးလို့ ဆိုပါတယ်။

ခုနှစ်နှစ်အတွင်း အရေးပေါ်အခြေအနေကို ပထမဆုံးအကြိမ်အဖြစ် ကြေညာခဲ့ တာဖြစ်ပြီး အရင်ကာလတုန်းကလည်း ပြည်တွင်းစစ်ခေါင်းစဉ်နဲ့ အရေးပေါ်အခြေအနေအောက်မှာ ဆယ်စုနှစ်သုံးခုတိုင်အောင် နေထိုင်ခဲ့ရဖူးပါတယ်။

ပြီးခဲ့တဲ့အပတ်က မွတ်စလင်တွေ လက်ချက်ကြောင့် ဗုဒ္ဓဘာသာဝင်တစ်ယောက် သေဆုံးခဲ့ရာကစပြီး တနင်္လာနေ့က အဓိကရုဏ်း စဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာမှာ ဖြစ်ပွားခဲ့တဲ့ တောင်ပိုင်းအဓိကရုဏ်းတစ်ခုကြောင့်လည်း လူတစ်ဦးသေဆုံးခဲ့ပြီး အိုးအိမ်တွေ ပျက်စီးခဲ့ရဖူးပါတယ်။

၂၀၁၄ ဗုဒ္ဓဘာသာ–မွတ်စလင် အရေးအခင်းကြောင့် လူလေးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ပါတယ်။

ဆူပူမှုကို ဗုဒ္ဓဘာသာအစွန်းရောက်အဖွဲ့တွေ ပြုလုပ်ခဲ့တာဖြစ်ပြီး ခေါင်းဆောင်ပိုင်းတွေကို တော့ ဖမ်းဆီးထားတယ်လို့ ဆိုပါတယ်။

**နှင်းသန့်**

[ref: AFP, Mar 6, 2018.]

# တရုတ်က ၂၀၁၈ မှာ ကာကွယ်ရေး ဘတ်ဂျက်ကို ၈.၁ ရာခိုင်နှုန်း မြှင့်တင်မည်

မတ်၅ – တရုတ်ဟာ ၂၀၁၈ အတွက် ကာကွယ်ရေးအသုံးစရိတ်ကို ၈.၁ ရာခိုင်နှုန်းမြှင့်တင်ဖို့ တနင်္လာနေ့က ကြေညာလိုက်တဲ့အတွက်ပြီးခဲ့တဲ့ နှစ်နှစ်အတွင်းအသုံးစရိတ်နှေးကွေးနေရာကနေ ကမ္ဘာ့အကြီးဆုံး စစ်တပ်ကြီးအတွက် သိသာတဲ့တိုးမြှင့်မှု ဖြစ်ပါတယ်။

ဘေဂျင်းဟာ သူ့စစ်တပ်အတွက် ယွမ် ၁.၁ ထရီလျံ (ဒေါ်လာ ၁၇၅ ဘီလျံ) သုံးစွဲမှာဖြစ်ကြောင်း နှစ်ပတ်လည် ပြည်သူ့ကွန်ဂရက် အဖွင့်အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။

တရုတ်ဟာ မနှစ်က ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အတွက် ဒေါ်လာ ၁၅၁ ဘီလျံသုံးစွဲခဲ့ပြီး ကမ္ဘာမှာ ဒုတိယအများဆုံး ကာကွယ်ရေးအသုံးစရိတ်ဖြစ်ပေမဲ့ အမေရိကန်ရဲ့ဘတ်ဂျက် ဒေါ်လာ ၆၀၃ ဘီလျံထက်လေးဆလောက် လျော့နည်းနေကြောင်း လန်ဒန်အခြေစိုက် နိုင်ငံတကာမဟာဗျူဟာလေ့လာရေးကျောင်းက ဆိုပါတယ်။

ကာကွယ်ရေးဘတ်ဂျက်မြှင့်တင်မှုဟာ လတ်တလောကာလများအတွင်း တရုတ်အမျိုးသားစီးပွားရေးထုတ်လုပ်မှုနဲ့ လိုက်လျောညီထွေဖြစ်ပါတယ်။ စီးပွားရေးဟာ ၂၀၁၇ခုနှစ်မှာ၆.၉ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၁၈မှာ၆.၅ရာခိုင်နှုန်းလောက် တိုးတက်မယ်လို့ မျှော်မှန်းထားကြောင်း အစိုးရက တနင်္လာနေ့က ပြောပါတယ်။

'တရုတ်ရဲ့ ကာကွယ်ရေးဘတ်ဂျက်ဟာ ဆက်ပြီး နည်းပါးနေပြီး ဒါဟာ တရုတ်ရဲ့စီးပွားရေးတိုးတက်မှုနဲ့ လိုက်လျောညီထွေဖြစ်တယ်' လို့ စင်ကာပူနန်ယန်းနည်းပညာတက္ကသိုလ်မှ စစ်ဘက်ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ချာက ပြောပါတယ်။

ဘေဂျင်းက ကမ္ဘာ့အကြီးဆုံး စစ်တပ်ကြီးကို ခေတ်မီအောင်ကြိုးစားရင်း မြေပြင်တပ်တွေကို စစ်သားနှစ်သိန်းအထိသာ လျှော့ချထားပေမဲ့ အဆင့်မြင့်လက်နက်တွေ၊ ပစ္စည်းတွေအတွက် တိုးမြှင့်သုံးစွဲနေတာကို တရုတ်ရဲ့အိမ်နီးချင်းတွေနဲ့ အမေရိကန်က သတိထားစောင့်ကြည့်နေပါတယ်။

တစ်ချိန်တည်းမှာပဲ ဘေဂျင်းဟာ ကျယ်ပြန့်တဲ့ တောင်တရုတ်ပင်လယ်ကို သူတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ပိုမိုပြောဆိုလာပြီး တစ်ချိန်တည်းမှာ အရှေ့တရုတ်ပင်လယ်ထဲက အငြင်းပွားကျွန်းစုတွေနဲ့ပတ်သက်ပြီး ဂျပန်နဲ့ ထိပ်တိုက်တွေ့လာသလို ဟိမဝန္တာနယ်စပ်ဒေသတွေအတွက် အိန္ဒိယနဲ့လည်း ထိပ်တိုက်တွေ့လျက် ရှိပါတယ်။

**ရမြည်စံ**

[ref: AFP, Mar 5, 2018.]

# ထင်းလှည့်သင်္ဘောတွေကို ဆီဖြည့်ပေးဖို့ ပထမဆုံး ရေနံတင်သင်္ဘော ဂျပန်ဝယ်ယူမည်

မတ်၅ – တရုတ်ရေတပ်ရဲ့ ကင်းလှည့်တပ်စွဲမှုတွေ ကြီးထွားလာနေတာကို တန်ပြန်ဖို့အတွက် အရှေ့တရုတ်ပင်လယ်ထဲ ကင်းလှည့်စောင့်ကြပ်မှုတွေ တိုးလုပ်လာနေတဲ့ ဂျပန်ရေတပ်ဟာ အိုကီနာဝါ အခြေစိုက်သင်္ဘောတွေကို ဆီဖြည့်ပေးဖို့ အတွက်နိုင်ငံရဲ့ ပထမဆုံး ရေနံတင်သင်္ဘောကို ဝယ်ယူချင်နေကြောင်း နီးစပ်တဲ့ သတင်းရင်းမြစ်နှစ်ခုဆီက သိရတယ်လို့ ရိုက်တာသတင်းတစ်ပုဒ်မှာဖော်ပြထားပါတယ်။

သည်ဒေသမှာ ကင်းလှည့်နေတဲ့ စစ်သင်္ဘောတွေအတွက် ရေနံတွေသိုလှောင်ရာ အိုကီနာဝါရှိ ကမ်းဖြူဆိပ်ကမ်းဆီ ရေနံစည်သုံးသိန်း သယ်ဆောင်ပေးနိုင်မယ့် ရေနံတင်သင်္ဘောတစ်စင်းကို ရေကြောင်းခုခံကာကွယ်ရေးတပ်ဖွဲ့ (MSDF)က လိုအပ်တယ်လို့ ပြောကြားခဲ့ပါတယ်။

သည်အစီအစဉ်ဟာ ၂၀၁၉ ဧပြီလမှာစတင်မယ့် ငါးနှစ်သက်တမ်းအတွင်း လိုအပ်မယ့်စစ်လက်နက်ပစ္စည်းတွေ ဝယ်ယူရေးဆိုင်ရာ ကာကွယ်ရေးသုံးသပ်ချက်စစ်တမ်းတစ်ခုမှာ ပါရှိတယ်လို့ ဆိုပါတယ်။

ကျူးရှူးကျွန်းရှိ ရေတပ်အခြေစိုက်စခန်းကို ဆီပြန်လာဖြည့်ဖို့ အတွက် အချိန်အတော်ကုန်ကြောင်း၊ ဒါကြောင့် အများစုဟာ အိုကီနာဝါမှာသာ လာဖြည့်ကြကြောင်း ပြောကြားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့မှာ တရားဝင် ပြောပိုင်ခွင့်မရှိတဲ့ အတွက် သူတို့နာမည်တွေကို ထုတ်ဖော်မရေးဖို့ ပြောကြားခဲ့ပါတယ်။

တရုတ်စစ်တပ်ကလည်း နယ်မြေချဲ့ထွင်မှုတွေ ပြုလုပ်လျက်ရှိတာကြောင့် ကမ်းဖြူဆိပ်ကမ်းရဲ့ အင်အားသုံးလေးဆတိုးချဲ့ခဲ့ပေမဲ့ လုံလောက်မှု မရှိသေးကြောင်း သည်ဒေသကနေ မကြာခင်ကမှ



ရေတပ်လုပ်ငန်းဆောင်တာတွေ တိုးချဲ့လာတာကြောင့် လောင်စာအခက်အခဲ ပိုကြုံလာရတယ်။

ပြန်ရောက်လာတဲ့ နောက်ထပ် သတင်းရင်းမြစ်တစ်ယောက်က ပြောကြားခဲ့ပါတယ်။

ရေတပ်လုပ်ငန်းဆောင်တာတွေတိုးချဲ့လာတာကြောင့်လောင်စာနဲ့ပတ်သက်ပြီး အခက်အခဲ ပိုကြုံလာရကြောင်း ပြောကြားခဲ့ပါတယ်။

သည်ရေနံတင်သင်္ဘောအတွက်ယန်းဘီလျံပေါင်းများစွာကုန်ကျမှာဖြစ်ပြီးသင်္ဘောသား၂၀ ကျော်နဲ့ မောင်းနှင်ရမှာ ဖြစ်တယ်လို့နီးစပ်ရာအသိုင်းအဝိုင်းကပြောကြားခဲ့ပါတယ်။

**နှင်းသန့်**

[ref: Reuters, Mar 5, 2018.]

www.free4reader.com



# ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်ခဲ့တဲ့ အမေရိကန်လေယာဉ်တင်သင်္ဘောကို ရှာတွေ့

မတ် ၆ - ဒုတိယကမ္ဘာစစ်အတွင်းနစ်မြုပ်ခဲ့တဲ့ အမေရိကန်လေယာဉ်တင်သင်္ဘော USS လက်ဇင်တန်ကို တွေ့ရှိခဲ့ကြောင်း မိုက်ခရိုဆော့ဖ် ပူးတွဲတည်ထောင်သူ ပေါလ်အယ်လန်ဦးဆောင်တဲ့ သုတေသနအဖွဲ့က တနင်္လာနေ့မှာ ကြေညာခဲ့ပါတယ်။

ဩစတြေးလျားအရှေ့ဘက်-ကမ်းရိုးတန်းအလွန် မီတာ ၈၀၀ ကျော် ပင်လယ်ရေမျက်နှာပြင်အောက် မီတာ ၃၀၀၀ မှာ R/V ပက်ထရယ်သုတေသနအဖွဲ့ရဲ့ ရှာဖွေရေးသင်္ဘောက တနင်္ဂနွေနေ့မှာ တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။

ပထမဆုံး အမေရိကန်လေယာဉ်တင်သင်္ဘောတွေထဲကတစ်ခုအပါအဝင်ဖြစ်တဲ့ လက်ဇင်တန်သင်္ဘောနဲ့အတူ နစ်မြုပ်နေတဲ့ လေယာဉ်တချို့ရဲ့မှတ်တမ်းတင်ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို သုတေသနအဖွဲ့က ဖြန့်ဝေခဲ့ပါတယ်။

ရေအောက်ကြမ်းပြင်မှာ နစ်မြုပ်နေတဲ့လေယာဉ်တောင်ပံနဲ့ ဆီကန်တွေမှာ အမေရိကန်ရေတပ်အလံတွေတွေ့ရှိခဲ့ရပါတယ်။

ဒါ့အပြင်သုတေသနအဖွဲ့ဟာ သင်္ဘောအစိတ်အပိုင်းတွေဖြစ်တဲ့ သင်္ဘောတံဆိပ်နဲ့လွန်ခဲ့တဲ့ဆယ်စုနှစ်ပေါင်းများစွာက အသုံးပြုခဲ့တဲ့ လေယာဉ်ပစ်သေနတ်တွေရဲ့ ဓာတ်ပုံနဲ့ဗီဒီယိုကိုလည်း ဖြန့်ဝေခဲ့ပါတယ်။



နစ်မြုပ်ခဲ့ချိန်မှာ လေဒီလက်စ်မှာ လေယာဉ်၃၅ စင်း တင်ဆောင်ထားတာ ဖြစ်ပါတယ်။

ပထမဆုံးလေယာဉ်တင်သင်္ဘောတွေဖြစ်တဲ့ USS လက်ဇင်တန်နဲ့ USS ယော့တောင်းတို့ဟာ ၁၉၄၂ မတ်လ၄ ရက်ကနေ ၈ ရက်အတွင်း ဂျပန်လေယာဉ်တင်သင်္ဘောသုံးစင်းနဲ့ ကော်ရယ်ပင်လယ်အတွင်း တိုက်ခိုက်ခဲ့ကြပြီး သည်တိုက်ပွဲဟာ လေယာဉ်တင်သင်္ဘောတွေအချင်းချင်းပထမဆုံးတိုက်ပွဲ ဖြစ်ခဲ့ပါတယ်။

ဆိုးဆိုးရွားရွားပျက်စီးနေပြီဖြစ်တဲ့ လေဒီလက်စ်လို့လည်းခေါ်တဲ့ လက်ဇင်တန်ကို တိုက်ပွဲအဆုံးသတ်မှာ တခြား အမေရိကန်စစ်သင်္ဘောတစ်စင်းက တမင်တကာ နစ်မြုပ်လိုက်တာဖြစ်ပါတယ်။

စစ်ပွဲအတွင်းမှာ သင်္ဘောသား ၂၀၀ကျော်သေဆုံးခဲ့ပေမဲ့သင်္ဘောမမြုပ်ခင်မှာ လူအတော်များများကို ကယ်ဆယ်နိုင်ခဲ့ပါတယ်။

လွတ်မြောက်ခဲ့တဲ့ သင်္ဘောသားတွေထဲက တစ်ယောက်ရဲ့ သားဖြစ်သူ ပစိဖိတ်တပ်ဖွဲ့ရဲ့အမေရိကန်စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဟယ်ရစ်ဟားရစ်က သည်သုတေသနအဖွဲ့ရဲ့ အောင်မြင်မှုကို အသိအမှတ်ပြုချီးကျူးခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၇၆ နှစ်က ကော်ရယ်ပင်လယ်စစ်ပွဲမှာ နစ်မြုပ်ခဲ့တဲ့လေဒီလက်စ်ကို ရှာဖွေတွေ့ရှိခဲ့တဲ့ ပေါလ်အယ်လန်နဲ့ အဖွဲ့ကို USS လက်ဇင်တန်ကနေ လွတ်မြောက်အသက်ရှင်ခဲ့သူတစ်ယောက်ရဲ့ သားတစ်ယောက်အနေနဲ့ ဂုဏ်ယူပါကြောင်း ဟားရစ်က ပြောကြားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ တိုက်ပွဲဝင်ခဲ့ကြတဲ့ လေဒီလက်စ်သင်္ဘောသားနဲ့အမေရိကန်အားလုံးကို ဂုဏ်ပြုကြောင်း သူက ပြောကြားခဲ့ပါတယ်။

နစ်မြုပ်ခဲ့ချိန်မှာ လေဒီလက်စ်မှာ လေယာဉ် ၃၅ စင်းတင်ဆောင်ထားတာ ဖြစ်ပါတယ်။သုတေသနအဖွဲ့ကတော့လေယာဉ် ၁၁စင်းကို တွေ့ရှိခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ဆုံးရှုံးခဲ့ရတဲ့ အဓိကသင်္ဘောတွေထဲမှာ လေဒီလက်စ်ကတစ်ခု အပါအဝင်ဖြစ်တာကြောင့် ရှာဖွေရေးအစီအစဉ်ရဲ့ ထိပ်ဆုံးမှာ ထည့်သွင်းရှာဖွေခဲ့တယ်လို့ အယ်လန်ရဲ့ ရေအောက် ရှာဖွေရေးအဖွဲ့ ဒါရိုက်တာ ရော်ဘတ်ခရက်က ပြောကြားခဲ့ပါတယ်။

**နှင်းသန့်**

[ref:AFP, Mar 6, 2018.]

## ကင်မ်ဂျုံနမ်ကို သတ်မှုနဲ့ မြောက်ကိုရီးယားကို အမေရိကန်က အရေးယူမှု ထပ်လုပ်

မတ် ၇ - မြောက်ကိုရီးယားအာဏာရှင် ကင်မ်ဂျုံအန်းရဲ့အစ်ကို ကင်မ်ဂျုံနမ်ကိုပိတ်ပင်ထားတဲ့ VX ဓာတုပစ္စည်းနဲ့ သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်က အင်္ဂါနေ့မှာ တရားဝင်ကောက်ချက်ချလိုက်ပါတယ်။

'တစ်ကမ္ဘာလုံးရဲ့ စံသတ်မှတ်ချက်ကို ဆန့်ကျင်ပြီး ဓာတုလက်နက်တွေကို လူသိရှင်ကြား အသုံးပြုတာက မြောက်ကိုရီးယားရဲ့ ရိုင်းစိုင်းတဲ့သဘာဝကို ဖော်ပြပြီး ကျွန်မတို့အနေနဲ့ ဘယ်လိုမြောက်ကိုရီးယား WMD လုပ်ငန်းကိုမှ သည်းမခံနိုင်ပါဘူး'လို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ဟီသာနော့ရက်က ပြောပါတယ်။

အမေရိကန်ဥပဒေအရ နိုင်ငံတစ်ခု ဒါမှမဟုတ် ခေါင်းဆောင်တစ်ယောက်ဟာ ဓာတုနဲ့ ဇီဝလက်နက်ပိတ်ပင်မှုတွေကို ချိုးဖောက်ရင် အဲသည်နိုင်ငံရဲ့ကုန်ပစ္စည်းတွေ အမေရိကန်အတွင်း တင်ပို့မှုကို ပိတ်ပင်ပါတယ်။ ဒါပေမဲ့မြောက်ကိုရီးယားဟာ အမေရိကန်နဲ့ ကုလသမဂ္ဂရဲ့ပြင်းထန်တဲ့ အရေးယူပိတ်ဆို့မှုတွေကို ခံရပြီးဖြစ်တဲ့အတွက် အင်္ဂါနေ့ဆုံးဖြတ်ချက်က မြောက်ကိုရီးယားအပေါ်သက်ရောက်မှု အနည်းငယ်သာ ရှိပါတယ်။

ဒါပေမဲ့ မလေးရှားက ကွာလာလမ်ပူလေဆိပ်မှာအာရုံကြောကို ထိခိုက်စေတဲ့ဓာတုပစ္စည်းနဲ့ အမျိုးသမီးနှစ်ယောက်ရဲ့ ပက်ဖျန်းလုပ်ကြံခံခဲ့ရတဲ့ ကင်မ်ဂျုံနမ်နဲ့ ပတ်သက်တဲ့ အငြင်းပွားမှုဟာ ဆွေးနွေးပွဲတွေ စတင်မှာကို အဟန့်အတားဖြစ်စေနိုင်ပါတယ်။

ကင်မ်ဂျုံနမ်ကို သတ်မှုနဲ့စွပ်စွဲခံရသူနှစ်ဦးအနက် တစ်ဦးဖြစ်တဲ့ အင်ဒိုနီးရှားအမျိုးသမီးစီတီအစ်ယာရဲ့ ရှေ့နေ ဂိုအီဆွန်ဆန်က '၂၀၁၇ခုနှစ်က မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းရဲ့အစ်ကိုကို လုပ်ကြံဖို့ ပြုလုပ်မှုမှာ ဓာတုလက်နက် VX သုံးထားတယ်ဆိုတဲ့ အမေရိကန်ရဲ့ကြေညာချက်ဟာ စီတီအစ်ယာရဲ့ ရှေ့နေအဖွဲ့က တင်ပြတဲ့အချက်တွေနဲ့ကိုက်ညီနေတယ်'လို့ဆိုပါတယ်။

ကင်မ်ဂျုံအန်းရဲ့အမေတူအဖေကွဲအစ်ကိုကို သူတို့အဖေ ကင်မ်ဂျုံအီလ်ရဲ့အရိုက်အရာကို ဆက်ခံမယ့်သူအဖြစ်အရင်က ယူဆခဲ့ကြပြီး အကျပ်အတည်းပေါ်ချိန်မှာ သားအငယ်နေရာမှာ သူ့ကို အစားထိုးဖို့ တရုတ်က သူ့ကို လက်သပ်မွေးထားဟန်ရှိတယ်လို့ တချို့သတင်းတွေမှာ ဖော်ပြထားပါတယ်။

**စုပြည့်စုံ**

[ref: AFP, Mar 7, 2018.]

# အလိုတူလိင်ဆက်ဆံနိုင်တဲ့အသက်ကို ၁၅ နှစ်အဖြစ် ပြင်သစ် တရားဝင်သတ်မှတ်မည်

မတ် ၆ - ပြင်သစ်ဟာ အလိုတူလိင်ဆက်ဆံနိုင်တဲ့ အသက်ကို ၁၅ နှစ်အဖြစ် ပြင်ဆင်ဖို့ရည်ရွယ်ထားတာကြောင့် သည်အသက်ထက်ငယ်ရွယ်တဲ့သူတစ်ယောက်နဲ့ လိင်ဆက်ဆံခဲ့ရင် မုဒိမ်းမှုအဖြစ် သတ်မှတ်ခံရတော့မှာဖြစ်ပါတယ်။

ဆရာဝန်နဲ့ တရားရေးကျွမ်းကျင်သူတွေရဲ့ အကြံဉာဏ်အတိုင်း လိုက်နာဆောင်ရွက်တဲ့ သည်လှုပ်ရှားမှုကို တန်းတူညီမျှရေးဝန်ကြီး မာလင်းရှီယာပါကကြို ဆိုလိုက်ပါတယ်။

လက်ရှိမှာ အစိုးရရှေ့နေတွေက မုဒိမ်းမှုတွေကို တင်ပြတဲ့အခါ အသက် ၁၅ နှစ်အောက် လူတစ်ဦးဟာ သူ့သဘောဆန္ဒမပါဘဲ အဓမ္မကျင့်ခံရတယ်ဆိုတာ မဖြစ်မနေ သက်သေပြနေရပါတယ်။

သည်လိုအပြောင်းအလဲဖြစ်လာတာက အသက် ၁၁ နှစ် အရွယ်မိန်းကလေးတွေနဲ့ လိင်ဆက်ဆံခဲ့တယ်ဆိုတဲ့ လူတွေရဲ့ အမှုနှစ်မှုနဲ့ပတ်သက်ပြီး အုတ်အော်သောင်းတင်းဖြစ်လာခဲ့တာကြောင့် ဖြစ်ပါတယ်။


မစ္စရှီယာပါက ပိုကြီးတဲ့အသက်ကို ရွေးချယ်လိုက်တာကို သူ့အနေနဲ့ အလွန်ဝမ်းမြောက်ကြောင်း ပြောပါတယ်။

လက်ရှိဥပဒေအရ အကြမ်းဖက်မှု သို့မဟုတ် အကျပ်ကိုင်မှုရှိကြောင်းသက်သေမပြနိုင်ရင် ပြစ်မှုကျူးလွန်သူဟာ မုဒိမ်းမှုနဲ့ ပြစ်ဒဏ်ချမှတ်မခံရဘဲ သက်ငယ်တစ်ဦးကို လိင်အနိုင်ကျင့်မှုနဲ့သာ ပြစ်ဒဏ်ချမှတ်ခံရပါတယ်။ ဒါဟာ အမြင့်ဆုံးထောင်ဒဏ် ငါးနှစ်၊ ဒဏ်ငွေ ပေါင် ၇၅,၀၀၀ ကျခံရတဲ့ အမှုမျိုး ဖြစ်ပါတယ်။

အစိုးရအနေနဲ့ အသက်ကန့်သတ်ချက်နဲ့အတူ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုနဲ့ ပတ်သက်တဲ့ တခြား ဥပဒေတွေကို မကြာခင်အတည်ပြုတော့မှာ ဖြစ်ပါတယ်။

အသက် ၁၃ နှစ်နဲ့ ၁၅ နှစ် ဘယ်အသက်ကို သတ်မှတ်ရမယ်ဆိုတာ အကြိတ်အနယ်ဆွေးနွေးခဲ့ကြပါတယ်။ မစ္စရှီယာပါကပိုကြီးတဲ့အသက်ကို ရွေးချယ်လိုက်တာကိုသူ့အနေနဲ့ အလွန်ဝမ်းမြောက်ကြောင်း အေအက်ဖ်ပီ သတင်းဌာနကို ပြောပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလက အသက် ၃၀ နှစ်အရွယ် အမျိုးသားတစ်ဦးကို မုဒိမ်းမှုကနေ လွှတ်ပေးလိုက်ပြီး တရားရုံးတော်က သူကျူးလွန်ခဲ့တဲ့အသက် ၁၁နှစ်အရွယ်မိန်းကလေးဟာ 'အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှု၊ အံ့အားသင့်မှုတွေ' မခံခဲ့ရတာကြောင့်လို့ ဆုံးဖြတ်ခဲ့လို့ဖြစ်ပါတယ်။

တခြား အမှုတစ်ခုအဖြစ် တရားရုံးတစ်ခုဟာ အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးကို မုဒိမ်းမှုနဲ့မဟုတ်ဘဲ လိင်ပိုင်းဆိုင်ရာ စော်ကားမှုစွဲချက်နဲ့သာ စွဲချက်တင်သင့်ကြောင်း၊ ကျူးလွန်ခံရသူဟာ လိင်ဆက်ဆံဖို့အတွက် အဓမ္မကြိုးစားခံရတာမျိုးမရှိတာကြောင့်ဖြစ်ကြောင်း အစောပိုင်းက သတ်မှတ်ခဲ့ပါတယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့လကတော့ အဆိုပါတရားရုံးကပဲ သည်ဆုံးဖြတ်ချက်ကို ပြန်ရုတ်သိမ်းခဲ့ပြီး စွပ်စွဲခံရသူဟာ မုဒိမ်းမှုနဲ့ စွဲဆိုခံရသင့်တယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

**စုပြည့်စုံ**

ref: BBC, Mar 7,2018.]

www.free4reader.com



# နျူဖျက်သိမ်းရေးဆွေးနွေးပွဲ မြောက်ကိုရီးယား အသင့်ရှိနေဟု ဆိုးလ်ပြော



တောင်ကိုရီးယား အမျိုးသားလုံခြုံရေးအကြံပေး ချုန်အီယောင်က ပြုံယမ်းမှာ ခေါင်းဆောင်ကင်မ်ဂျုံအန်းနဲ့ တွေ့ဆုံအပြီးမှာ ပြောပါတယ်။

မတ် ၇ – လုံခြုံရေးအာမခံချက်ရရင် သူ့ရဲ့နျူကလီးယားလက်နက်တွေကို စွန့်လွှတ်ဖို့ ဆန္ဒရှိကြောင်း ပြုံယမ်းက ထုတ်ပြောပြီးနောက် မြောက်နဲ့ တောင်ကိုရီးယားခေါင်းဆောင်တွေဟာ နောက်လမှာ စစ်ကင်းမဲ့ဇုန်မှာ သမိုင်းတွင်မယ့် ထိပ်သီးဆွေးနွေးပွဲတစ်ခု ကျင်းပမှာဖြစ်ကြောင်း ဆိုးလ်က အင်္ဂါနေ့က ပြောပါတယ်။

မြောက်ကိုရီးယားဟာ အမေရိကန်နဲ့ နျူကလီးယားဖျက်သိမ်းရေးကိစ္စကိုပွင့်ပွင့်လင်းလင်းဆွေးနွေးဖို့ လမ်းဖွင့်ထားပြီး ဆွေးနွေးပွဲတွေလုပ်နေချိန်မှာ မစ်ဆိုင်းနဲ့ နျူကလီးယားစမ်းသပ်မှုတွေကို ရပ်နားထားမှာဖြစ်ကြောင်း တောင်ကိုရီးယား အမျိုးသားလုံခြုံရေးအကြံပေး ချုန်အီယောင်က ပြုံယမ်းမှာ ခေါင်းဆောင်ကင်မ်ဂျုံအန်းနဲ့ တွေ့ဆုံအပြီးမှာ ပြောပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သည်ကြေညာချက်ကို သတိကြီးကြီးနဲ့ ကြိုဆိုခဲ့ပါတယ်။

'ကမ္ဘာကြီးက စောင့်ကြည့်နေတယ်၊ မျှော်လင့်ချက်အမှားလဲဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ အမေရိကန်က ဘယ်လမ်းကြောင်းပဲဖြစ်ဖြစ် ခက်ခက်ခဲခဲလျှောက်ဖို့အသင့်ပဲ'

မြောက်ကိုရီးယားဟာ သူ့ရဲ့ အဏုမြူနဲ့ ပဲ့ထိန်းမစ်ဆိုင်းအစီအစဉ်တွေကြောင့် ကုလလုံခြုံရေးကောင်စီရဲ့ အရေးယူမှုကို အကြိမ်ကြိမ်ခံရပြီး သူ့ရဲ့'အဖိုးတန်ဓား' ကိုညှိနှိုင်းမှုမလုပ်ဘူးလို့ အတည်ပြုထားတာ ကြာပါပြီ။

ဒါပေမဲ့ သူ့နိုင်ငံနဲ့ သူ့ခေါင်းဆောင်တွေရဲ့လုံခြုံရေးကိုအာမခံနိုင်ရင် နျူလုပ်ငန်းကို စွန့်ပယ်ဖို့ ဆန္ဒရှိတယ်လို့ ချုန်က ဆိုပါတယ်။

ဒါဟာ မြင့်မားတဲ့သတ်မှတ်ချက်ပါပဲ။ ၁၉၅၃ ခုနှစ်မှာ အပစ်အခတ်ရပ်စဲမှုနဲ့ ကိုရီးယားစစ်ပွဲပြီးဆုံးပြီးနောက် သူ့ကိုယ်သူအမေရိကန်ရဲ့ ကျူးကျော်ခံရမယ့် အန္တရာယ်ရှိတယ်လို့ သတ်မှတ်ထားပါတယ်။

ဒါပေမဲ့ ကင်မ်ဟာ ဝါရှင်တန်နဲ့ နျူကလီးယားဖျက်သိမ်းရေးဆွေးနွေးပွဲလုပ်ဖို့ဆန္ဒရှိကြောင်း ချုန်က ဆိုပြီး ဒါဟာ ဆွေးနွေးပွဲတစ်ခု အထမြောက်ဖို့အရေးကြီးတဲ့သဘောတူညီချက်ဖြစ်ပါလိမ့်မယ်။

ပြုံယမ်းအနေနဲ့ အစည်းအဝေးအထမြောက်ဖို့သတ်မှတ်ချက်အဖြစ် နျူကလီးယားဖျက်သိမ်းရေးအတွက် ရှေးရှုလုပ်ဆောင်ရမယ် လို့ဝါရှင်တန်က အတည်ပြုထားတာ ကြာပါပြီ။

'အမေရိကန်နဲ့ ကျွန်တော်တို့ရဲ့မဟာမိတ်တွေက ကင်မ်အစိုးရကို သူတို့ရဲ့နျူကလီးယားအစီအစဉ်အဆုံးသတ်ဖို့အတွက် အမြင့်ဆုံးဖိအားပေးဖို့ ကတိပြုထားပါတယ်'လို့ သူက ဆိုပါတယ်။

မြောက်ကိုရီးယားအစိုးရပိုင်မီဒီယာက ပြုံယမ်းမှာ ကင်မ်နဲ့ တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံတဲ့ဓာတ်ပုံတွေကို ဖော်ပြပြီးဆိုးလ်က သည်အစည်းအဝေးဟာ လေးနာရီကျော်ကြာမြင့်ကြောင်းပြောပါတယ်။ အစည်းအဝေးမှာမြောက်ကိုရီးယားခေါင်းဆောင်က ပြုံးရွှင်ပြီး စိတ်အားထက်သန်စွာ လက်ဆွဲနှုတ်ဆက်နေတာကို မြောက်ကိုရီးယားမီဒီယာမှာဖော်ပြထားပါတယ်။

'သမ္မတမွန်းဂျေအင်းက ထိပ်သီးဆွေးနွေးပွဲလုပ်ချင်ကြောင်း တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ဆီက ကြားရပြီးနောက် သူဟာ သူ့အမြင်တွေကို ဖလှယ်ပြီး စိတ်အားထက်သန်စရာသဘောတူညီချက်တစ်ခု ပြုလုပ်ခဲ့တယ်' လို့ မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနက အစောပိုင်းက ပြောပါတယ်။

**ဇုမြည့်စံ**

[ref: AFP/ad/de, Mar7,2018.]

# ဖိလစ်ပိုင်မှာ ကာကွယ်ဆေးပြဿနာဖြစ်ရာကနေ ဝက်သက်ရောဂါ ထူးခတ်မှုဖြစ်ပွား



ကာကွယ်ဆေး မထိုးရသေးတဲ့ ကလေးတွေကို ဖော်ထုတ်ပြီး ထိုးပေးနေတယ်။

မတ် ၆– ကမ္ဘာ့ပထမဆုံး သွေးလွန်တုပ်ကွေး ကာကွယ်ဆေးတစ်ခုနဲ့ ပတ်သက်ပြီး ကျန်းမာရေးဆိုင်ရာ စိုးရိမ်ထိတ်လန့်မှုတွေ ဖြစ်ရာကနေ ကလေးတွေမှာ ကာကွယ်ဆေးထိုးနှုန်း တစ်စိတ်တစ်ပိုင်းကျဆင်းကာ လူသေစေတဲ့ ဝက်သက်ရောဂါ ကူးစက်မှုတစ်ခုဖြစ်ပွားနေတယ်လို့ ဖိလစ်ပိုင်ကျန်းမာရေးအရာရှိကြီးတစ်ဦးက အင်္ဂါနေ့မှာ ပြောကြားခဲ့ပါတယ်။

ကလေးသေဆုံးမှု တချို့ကို သွေးလွန်တုပ်ကွေး ကာကွယ်ဆေးကြောင့်လို့ မိဘတချို့က အပြစ်ဖို့ခဲ့တဲ့ဖြစ်ရပ်နဲ့ တိုက်ဆိုင်စွာပဲ ဒီဇင်ဘာလကစပြီး ဖိလစ်ပိုင်မှာ ကမ္ဘာ့ ကလေး အသေအပျောက် အများဆုံး ရောဂါတစ်ခုဖြစ်တဲ့ ဝက်သက်ရောဂါသည် လေးယောက်ကို တွေ့ရှိခဲ့တယ်လို့ အစိုးရက ပြောကြားခဲ့ပါတယ်။

အစိုးရရဲ့ အခြားရောဂါကာကွယ်ဆေးစီမံချက်တွေကြောင့် မနှစ်ကကာကွယ်ဆေးထိုးနှုန်း ၈၀ ရာခိုင်နှုန်းရှိရာမှ ဇန်နဝါရီလမှာ ၆၀ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရတယ်လို့ ကျန်းမာရေးအတွင်းဝန်ကလေး အင်းရစ်ဒိုမင်ဂိုက ပြောကြားခဲ့ပါတယ်။

ဝက်သက်ရောဂါ ကင်းပြတ်သွားတာ ၁၀ နှစ်လောက်ရှိခဲ့ပြီဖြစ်ပေမဲ့ ကာကွယ်ဆေးထိုးနှုန်း ကျဆင်းလာတာကြောင့် ပြန်လည်ဖြစ်ပွားခဲ့တာလို့ သူက သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

ဒီဇင်ဘာလက မင်ဒါနာအိုကျွန်းဒေသမှာ ဝက်သက်ကြောင့် နှစ်ဦးသေဆုံးခဲ့ပေမဲ့ ဇန်နဝါရီလက မနီလာမှာဖြစ်ပွားခဲ့တဲ့ ဝက်သက်ရောဂါသည် ၁ရဦးမှာတစ်ဦးမှ သေဆုံးခြင်းမရှိပါဘူး။

ဒါ့အပြင် လက်ရှိအချိန်မှာ နိုင်ငံအလယ်ပိုင်း နီဂရော့စ်ကျွန်းက မြို့နှစ်မြို့နဲ့ မြို့နယ်ငါးခုမှာ ဝက်သက်ရောဂါ ကူးစက်ဖြစ်ပွားနေတယ်လို့ ယူဆရကြောင်း သူက ပြောကြားခဲ့ပါတယ်။

ဝက်သက်ရောဂါ ထပ်မံမပြန့်ပွားဖို့အတွက် ကာကွယ်ဆေးမထိုးရသေးတဲ့ ကလေးတွေကို ဖော်ထုတ်ပြီး ထိုးပေးနေတယ်လို့ ဒိုမင်ဂိုက ပြောကြားခဲ့ပါတယ်။

ဝက်သက်ကာကွယ်ဆေးဟာ စမ်းသပ်အောင်မြင်ပြီး ကာကွယ်ဆေးဖြစ်ပြီး ကမ္ဘာပေါ်က ကလေးသန်းပေါင်းများစွာရဲ့ အသက်ကို ကယ်ဆယ်ပေးနိုင်ကြောင်း သူက ပြောပါတယ်။

**နှင်းသန့်**

[ref: AFP, Mar 6, 2018.]

# ပါပူဝါနယူးဂီနီမှာ ဒုတိယမြောက်ငလျင်လှုပ်၊ ၁၈ ဦး သေဆုံး

မတ် ၇–ဗုဒ္ဓဟူးနေ့စောစောပိုင်းက ပါပူဝါနယူးဂီနီရဲ့တောင်ပိုင်း ကုန်းမြင့်ဒေသမှာ အင်အား၆.၇အဆင့် ငလျင်တစ်ခု ထပ်လှုပ်ခဲ့တဲ့ အတွက် လူ ၁၈ဦးထက်မနည်းသေဆုံးပြီး ပြီးခဲ့တဲ့အပတ်က ပိုမိုကြီးမားတဲ့ငလျင်ကြောင့် သေဆုံးသူအရေအတွက်ကလည်း ပိုမိုများပြားလာပါတယ်။

သန်းခေါင်ယံအချိန်မှာ လှုပ်ခဲ့တဲ့ငလျင်ဟာ ပြီးခဲ့တဲ့ တနင်္လာနေ့က လှုပ်ခဲ့တဲ့ အင်အား ၇.၅ ငလျင် ဗဟိုချက်ရဲ့ အနောက်တောင်ဘက် ၃၁ မိုင်အကွာမှာ လှုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ငလျင်ကြီးကြောင့် သေဆုံးသူ ၅၅ ဦးထက် မနည်းရှိပါတယ်။

ဒါဟာ သယံဇာတကြွယ်ဝတဲ့ သည်ဒေသတွင်း အပြင်းထန်ဆုံး နောက်ဆက်တွဲငလျင်ဖြစ်ပြီး အရေးပေါ်အကူအညီ လိုအပ်နေသူ ၁၅၀,၀၀၀ နီးပါးအတွက် အကူအညီပေးရေးလုပ်ငန်းတွေကို ရှုပ်ထွေးခက်ခဲစေပါတယ်။

'ပြီးခဲ့တဲ့ညက လူ ၁၈ယောက် သေတယ်ဆိုတဲ့ သတင်းကြားရပါတယ်'လို့ ဟီလာပြည်နယ်အုပ်ချုပ်ရေးမှူးဝီလျံဘန်ဒိုက ရိုက်တာကို ပြောပါတယ်။

မူလငလျင်ကြောင့် သေဆုံးသူဟာ ၇၅ ဦးအထိ မြင့်တက်လာပြီး အရင်က သေဆုံးသူ ၅၅ ဦးရှိတယ်လို့ အစိုးရတာဝန်ရှိသူတွေက ဆိုပါတယ်။

ပါပူဝါနယူးဂီနီရဲ့ သဘာဝဘေး စင်တာက ပြောခွင့်ရအမျိုးသမီးတစ်ဦးက အာဏာပိုင်တွေဟာ သေဆုံးသူစာရင်းကို အပြီးမသတ်ရသေးဘူးလို့ ဗုဒ္ဓဟူးနေ့က ပြောပါတယ်။

ယူနိုက်တက်ချာ့ချ်ပရောဂျက်အရာရှိ ဂျိမ်းစ်ကိုမန်ဂီက သူ့ဘုရားကျောင်းရဲ့တွက်ချက်မှုနဲ့တဲ့ ပြန်ရေးစင်တာအရ ဟီလာပြည်နယ်တစ်ခုတည်းမှာတင် သေဆုံးသူ ၆၇ ဦးအထိရှိကြောင်း ပြောပါတယ်။

**ဇုမြည့်စံ**

[ref: Reuters, Mar 7, 2018.]

www.free4reader.com





# ပိုင်ဖြိုးသု နေဝင်အိပ်တန်းတက်ဇာတ်ကားနဲ့ အကယ်ဒမီ တစ်ကြိမ်ပေးခြင်းခံရ

ရန်ကုန်၊ မတ်လ ၇ - 'နေဝင်အိပ်တန်းတက်' ဇာတ်ကားနဲ့ အကယ်ဒမီတစ်ကြိမ်ပေးခြင်းခံနေရတဲ့ သရုပ်ဆောင် ပိုင်ဖြိုးသုရဲ့ အကယ်ဒမီရင်ခုန်သံကို မေးမြန်းခဲ့ပါတယ်။

'ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်၊ ဒီကားလေးနဲ့ မှန်းပေးကြတဲ့ ပရိသတ်တွေ အားလုံးအတွက် မှန်းပေးတယ်ဆိုတာကိုက ကိုယ်ကြိုးစားထားတာကိုအသိအမှတ်ပြုလို့ပေါ့နော်၊ ခုချိန်မှာ ကိုယ်တွေအနေအထားက ပရိသတ်ပိုအသိအမှတ်ပြုဖို့က ပိုလိုအပ်ပါတယ်၊ ကြိုးစားသမျှကို ပရိသတ်က သူကြိုးစားထားရှာသားပဲဆိုတဲ့ အသိအမှတ်လေးကို အရမ်းလိုချင်တဲ့ အချိန်မှာကျတော့ သူကိုအသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အကယ်ဒမီပေးပွဲကတော့ တက်ဖြစ်မှာပါ၊ ဒီနှစ်အကယ်ဒမီကတော့ ကားကောင်းတွေလဲ အများကြီးပဲ၊ ကြားတဲ့စီနီယာတွေလဲ အများကြီးပဲပေါ့၊ သူတို့အတွက်တော့ ရင်ခုန်ပါတယ်၊ သူသူကို ချစ်ခင်လို့ရစေချင်လို့ တစ်ပေးကြတာ ကျေးဇူးတင်ပါတယ်၊ အနုပညာရှင်တိုင်း မြှတ်နိုးတန်ဖိုးထားတဲ့ ဆုတစ်ဆုပါ၊ ဒီအကယ်ဒမီက ပရိသတ်က ပေးတဲ့ အကယ်ဒမီရှိသလို အကဲဖြတ်လူကြီးတွေပေးတဲ့ အကယ်ဒမီတွေလဲ ရှိတယ်၊ နှစ်ခုလုံးရရင်တော့ ပို ပျော်မိ မှာ ပါ' လို့ သရုပ်ဆောင်ပိုင်ဖြိုးသုက ပြောပါတယ်။

သူမရဲ့ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးအနေနဲ့လည်း နောက်ထပ်ရုပ်ရှင်ဇာတ်ကားတွေရိုက်ကူးဖို့ ရှိတယ်လို့ ပြောပါတယ်။

မိမို့

# ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက် ဇာတ်ကားကြီး မတ်လ ၉ ရက်နေ့ ရုံတင်မည်




ရန်ကုန်၊ မတ် ၇ - လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးက ဇာတ်လမ်းဇာတ်ညွှန်း ကိုကျော် ဒါရိုက်တာကျော်ဇောလင်းရိုက်ကူးတဲ့ ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်ရုပ်ရှင်ဇာတ်ကားကြီးကို ယနေ့မနက် ၉း၃၀ နာရီက သမ္မတရုပ်ရှင်ရုံမှာအထူးပွဲပြသခဲ့ပါတယ်။

ရုပ်ရှင်ကားကြီးမှာ နေတိုး၊ ထွန်းထွန်း၊ ဝတ်မှုံရွှေရည်၊ ခင်လှိုင်၊ ကိုပေါက်၊ ဇင်မျိုး၊ ယွန်းရွှေရည်၊ ဝါရင့်သရုပ်ဆောင်တွေနဲ့ အနုပညာ ရှင် များ စွာ ပါ ဝင် သ ရုပ်ဆောင်ထားပါတယ်။

'ဒီဇာတ်ကားက ဟာသကားလဲဖြစ်သလို ဇာတ်လမ်းဇာတ်အိမ်ကောင်းကောင်းနဲ့ ရိုက်ကူးထားတဲ့ ရုပ်ရှင်ကားကြီးတစ်ကားလို့ ပြောလို့ရပါတယ်၊ အကြောင်းအရာကတော့ ငွေကြေးနောက်ကို ကောက်ကောက်ပါအောင် လိုက်နေတဲ့ ငွေရှင်ကြေးရှင်တွေက မေတ္တာတရားနှင့် ဝေးကွာတတ်တဲ့အကြောင်းနဲ့ ငွေက အရာရာကိုပြီးပြည့်စုံအောင် ဖန်တီးနိုင်ပေးနိုင်ပေမဲ့ တစ်ဦးနဲ့တစ်ဦးမှာ ရှိသင့်တဲ့ နွေးထွေးမှုစည်းလုံးမှုကို ဖန်တီးယူလို့မရဘူးဆိုတာ ကိုထင်ဟပ်စေတဲ့ ဇာတ်ကားကောင်းတစ်ကားဖြစ်မယ်လို့ မျှော်လင့်ပါတယ်' လို့ ဒါရိုက်တာကျော်ဇောလင်းက ပြောပါတယ်။

သည်ရုပ်ရှင်ကားကြီးကို မတ်လ ၉ ရက်နေ့မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွေမှာ ပြသသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

မိမို့

# ပရိသတ်ကို ချပြဖို့ သီချင်းအသစ်တွေ ဖန်တီးနေတယ်ဆိုတဲ့ ဂျူဝယ်

ရန်ကုန်၊ မတ် ၇ - The Four ဂီတအဖွဲ့လေးထဲမှာ တေးသီချင်းလေးတွေသီဆိုပြီး အနုပညာလုပ်ဆောင်မှုတွေ ပိုမိုလုပ်ဆောင်ဖြစ်နေသလို ပ ရိတ် သတ် ကို ချ ပြ ဖို့ အ တွက် သီချင်းသစ်တွေဖန်တီးနေပါတယ် ဆိုတဲ့ အဆိုတော်ဂျူဝယ်နဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**မော်ဒန်။ ။ လတ်တလောက်လုပ်ဆောင်ချက်လေးတွေပြောပြပေးပါဦး။**

**ဂျူဝယ်။** ။ရှိုးတွေ ဆိုဖြစ်တယ်။ နောက် အ ခွေ လေး ဖန် တီး နေတယ်။

**မော်ဒန်။ ။ တစ်ကိုယ်တော်ခွေလုပ်ဖြစ်တာလေး ပြောပြပေးပါလား။**

**ဂျူဝယ်။** ။ကျွန်တော်တစ်ကိုယ်တော် solo album လေးလုပ်နေတယ်။ ကျွန် တော် တစ်ယောက်တည်းပဲ ဆိုဖြစ်မယ်၊နောက် The Four အဖွဲ့ပါမယ်။ သီချင်းအမည်တော့ မပေးရသေးဘူး။ သီချင်းအပုဒ်ရေလည်း မသတ်မှတ်ရသေးဘူး။သီချင်းတွေက အများကြီးဖြစ်နေတော့ ရွေးနေတုန်းဒီနှစ်အတွင်းထွက်ဖြစ်အောင်တော့ ကြိုးစားထားတယ်။

**မော်ဒန်။ ။ ဘယ်လိုဂီတပုံစံလေးတွေဖန်တီးသွားမလဲ။**

**ဂျူဝယ်။** ။ကျွန်တော် ဆိုနေကျပုံစံလေးတွေပဲ ကျွန်တော် လုပ်ဖြစ်မယ်။

**မော်ဒန်။ ။အဆိုပိုင်းနဲ့ပတ်သတ်ပြီးလေ့လာမှုဘယ်လိုလုပ်ဆောင်ဖြစ်လဲဆိုတာ ပရိတ်သတ်ကို ပြောပြပေးပါလား။**

**ဂျူဝယ်။** ။ကျွန်တော်ငယ်ငယ်ကတည်းက သီချင်းဆိုဖြစ်တယ်၊ (၅)တန်းလောက်ကတည်းက ဆိုကရေးတီးပြိုင်ခဲ့တယ်၊နောက်အဆိုပြိုင်ပွဲတွေလည်း ပြိုင်ဖြစ်တယ်၊ အဆိုပိုင်းကို ဂီတမိတ်မှာ တက်ဖူးတယ်။ ပြီးတော့ ဂီတမိတ်မှာပဲ လေ့လာရင်းဂီတမိတ်နဲ့ လက်တွဲလုပ်ဖြစ်တယ်။

**မော်ဒန်။ ။အဆိုပိုင်းအပြင် သရုပ်ဆောင်ပိုင်းနဲ့ပတ်သတ်ပြီးကမ်းလှမ်းတာ ရှိလား။**

**ဂျူဝယ်။** ။ကျွန်တော့်ကို သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီး ကမ်းလှမ်းတာ ရှိတယ်။ ဒါပေမဲ့ကျွန်တော် မလုပ်ဖြစ်ဘူး။ ဓာတ်ပုံရိုက်တာတောင်အဆင်မပြေတာ သရုပ်ဆောင်ပိုင်းဆို ပိုဆိုးမယ်။ ဒါပေမဲ့ ကျွန်တော်လေ့လာပြီး ကြိုးစားသွားမယ်။

**မော်ဒန်။ ။ အနုပညာ လမ်းကြောင်း စတင်ဝင်ရောက်ချိန်မှာ ဘယ်လိုအခက်အခဲတွေ ရှိခဲ့လဲ။**

**ဂျူဝယ်။** ။ အခက်အခဲကတော့ ရှိတယ်။ နောက် အနုပညာမျိုးရိုးလည်း မရှိဘူး။နေရာတစ်ခုရဖို့သေချာကြိုးစားရတယ်။ ကျန် တာ တော့ကြီးကြီးမားမား မရှိဘူး။

**မော်ဒန်။ ။အားပေးတဲ့ ပရိတ်သတ်ကိုစကားလက်ဆောင်လေးပြောပေးပါလား။**

**ဂျူဝယ်။** ။ပရိတ်သတ်တွေကျန်းမာရေးဂရုစိုက်ပါလို့ပြောချင်တယ်။ နောက်ပြီး ကျွန်တော့်ကိုလဲ ချစ်ပေးပါအားပေးကြပါလို့ ပြောချင်တယ်။

မိမို့



# အဆိုတော်ဟန်ထူးလွင်ရဲ့ ပထမဆုံးအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲ ကျင်းပမည်

ရန်ကုန်၊ မတ်၇ - အဆိုတော်ဟန်ထူးလွင် (ကျားပေါက်)ရဲ့ ပထမဆုံးအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို 'Outelligence' အမည်ဖြင့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်တက္ကသိုလ်ရိပ်သာလမ်းရှိ အလှသစ်ပန်းချီပြခန်းမှာမတ်လ၉ရက်နံနက်၁၀း၀၀ နာရီမှာ ကျင်းပသွားမယ်လို့ သိရပါတယ်။



'ကိုဟန်ထူးလွင်ရဲ့ Knot Funni ကာတွန်းစာအုပ်ကိုလဲ ကျွန်တော့်ရဲ့ ငါတို့စာပေကပဲ ထုတ်ဝေခဲ့ပါတယ်၊ အဲဒီကာတွန်းတွေ ယူလာတုန်းက ပန်းချီဆန်တဲ့ ကာတွန်းတွေ ပါနေတယ်၊ ကျွန်တော်ကိုယ်တိုင်ပန်းချီနဲ့ဆိုင်တဲ့ ပစ္စည်းတွေ ဝယ်ပေးပြီးတော့ ပန်းချီဆွဲဖြစ်အောင် ဆွဲပါလို့ တိုက်တွန်းခဲ့ပါတယ်၊ အခု သူဆွဲထားတဲ့ ပန်းချီကားတွေ ပြသမှာ ဖြစ်ပါတယ်' လို့ စာရေးဆရာ မြေမှုန်လွင်က ပြောသည်။

သည်ပြပွဲကို WE Creation က ကြီးမှူးစီစဉ်တာဖြစ်ပြီး ပန်းချီကား ရောင်း ချ မှု ကို လည်း We Creation အဖွဲ့က တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်တယ်။ ပန်းချီပြပွဲမှာ အဆိုတော် ဟန်ထူးလွင်ရေးဆွဲထားတဲ့ ပန်းချီကား ၃၀ ကျော်ကို ပြသမှာ ဖြစ်ပြီး ဖွင့်ပွဲကို မတ် ၉ ရက် ညနေ ၆း၀၀ နာရီမှာ ပြုလုပ်သွားမယ်လို့ သိရပါတယ်။

မိမို့

## ပရီးမီးယားလိဂ်ပွဲစဉ် (၃၀)

# စောင့်ကြည့်ရဦးမယ့် တန်းဆင်းဇုန်တိုက်ပွဲနဲ့ ဒုတိယနေရာလုပွဲ

မတ် ၇-သည့်တစ်ပတ်လည်း ပရီးမီးယားလိဂ်ထုံးစံအတိုင်းအကြိတ်အနယ်ပွဲတွေ စောင့်ကြည့်ရဦးမှာပါ။ အထူးသဖြင့် တန်းမဆင်းရဖို့ ရုန်းကန်နေကြတဲ့အသင်းတွေရဲ့ အကြိတ်အနယ်တိုက်ပွဲတွေ ဆက်လက်မြင်တွေ့ရဖို့ရှိပြီး အခု ပွဲစဉ် ၃၀ မှာတော့ မန်ယူနဲ့ လီဗာပူးလ်တို့ရဲ့ အဆင့် ၂နေရာလုပွဲကိုလည်း မလွတ်တမ်း စောင့်ကြည့်ရဖို့ ရှိနေပါတယ်။ မန်စီးတီးကတော့ ချန်ပီယံဖြစ်ဖို့ နီးစပ်သထက် နီးစပ်လာနေပါပြီ။ ချန်ပီယံလိဂ်ဝင်ခွင့် အတွက်လုကြရမယ့် အသင်းတွေထဲ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ တောက်လျှောက် ခြေချော်နေကြလို့ သည့်တစ်ပတ်ရောဘယ်လို ရလဒ်တွေထွက်လာဦးမလဲ စိတ်လှုပ်ရှားစွာ ကြည့်ရှုရဦးမှာပါ။ အဝေးကွင်းပွဲကစားရမယ့် စပါးကရော နိုင်ပွဲဆက်ပြီးမန်ယူနဲ့ လီဗာပူးလ်တို့ကို ဖိအားပေးနိုင်ဦးမှာလား သည့်တစ်ပတ်လည်း အကြိတ်အနယ်ပွဲတွေ မလွတ်တမ်း စောင့်ကြည့်ကြရပါလိမ့်မယ်။



လီဗာပူးလ်တိုက်စစ်နဲ့ မန်ယူခံစစ် အဓိက အားပြိုင်ကြရဖို့များပြီး မန်ယူအိမ်ကွင်းအားသာချက် ရှိပါတယ်။

## မန်ယူ Vs လီဗာပူးလ်

သည့်တစ်ပတ်ရဲ့အစောဆုံးပွဲနဲ့အကောင်းဆုံးပွဲပါပဲ။ နှစ်သင်းစလုံးချန်ပီယံဖြစ်ဖို့ အခွင့်အရေး မရှိသလောက် ဖြစ်နေကြပေမဲ့အကောင်းဆုံးဒုတိယနေရာနဲ့ရာသီသိမ်းဖို့ အစွမ်းကုန်ကြိုးစားကြရမှာပါ။သည့်ပွဲက မန်ယူဘက်ကကြည့်ရင်အနီးဆုံး ပြိုင်ဘက်ကို ငါးမှတ်အထိ ဖြတ်နိုင်မယ့် အခွင့်အရေးတစ်ခုဖြစ်ပြီး လီဗာပူးလ် အနေနဲ့လည်းဒုတိယနေရာကို တစ်မှတ်အသာနဲ့ရယူနိုင်မယ့် မဟာ အခွင့်အရေးဖြစ်ပါတယ်။ လောလောဆယ်မန်စီးတီးပြီးရင် အကောင်းဆုံးပုံစံရနေတဲ့နှစ်သင်းက လီဗာပူးလ်နဲ့စပါးဖြစ်ပြီးသည့်ခြေစွမ်းကို ထိန်းထားနိုင်ရင် လီဗာပူးလ်အိပ်မက်တွေ အကောင်အထည်ပေါ်နိုင်တယ်။မန်ယူကတော့ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံ မရသေးပေမဲ့ ပဲလေ့စ်ကို အံ့သြဖွယ်အနိုင်ပြန်ရတဲ့ပွဲကြောင့် စိတ်ဓာတ်ပိုင်းအားကောင်းနိုင်တယ်။ နှစ်သင်းစလုံး ချန်ပီယံလိဂ် ဖိအားတွေရှိနေနိုင်ပြီး အထူးသဖြင့် ဆီဗီလာနဲ့ အဆုံးအဖြတ်ပွဲ ကစားရမယ့် မန်ယူအတွက်ပိုပြီး စိတ်ဖိစီးစရာ ရှိနေတယ်။လီဗာပူးလ်က ချန်ပီယံလိဂ်မှာ ပေါ်တိုကို သရေကစားပြီး နောက်တစ်ဆင့်တက်သွားခဲ့ပြီဖြစ်ပြီးဖိအားနည်းနည်းနဲ့ကစားခဲ့လို့ အခုမန်ယူနဲ့ပွဲကိုပိုအာရုံစိုက်နိုင်ပါလိမ့်မယ်။ သည့်နှစ်သင်း နောက်ဆုံးပရီးမီးယားလိဂ် သုံးပွဲဆက် သရေကျထားပြီး ခြေအတော်လေးညီမျှခဲ့တယ်။ လီဗာပူးလ်တိုက်စစ်နဲ့ မန်ယူခံစစ် အဓိက အားပြိုင်ကြရဖို့များပြီး မန်ယူအိမ်ကွင်းအားသာချက်ကြောင့် ရှုံးဖို့တော့ မရှိလောက်ပါဘူး။ သရေပွဲ ထပ်ဖြစ်ဖို့ များတယ်။

**ပရီးမီးယားလိဂ်ပွဲစဉ်များ(၃၀)**
**ပွဲကစားချိန်များ**

| | |
|---|---|
| မတ် ၁၀၊ စနေနေ့ည | မန်ယူ ၇း၀၀ လီဗာပူးလ် |
| | အဲဗာတန် ၉း၃၀ ဘရိုက်တန် |
| | ဟက်ဒါစဖီး ၉း၃၀ ဆွမ်ဆီး |
| | နယူးကာဆယ် ၉း၃၀ ဆောက်သမ်တန် |
| | ဝက်စ်ဘရွန်း ၉း၃၀ လက်စတာ |
| | ဝက်စ်ဟမ်း ၉း၃၀ ဘန်လေ |
| | ချယ်လ်ဆီး ၁၂း၀၀ ပဲလေ့စ် |
| မတ် ၁၁၊ တနင်္ဂနွေနေ့ည | အာဆင်နယ် ၈း၀၀ ဝက်ဖို့ဒ် |
| | ဘုန်းမောက် ၁၀း၃၀ စပါး |
| မတ် ၁၃၊ အင်္ဂါနေ့မနက် | စတုတ် ၂း၃၀ မန်စီးတီး |

**ပွဲစဉ် (၂၉)အပြီး ပရီးမီးယားလိဂ်အသင်းများရဲ့ ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | မန်စီးတီး | ၂၉ | ၂၅ | ၃ | ၁ | ၈၃ | ၂၀ | ၇၈ |
| ၂ | မန်ယူ | ၂၉ | ၁၉ | ၅ | ၅ | ၅၆ | ၂၂ | ၆၂ |
| ၃ | လီဗာပူးလ် | ၂၉ | ၁၇ | ၉ | ၃ | ၆၇ | ၃၂ | ၆၀ |
| ၄ | စပါး | ၂၉ | ၁၇ | ၇ | ၅ | ၅၅ | ၂၄ | ၅၈ |
| ၅ | ချယ်လ်ဆီး | ၂၉ | ၁၆ | ၅ | ၈ | ၅၀ | ၂၆ | ၅၃ |
| ၆ | အာဆင်နယ် | ၂၉ | ၁၃ | ၆ | ၁၀ | ၅၂ | ၄၁ | ၄၅ |
| ၇ | ဘန်လေ | ၂၉ | ၁၀ | ၁၀ | ၉ | ၂၄ | ၂၆ | ၄၀ |
| ၈ | လက်စတာ | ၂၉ | ၉ | ၁၀ | ၁၀ | ၄၁ | ၄၂ | ၃၇ |
| ၉ | ဝက်ဖို့ဒ် | ၂၉ | ၁၀ | ၆ | ၁၃ | ၃၉ | ၄၇ | ၃၆ |
| ၁၀ | ဘရိုက်တန် | ၂၉ | ၈ | ၁၀ | ၁၁ | ၂၈ | ၃၈ | ၃၄ |
| ၁၁ | အဲဗာတန် | ၂၉ | ၉ | ၇ | ၁၃ | ၃၃ | ၄၉ | ၃၄ |
| ၁၂ | ဘုန်းမောက် | ၂၉ | ၈ | ၉ | ၁၂ | ၃၄ | ၄၄ | ၃၃ |
| ၁၃ | ဆွမ်ဆီး | ၂၉ | ၈ | ၆ | ၁၅ | ၂၅ | ၄၂ | ၃၀ |
| ၁၄ | ဝက်စ်ဟမ်း | ၂၉ | ၇ | ၉ | ၁၃ | ၃၆ | ၅၄ | ၃၀ |
| ၁၅ | ဟက်ဒါစဖီး | ၂၉ | ၈ | ၆ | ၁၅ | ၂၅ | ၅၀ | ၃၀ |
| ၁၆ | နယူးကာဆယ် | ၂၉ | ၇ | ၈ | ၁၄ | ၂၇ | ၄၀ | ၂၉ |
| ၁၇ | ဆောက်သမ်တန် | ၂၉ | ၅ | ၁၃ | ၁၁ | ၂၉ | ၄၁ | ၂၈ |
| ၁၈ | ပဲလေ့စ် | ၂၉ | ၆ | ၉ | ၁၄ | ၂၇ | ၄၆ | ၂၇ |
| ၁၉ | စတုတ်စီးတီး | ၂၉ | ၆ | ၉ | ၁၄ | ၂၈ | ၅၄ | ၂၇ |
| ၂၀ | ဝက်စ်ဘရွန်း | ၂၉ | ၃ | ၁၁ | ၁၅ | ၂၂ | ၄၃ | ၂၀ |

## အဲဗာတန် Vs ဘရိုက်တန်

အမှတ်တူနှစ်သင်းဖြစ်ပြီး တန်းဆင်းဇုန်နဲ့ မလွတ်မကင်းဖြစ်နေကြသေးတဲ့အသင်းတွေပါ။ လောလောဆယ် အဲဗာတန်က ရလဒ်ပိုင်းရော၊ ခြေစွမ်းပိုင်းပါ ပုံစံကောင်းပြန်ပျောက်နေပြီး ဘရိုက်တန်ကတော့ အသင်းကြီးတွေပြီးရင် လတ်တလောရလဒ် အကောင်းဆုံးအသင်းလို့ ဆိုနိုင်ပါတယ်။အစဉ်အလာမှာ အသာရနေကျဖြစ်ပေမဲ့သည့်ပွဲတော့ပထမအကျော့ကလိုပဲ အဲဗာတန် သရေနဲ့ပဲ ကျေနပ်ရနိုင်တယ်။

## ဟက်ဒါစဖီး Vs ဆွမ်ဆီး

တန်းဆင်းဇုန်တိုက်ပွဲတစ်ပွဲပါ။ အမှတ်တူနှစ်သင်းဖြစ်ပြီး တန်းဆင်းဇုန်နဲ့သုံးမှတ်သာကွာလို့ အချိန်မရွေးတန်းဆင်းဇုန်ထဲ ပြန်ရောက်သွားကြနိုင်တယ်။လတ်တလောခြေစွမ်းအရ ဆွမ်ဆီးက ပုံစံကောင်းပိုပြနေသလို ဟက်ဒါစဖီးကလည်းခြေရည်တူအသင်းတွေကိုကောင်းကောင်း ဒုက္ခပေးထားနိုင်တယ်။ အကြိတ်အနယ်ပွဲဖြစ်မှာသေချာပြီးခြေစွမ်းပိုကောင်းနေတဲ့ ဆွမ်ဆီးအတွက် သရေနဲ့ အနိုင် တစ်ခုခုပဲ။

## နယူးကာဆယ် Vs ဆောက်သမ်တန်

ဒါလည်းနောက်ထပ်အကြိတ်အနယ်တန်းဆင်းဇုန် တိုက်ပွဲပါ။ ခြေရည်တူနှစ်သင်းဖြစ်ပြီးသရေပွဲအများဆုံးကစားထားတဲ့ အသင်းတွေထဲ ပါဝင်နေတဲ့နှစ်သင်းပါ။ ပထမအကျော့လည်း သရေကျသလိုအခုလည်းသရေပွဲကလွဲတခြား မရှိနိုင်ပါဘူး။

## ဝက်စ်ဘရွန်း Vs လက်စတာ

ဝက်စ်ဘရွန်းကတော့ တန်းဆင်းရဖို့ သေချာသထက် သေချာလာနေပါပြီ။တောက်လျှောက်ရှုံးပွဲဆက်နေတဲ့ ဝက်စ်ဘရွန်းအတွက် သည့်ပွဲက အမြင့်ဆုံးမျှော်မှန်းနိုင်တာ သရေပွဲပါပဲ။ လက်စတာကလည်း မျှော်လင့်ချက် တစ်စုံတရာ မရှိတဲ့အသင်းဖြစ်လို့ဝက်စ်ဘရွန်းရဲ့အဖိုးတန်တစ်မှတ်အိပ်မက် အကောင်အထည်ပေါ်လာနိုင်တယ်။

## ဝက်စ်ဟမ်း Vs ဘန်လေ

ဝက်စ်ဟမ်းက တန်းဆင်းဇုန်ထဲပြန်မရောက်ဖို့ ရုန်းကန်နေရတဲ့ အသင်းဖြစ်ပြီး ဘန်လေကတော့အဆင့် ၇မှာအေးအေးလူလူရပ်တည်နေတဲ့ အသင်းပါ။ ပြီးခဲ့တဲ့ ပွဲစဉ် အိမ်ကွင်းမှာ ဘန်လေ ရှားရှားပါးပါးနိုင်ပွဲ ပြန်ရခဲ့ပေမဲ့ အခု အဝေးကွင်းမှာ ပုံမှန်ထက်ပိုပြီးအားထုတ်မယ့်ပုံမရှိပါဘူး။ အမှတ်လိုနေတဲ့အိမ်ရှင်အသင်း အမှတ်ပြည့် ရယူသွားနိုင်ပါတယ်။

## ချယ်လ်ဆီး Vs ပဲလေ့စ်

အဓိက ပြိုင်ဘက်တွေကို ဆက်တိုက်အရေးနိမ့်ခဲ့တဲ့ချယ်လ်ဆီးအတွက် ဖိအားအများဆုံးအချိန်ကို ရင်ဆိုင်နေရတာပါ။ပဲလေ့စ်ကလည်း တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ အခက်အခဲတွေကြုံနေရတဲ့အသင်းပါ။ ချယ်လ်ဆီး အနေနဲ့တော့ သည့်ပွဲမှ မနိုင်ရင် အဆင့် ၄ ထဲဝင်ဖို့ပိုခက်သွားနိုင်လို့အားကုန်ထုတ်မှာပါ။ ချန်ပီယံလိဂ် အဆုံးအဖြတ် ပွဲ ကလည်း ရှိနေတာကြောင့် ချယ်လ်ဆီး ဗျာများဖို့တော့ရှိတယ်။ ပထမအကျော့မှာ ပဲလေ့စ်က ၂-၁နဲ့ အနိုင်ရခဲ့တာကြောင့်လည်း ချယ်လ်ဆီး ပိုပြီး စိတ်ဖိစီးနိုင်တယ်။ ဒါပေမဲ့ အိမ်ကွင်းဖြစ်တဲ့ ချယ်လ်ဆီးနိုင်ပွဲတော့ ပြန်ရှာတွေ့ပါလိမ့်မယ်။

## အာဆင်နယ် Vs ဝက်ဖို့ဒ်

အာဆင်နယ်အတွက် ဂုဏ်သိက္ခာပြန်ဆယ်ရမယ့်ပွဲပါ။ ဝက်ဖို့ဒ်က လတ်တလောခြေစွမ်းပြနေတဲ့အသင်းဖြစ်ပြီး ပထမအကျော့မှာလည်း အာဆင်နယ်ကို ၂-၁နဲ့ အနိုင်ယူခဲ့တာကြောင့် အာဆင်နယ်အတွက် နောက်ထပ် ပွဲကျပ်တစ်ပွဲ ရင်ဆိုင်ရတာပါပဲ။ အာဆင်နယ်အနေနဲ့ အဆင့်၆ ကထပ်ဆင်းရဖို့ မရှိနိုင်ပေမဲ့ အဆင့် ၅အတွင်းဝင်ဖို့လည်း ခက်ခဲနေပါပြီ။ လက်ရှိခြေစွမ်းအရတော့ဝက်ဖို့ဒ်ကို သရေထက် ပိုမကစားနိုင်လောက်ပါဘူး။

## ဘုန်းမောက် Vs စပါး

ဘုန်းမောက်က တန်းဆင်းဇုန်နဲ့ လွတ်လွတ်ကင်းကင်း ရှိနေပေမဲ့ စိတ်တော့ လုံးလုံးမချရသေးပါဘူး။ စပါးက အဆင့်၄ ထက် မြင့်ဖို့ ကြိုးစားနေပြီး မန်ယူနဲ့ လီဗာပူးလ် ထိပ်တိုက်တွေ့နေတာကြောင့် အခွင့်အရေးယူနိုင်ပါတယ်။ ပထမအကျော့မှာ စပါး ၁-၀နဲ့သာ အနိုင်ရခဲ့ပြီးအခုလည်း ဘုန်းမောက်က မာမာထန်ထန် ကစားနိုင်နေလို့ စပါးအတွက် ခက်ခဲနိုင်ပါတယ်။ အဝေးကွင်းလည်းဖြစ်လို့ စပါးအသင်းပထမအကျော့ကရလဒ်ထက် ပိုစရာအကြောင်း မရှိပါဘူး။ စပါးအနိုင်တော့ရမှာပါ။

## စတုတ်Vs မန်စီးတီး

စတုတ်က အဆင့် ၁၉ ကနေရုန်းထွက်ဖို့ အနိုင်မဖြစ်မနေလိုနေတယ်။ နောက်ဆုံးငါးပွဲဆက်နိုင်ပွဲမရှိပေမဲ့ လေးပွဲသရေကစားထားတယ်။ မန်စီးတီးကတော့ပြိုင်ဘက်မရှိတဲ့ ခြေစွမ်းနဲ့ ရှေ့ဆက်နေပြီး သည့်ပွဲလည်း အပေါ်စီးက ကစားပါဦးမယ်။ ပထမအကျော့မှာ ၇-၂နဲ့ အရှုံးပေးထားရတဲ့ စတုတ်သည်လိုရလဒ်ဆိုးမျိုးထပ်မကြုံရဖို့သာ အာရုံစိုက်ရမှာပါ။ ချန်ပီယံလိဂ်မှာလည်း ပွဲချောင်နေတဲ့အတွက် မန်စီးတီး အေးအေးလူလူပဲ ဂိုးပြတ်အနိုင်ယူပါလိမ့်မယ်။

4cus

www.free4reader.com



# ကမ္ဘောဒီးယားရဲ့အစားထိုးစားစရာ သို့မဟုတ် ရာသီဥတုဒဏ်ခံ ရေပေါ်စပါး



ပိုးသတ်ဆေးမပါဘဲ ရေပြင်ကြီးထဲမှာ ရှင်သန်တဲ့ရေနက်စပါးတွေဟာ မဲခေါင်မြစ်အောက်ပိုင်းဒေသမှာ ခေတ်အဆက်ဆက် ရှင်သန်လာခဲ့ပါတယ်။

**မတ် ၆** – သန်ဘွန်သွန်တစ်ယောက်အိမ်ကနေ လယ်ကွင်းထဲကို ထွက်လာချိန်မှာ ကောင်းကင်ကြီးက မှောင်မည်းနေဆဲ ရှိပါသေးတယ်။ ရွံ့သားလမ်းလေးပေါ် တရွေ့ရွေ့သွားနေတဲ့ ကျွဲလှည်းပေါ်ထိုင်စီးလာတဲ့သူ့ခန္ဓာကိုယ်ဟာ တလှုပ်လှုပ်နဲ့ ယိမ်းယိုင်နေပါတယ်။ အရုဏ်တက်ဖို့က အချိန်တော်တော် လိုပါသေးတယ်။ ဒါပေမဲ့ လယ်သမားတစ်ယောက်အဖို့ မနက် ၃း၀၀ နာရီလောက်ကတည်းက အလုပ်စလုပ်ရပါတယ်။

အသက်၅၁ နှစ်အရွယ်အမျိုးသားအတွက် ရှည်လျားတဲ့ နေ့တစ်နေ့က ဆီးကြိုနေပါတယ်။ ခြောက်ဟက်တာ ကျယ်တဲ့လယ်ကွင်းကို ပျိုးကြဲ၊ ထွန်ယက်ဖို့ သူ့အချိန်တစ်လလောက် ယူရပါတယ်။ သူ့မှာ လယ်ယာသုံးပစ္စည်းမရှိပါဘူး။ ကျွဲနှစ်ကောင်နဲ့ သစ်သားထယ်တစ်ခုပဲ ရှိပါတယ်။ ဒါပေမဲ့ နှစ်စဉ်ရေကြီးမြဲ ရာသီမရောက်ခင် သူ့လယ်ထဲရေတွေဝင်ပြီး စပါးတွေ မမြုပ်ခင် အလုပ်ပြီးဖို့အတွက် ဒါလောက်နဲ့ လုံလောက်ပါတယ်။

ကမ်ပွန်သောင်ပြည်နယ် နေ့ကျေးရွာနေ ဘွန်သွန်ဟာ ကမ္ဘောဒီးယားမှာ ရေပေါ်စပါးစိုက်ပျိုးနေဆဲ လယ်သမားလက်ကျန် အနည်းငယ်ထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ သည်နည်းစနစ်က သမားရိုးကျလယ်ယာစိုက်ပျိုးနည်းဖြစ်ပြီး ရာသီဥတုပြောင်းလဲချိန်မှာ နိုင်ငံ့စပါးစိုက်ပျိုးမှုအတွက် သဘာဝပတ်ဝန်းကျင်နဲ့ ကိုက်ညီတဲ့ နည်းတစ်ခုဖြစ်ပါတယ်။

'ရေပေါ်စပါးက ရေမြုပ်ရင် ကြီးထွားလာတယ်' ဘွန်သွန်က ဆိုပါတယ်။ သူ့ရဲ့ကြမ်းတမ်းပြီး နေလောင်ထားတဲ့ အသားဟာ ပြင်းထန်တဲ့ရာသီဥတုဒဏ်ကို နှစ်ပေါင်းများစွာခံထားရကြောင်း သက်သေပြနေပါတယ်။

'ရေဘယ်လောက်နက်နက် စပါးက ရှင်သန်နိုင်တယ်၊ ရေပေါ်ပေါ်နေနိုင်ပြီး ရိတ်သိမ်းချိန်အထိ သိပ်ဂရုစိုက်စရာမလိုဘူး'

ပိုးသတ်ဆေးမပါဘဲ ရေပြင်ကြီးထဲမှာ ရှင်သန်တဲ့ရေနက်စပါးတွေဟာ မဲခေါင်မြစ်အောက်ပိုင်းဒေသမှာ ခေတ်အဆက်ဆက် ရှင်သန်လာခဲ့ပါတယ်။ ကမ္ဘောဒီးယားမှာ သမားရိုးကျစိုက်ပျိုးရိတ်သိမ်းနည်းဟာ တုံလီဆပ်ရေအိုင်နဲ့ မြေနိမ့်ပြည်နယ်တွေဖြစ်တဲ့ ကမ်ပုံသွန်၊ ကမ်ပုံချနန်၊ စီယမ်ရိ၊ ပါဆက်နဲ့ ဘန်တီရေးမန်ချိုမှာ ဆက်လက်တည်ရှိနေပါတယ်။

ရေပေါ်စပါးရဲ့ထပ်တူမရှိတဲ့ စရိုက်လက္ခဏာတွေကြောင့် ၎င်းဟာ ရေထဲမှာ ကြီးထွားပြီး ရှင်သန်နိုင်စွမ်းရှိပါတယ်။ ရေတက်လာတာနဲ့ အမြစ်တွေကရှည်ပြီး အမြင့် တစ်မီတာကနေ ငါးမီတာလောက်အထိ မြင့်လာပါတယ်။ ဩဂုတ်ကနေ အောက်တိုဘာလအထိ သုံးလအတွင်း ရေတွေတက်နေချိန်မှာ စပါးပင်တွေဟာ ရေပေါ်ပေါ်နေပါတယ်။

ရေကျသွားတဲ့အခါ နုန်းတွေဟာ မြေသြဇာအဖြစ် ကျန်ခဲ့တာကြောင့် သူ့လိုလယ်သမားတွေအတွက် ဓာတုပစ္စည်းတွေ နည်းနည်းသာသုံးရတယ်လို့ ဘွန်သွန်က ဆိုပါတယ်။

'ကျွန်တော်တို့က ဓာတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေ သုံးစရာမလိုဘူး၊ မိုးရေနဲ့ ရေကြီးတာပဲ လိုတယ်၊ ဒီတော့ ကျွန်တော်တို့ဆန်က သြဂဲနစ်ဖြစ်ပြီး ကျန်းမာရေးနဲ့ညီတယ်'

သည်စပါးမျိုးရဲ့ ရေကြီးမှုဒဏ်ခံနိုင်ခြင်းနဲ့ ဓာတ်မြေသြဇာ သုံးစရာမလိုခြင်းတွေကြောင့် မဲခေါင်မြစ်အောက်ပိုင်း အထူးသဖြင့် ကမ္ဘောဒီးယားမှာ ရေပေါ်စပါးစိုက်ခြင်းကြောင့် အကျိုးကျေးဇူးအများကြီးရှိတယ်လို့ သုတေသီတွေက ယုံကြည်ကြပါတယ်။

USAID နဲ့ မဲခေါင်မြစ်ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပြောင်းလဲရေးအဖွဲ့ကလုပ်တဲ့ သုတေသနအရ ကမ္ဘောဒီးယားဟာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံရဆုံး အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ပါဝင်နေပါတယ်။

ဒါ့အပြင် ရာသီဥတုဒဏ်အခံရဆုံး သီးနှံတွေထဲမှာ နွေစပါးနဲ့ မြေနိမ့်ပိုင်းမှာစိုက်ပျိုးတဲ့စပါးတွေ ပါဝင်ပါတယ်။ မနှစ်က တစ်နှစ်တည်းမှာတင် စပါးဟက်တာ ၃၄၅၆ ဟက်တာကျော်ဟာ မိုးရေနဲ့မြစ်ရေလျှံမှုကြောင့် ပျက်စီးခဲ့ကြောင်း ကမ္ဘောဒီးယား သဘာဝဘေးကော်မတီက ဆိုပါတယ်။

နေ့ကျေးရွာမှာ မိုးရေတက်လာတာဟာ ရေနက်စပါးစိုက်တောင်သူတွေအတွက် သိပ်စိုးရိမ်စရာမဟုတ်ပါဘူး။ 'ရေပေါ်စပါးက ရေကြီးဒဏ်ကို ခံနိုင်တယ်၊ ရေတက်လေကောင်းလေပဲ၊ စိုက်ရတာသိပ်လွယ်လို့ ခုထက်အထိ ဒီစိုက်ပျိုးနည်းက သက်တမ်းရှည်နေတာပေါ့' လို့ ဘွန်သွန်က ဆိုပါတယ်။ 'တကယ်လို့ ရာသီဥတုကောင်းရင် တစ်နှစ်ကို စပါး သုံးတန်အထိရတယ်'

ဒါပေမဲ့ ရေနက်စပါးဟာ ကမ္ဘောဒီးယားရဲ့ ရေနက်ကွင်းပြင်ကျယ်တွေကနေ ပျောက်ကွယ်လာကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။ အဓိက ကျဆင်းလာတာက သမိုင်းမှာ အမည်းမှောင်ဆုံးအချိန်နဲ့ နိုင်ငံကြုံခဲ့ရတဲ့ ၁၉၇၅–၁၉၇၉ ခုနှစ် ဝန်းကျင်ပါပဲ။

ခမာနီတွေအုပ်ချုပ်တဲ့ လေးနှစ်တာကာလအတွင်း ကမ္ဘောဒီးယားမှာ လူနှစ်သန်းလောက် အသတ်ခံရတဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကြီးကို ရင်ဆိုင်ဖြတ်သန်းခဲ့ရပါတယ်။ ပိုပေါ့အစိုးရလက်ထက်မှာ လူသန်းပေါင်းများစွာဟာ ကျေးလက်မှာ လယ်ယာစိုက်ပျိုးဖို့ ခိုင်းစေခံရပြီး လူ့အဖွဲ့အစည်းကို တောင်သူဦးကြီးအဖွဲ့အစည်းအဖြစ် အစိုးရကပြောင်းလဲချင်လို့ဖြစ်ပါတယ်။

စပါးအထွက်တိုးဖို့အတွက် တစ်သီးစား ရေနက်စပါးတွေဟာ အသုံးမဝင်တော့ဘဲ အထွက်တိုးစပါးမျိုးတွေကို ပြောင်းလဲသုံးစွဲလာကြပါတယ်။ ရေနက်စပါးအစား နွေစပါးမျိုးကို ပြောင်းလဲစိုက်ကြပြီး လယ်သမားတွေအဖို့ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ်လောက် ရိတ်သိမ်းနိုင်ကြပါတယ်။

'နွေစပါးဈေးကွက်က ကမ္ဘောဒီးယားမှာ ကျယ်ပြန့်လာတယ်၊ နွေစပါးမျိုးက သုံးလလောက်ပဲ စိုက်ရလို့ လယ်သမားတွေက အဲဒီမျိုးကို ပြောင်းစိုက်ကြတယ်' လို့ ကမ်ပွန်သွန်မှာရှိတဲ့ ကမ်ပွန်ဆပေးကောင်စီအဖွဲ့ဝင် ချင်ချွန်းက ပြောပါတယ်။

'ဒီနည်းနဲ့ သူတို့ဝင်ငွေတိုးကြတယ်'

၁၉၇၅ မှာ ကမ္ဘောဒီးယားမှာ ရေနက်စပါး ၄၁၀,၀၀၀ ဟက်တာရှိကြောင်း ဩစတြေးလျား တက္ကသိုလ် ဖန်းနားသဘာဝပတ်ဝန်းကျင်နဲ့ အဖွဲ့အစည်းကျောင်းရဲ့ သုတေသနမှာ ဖော်ပြထားပါတယ်။ ၂၀၁၅ မှာတော့ အဲသည်စပါးဟက်တာဟာ ၈၈.၆ ရာခိုင်နှုန်းလျော့ကျသွားပြီး ၄၆,၇၅၉ ဟက်တာသာရှိပါတော့တယ်။

'အထွက်တိုးစပါးတွေက ပြည်တွင်းပြည်ပဈေးကွက်ရှိပေမဲ့ ရေနက်စပါးတွေက ဒီလိုမဟုတ်ဘူး' လို့ သုတေသနအတွင်း ဒေါက်တာ ဗန်ကီယန်ဒုယင်နဲ့ လက်ထောက်ပါမောက္ခ ဂျေမီပစ်တော့က ဆိုပါတယ်။

သည်ကောက်ပဲ သီးနှံတွေကို မြို့ပြဈေးကွက်က မကြိုက်ကြောင်း၊ သည်စပါးရဲ့ကျန်းမာရေးအကျိုးကျေးဇူးကို ယုံကြည်တဲ့ တောင်သူလယ်သမားတွေကသာ အဓိကစားသုံးကြကြောင်း သူတို့က ဆက်ပြောပါတယ်။

နေ့ကျေးရွာမှာ ရေနက်စပါးရောင်းအားက သိသိသာသာကျဆင်းနေပါတယ်။

'အရင်တုန်းက လူတိုင်းက ရေပေါ်စပါးစိုက်တယ်၊ အခုတော့ အထွက်တိုးတဲ့ နွေစပါးပဲ ပြောင်းစိုက်လာကြတယ်၊ အိတ်စပို့ ပို့ဖို့ စိုက်ကြတယ်' လို့ ဆန်ရောင်းတဲ့ သွန်သိုက ဆိုပါတယ်။

ဒါပေမဲ့ နှစ်တိုင်းရေမြုပ်တဲ့ လယ်တွေပိုင်ဆိုင်သူ ဘွန်သွန်လို လယ်သမားတွေအတွက်တော့ စိုက်ပျိုးရေးနည်းလမ်းပြောင်းဖို့ မလွယ်လောက်ပါဘူး။

'ကျွန်တော်တို့လယ်တွေရဲ့ သဘာဝကို ပြောင်းလဲလို့မှမရတာလေ' လို့ လယ်သမားက ဆိုပါတယ်။

**စုပြည့်စုံ**

[ref: CNA, Mar 6, 2018.]

# စစ်သင်္ဘောတစ်စုကို ကွပ်ကဲဖို့ ပထမဆုံး အမျိုးသမီးတစ်ဦး ဂျပန်ရေတပ် ခန့်အပ်



ကျွန်မရဲ့ စွမ်းအင်တွေကို အသုံးချသွားမှာပါ။ အစ်ဇူမာ(၄၄ နှစ်)

**မတ် ၆** – ဂျပန်ရေတပ်ဟာ အရေးပါတဲ့အစ်ဆူမိုရဟတ်ယာဉ်တင်သင်္ဘောအပါအဝင် စစ်သင်္ဘောတပ်စုတစ်စုကို ကွပ်ကဲဖို့ ပထမဆုံး အမျိုးသမီးတစ်ဦးကို အင်္ဂါနေ့က ခန့်အပ်ခဲ့ပါတယ်။ ဂျပန်မှာ တပ်သားအမျိုးသားဦးရေ နည်းပါးလာတာကို ကာမိဖို့အတွက် အမျိုးသမီးတွေကိုပိုမိုခန့်အပ်ဖို့ ကြိုးစားနေပါတယ်။

ရေကြောင်းရန်ခုခံကာကွယ်ရေးတပ်ဖွဲ့(MSDF)ရဲ့ ပထမဆုံး သက်စောင့်တပ်ခွဲအနေနဲ့ ပြုလုပ်ထားတဲ့ သင်္ဘောလေးစီးပါဝင်ပြီး အမျိုးသမီး ၃၀ သာပါဝင်တဲ့ စုစုပေါင်း အမှုထမ်း ၁၀၀၀ ပါတပ်စုတစ်စုကို ယိုကိုအစ်ဇူမာက ကွပ်ကဲ အုပ်ချုပ်ရမှာဖြစ်ပါတယ်။

'အမျိုးသမီးတစ်ဦးဖြစ်တည်မှုနဲ့ပတ်သက်ပြီး ကျွန်မက ဘာမှမတွေးထားပါဘူး၊ ကျွန်မက တပ်မှူးတစ်ဦးအနေနဲ့ တာဝန်တွေကို ပြည့်ပြည့်ဝဝ ထမ်းဆောင်ဖို့ ကျွန်မရဲ့ စွမ်းအင်တွေကို အသုံးချသွားမှာပါ' လို့ အစ်ဇူမာ(၄၄ နှစ်)က တိုကျိုအနီးက ရိုကိုခါမာရှိ သင်္ဘောကျင်းတစ်ခုမှာ ပြင်ဆင်ဖို့အတွက် ဆိုက်ကပ်ထားတဲ့ အစ်ဆူမိုပေါ်မှာ သင်္ဘောသား ၄၀၀ တက်ရောက်တဲ့ အုပ်ချုပ်သူပြောင်းလဲရေးအခမ်းအနားတစ်ခုမှာ ပြောခဲ့ပါတယ်။

၁၉၉၆ ခုနှစ် သူ MSDF ကို ဝင်ရောက်လာချိန်က အမျိုးသမီးတွေကို စစ်သင်္ဘောမှာ တာဝန်ထမ်းဆောင်ခြင်းကို တားမြစ်ထားပြီး သည်စည်းမျဉ်းကို ရေတပ်မှာ လွန်ခဲ့တဲ့ ၁၀ နှစ်က ဖျက်သိမ်းခဲ့ပါတယ်။ ရေငုပ်သင်္ဘောတွေမှာတော့ အခုချိန်အထိ အမျိုးသားတွေကိုသာ အမှုထမ်းစေပါတယ်။

တိုင်းပြည်ရဲ့ အလုပ်လုပ်နိုင်တဲ့လူဦးရေလျော့ကျလာပြီး မွေးဖွားနှုန်းကျဆင်းနေတဲ့အချိန်မှာ ဂျပန်စစ်တပ်ကလည်း စီးပွားရေးချဲ့ထွင်သလိုမျိုး ဝန်ထမ်းလိုအပ်ချက်ကို ဖြည့်ဆည်းဖို့အတွက် အမျိုးသမီးတွေဘက်ကို ဦးလှည့်လာပါတယ်။

၂၀၃၀ ပြည့်နှစ်မှာ MSDF မှာ လေတပ်၊ ရေတပ်နဲ့ ကြည်းတပ်တွေမှာ စုစုပေါင်း အမျိုးသမီးတာဝန်ထမ်းဆောင်သူ အရေအတွက်ဟာ လက်ရှိအချိန်မှာ လူဦးရေ ၁၄,၀၀၀ ဖြစ်တဲ့ ခြောက်ရာခိုင်နှုန်းကနေ ကိုးရာခိုင်နှုန်းအထိ တိုးတက်ဖို့စီစဉ်ထားပါတယ်။ အစ်ဇူမာအပြင် အခြားအကြီးတန်းအမျိုးသမီးအရာရှိတွေအနေနဲ့ MS-DF ထဲမှာ ဗိုလ်ကြီးလေးဦးနဲ့ အထွေထွေအမှုထမ်းရေတပ် ဗိုလ်ချုပ်တစ်ဦးတို့ ပါဝင်ပါတယ်။

**မေသက်**

[ref: Reuters, Mar 6, 2018.]